# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914
Myanma Alinn Daily

**ဆင်းရဲဒုက္ခတို့ မကျရောက်**

အမျက် 'ဒေါသ' ကိုစွန့်ရာ၏။ မာနကို ပယ်ရာ၏။ သံယောဇဉ်မှန်သမျှကို ကျော်လွန်ရာ၏။ နာမ်ရုပ်၌ မငြိတွယ် မကြောင့်ကြသူထံသို့ ဆင်းရဲဒုက္ခတို့သည် မကျရောက်ကုန်။

ကောဓဝဂ်(ဓမ္မပဒ-၂၂၁)

၁၃၈၄ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၀ ရက် | ၂၀၂၂ ခုနှစ်၊ အောက်တိုဘာ ၁၉ ရက်၊ ဗုဒ္ဓဟူးနေ့ | အတွဲ (၆၂)၊ အမှတ် (၁၁၉)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# တိုင်းပြည်၏ အားသည် ပြည်တွင်း၌သာရှိသည်ဖြစ်သဖြင့် ပြည်တွင်းကုန်ထုတ်လုပ်မှုကို အားပေးဆောင်ရွက်ပြီး လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းရမည်

**နေပြည်တော် အောက်တိုဘာ ၁၈**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် သည် ယနေ့နံနက်ပိုင်းတွင် မွန်ပြည်နယ်အတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး (MSME) လုပ်ငန်းရှင်များအား မော်လမြိုင်မြို့ရှိ ပြည်နယ်ခန်းမ၌ တွေ့ဆုံ၍ ဒေသတွင်းစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆွေးနွေးပြောကြားသည်။

အဆိုပါ တွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးဝင်းရှိန်၊ ဒေါက်တာ ကံဇော်၊ ဦးတင်ထွဋ်ဦး၊ ဦးလှမိုး၊ ဒေါက်တာ ချာလီသန်း၊ ဦးအောင်နိုင်ဦးနှင့် မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်လင်းထွန်း၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အရှေ့တောင်တိုင်း စစ်ဌာနချုပ်တိုင်းမှူးနှင့် တာဝန်ရှိသူများ၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ မွန်ပြည်နယ်ရှိ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး (MSME) လုပ်ငန်းရှင်များ တက်ရောက်ကြသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ❖



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မွန်ပြည်နယ်အတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး (MSME) လုပ်ငန်းရှင်များအား တွေ့ဆုံပွဲတွင် ခင်းကျင်းပြသထားသည့် ဒေသထုတ်ကုန်ပစ္စည်းများကို ကြည့်ရှုလေ့လာစဉ်။

## ယနေ့ *ဖတ် စ ရာ*

**အိန္ဒိယ နိုင်ငံတကာစစ်လက်နက်ပစ္စည်းပြပွဲတွင် ပြည်တွင်းထုတ်စစ်လက်နက်ပစ္စည်းများကို ဦးစားပေးပြသ** — နိုင်ငံတကာသတင်း | စာ - ၁၃

**တိုးမြင့်လာသော စိန်ခေါ်မှုများနှင့် ကုလသမဂ္ဂ ပြုပြင်ပြောင်းလဲရေး ...** — ဆောင်းပါး | စာ - ၁၆

**ပြတိုက်ပညာရပ် ဖြန့်ဖြူးပေးရာ ဘွဲ့လွန်ပြတိုက်ပညာ ဒီပလိုမာသင်တန်း** — ဆောင်းပါး | စာ - ၂၀

## အချပ်ပို (၈) မျက်နှာပါရှိ

ယနေ့ထုတ်မြန်မာ့အလင်းသတင်းစာတွင် (၂၃)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ပွဲနှင့် ဂုဏ်ပြုညစာစားပွဲ အခမ်းအနားနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနား ဓာတ်ပုံမြင်ကွင်း အချပ်ပို (၈) မျက်နှာ ပါရှိပါသည်။

## ရိုးရာယဉ်ကျေးမှု အနုသုခုမပညာရပ်များ မျိုးဆက်သစ်များသို့ စဉ်ဆက်မပြတ်လက်ဆင့်ကမ်း

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့မှ အနုပညာရှင် ၁၈၀၀ ကျော်တို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည့် (၂၃) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးမှာ အောင်မြင်စွာ ကျင်းပပြီးစီးခဲ့ပြီဖြစ်သည်။ နိုင်ငံတစ်ဝန်းမှ ရောက်ရှိလာကြသည့် ပြိုင်ပွဲဝင်အနုပညာရှင် တိုင်းရင်းသား တိုင်းရင်းသူ ညီအစ်ကိုမောင်နှမများ ဤပြိုင်ပွဲကြီးတွင် ဆုံစည်းခဲ့ကြပြီး ပြိုင်ပွဲကာလတစ်လျှောက် တစ်ဦး၏ အနုပညာကို တစ်ဦးက လေ့လာခွင့်ရရှိခြင်း၊ တွေ့ဆုံရင်းနှီးခွင့် ရရှိခဲ့ခြင်းတို့ကလည်း ပြိုင်ပွဲမှရရှိသည့် အကျိုးတစ်ရပ်ပင်ဖြစ်သည်။

“မျိုးဆက်သစ်များအနေဖြင့် ယခုပြိုင်ပွဲကြီးမှရရှိသည့် အောင်မြင်မှုများနှင့်အတူ အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ဆက်လက်ထိန်းသိမ်းစောင့်ရှောက်သွားကြရန်၊ အတူတကွ ပြိုင်ပွဲဝင်ခဲ့ကြသည့် တိုင်းဒေသကြီး၊ ပြည်နယ်များအနေဖြင့် တိုင်းရင်းသားအချင်းချင်း ချစ်ကြည်ရင်းနှီးမှုကို ပိုမိုခိုင်မြဲစေရေး ဆက်လက်ကြိုးစားတည်ဆောက်သွားကြရန်၊ မိမိတို့ယဉ်ကျေးမှု၊ မိမိတို့ဓလေ့ထုံးစံမှသည် မိမိတို့နိုင်ငံနှင့် မိမိတို့နိုင်ငံသားများအပေါ် မျိုးချစ်စိတ်ဓာတ်နှင့် ပြည်ထောင်စုစိတ်ဓာတ် ခိုင်မာရှင်သန်ရေးကို ဆက်လက်သယ်ဆောင်လက်ဆင့်ကမ်းသွားကြရန်၊ ဝါရင့်အနုပညာရှင်၊ သက်ကြီးအကဲဖြတ်ပညာရှင်များအနေဖြင့် မိမိတို့နှစ်ပေါင်းများစွာက လေ့လာသင်ယူခဲ့ရသည့် အနုသုခုမပညာရပ်များကို မျိုးဆက်သစ်သားငယ်သမီးငယ်များထံ စဉ်ဆက်မပြတ် လက်ဆင့်ကမ်း အမွေပေးဝေနိုင်ကြစေရေးတို့အတွက် မိမိတို့၏ တစ်ကိုယ်ရေကျန်းမာရေးမှအစ အထူးဂရုပြု စောင့်ရှောက်နေထိုင်ကြပါရန် အလေးအနက်ထား ပန်ကြားလိုပါကြောင်း” ဖြင့် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပွဲနှင့် ဂုဏ်ပြုညစာစားပွဲအခမ်းအနားသို့ တက်ရောက်ချီးမြှင့် အမှာစကားပြောကြားရာ၌ ထည့်သွင်းပြောကြားခဲ့ရာ မျိုးဆက်သစ်များနှင့် ဝါရင့်အနုပညာရှင်ကြီးများက အလေးအနက် ဆက်လက်ဆောင်ရွက်သွားကြမည်ဟု ယုံကြည်သည်။

ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး စရိုက်လက္ခဏာများကို ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ ပိုမိုမြင့်မားအောင် မြှင့်တင်ခြင်းတို့မှာ နိုင်ငံနှင့်လူမျိုးကို ယဉ်ကျေးမှုမျက်နှာစာမှ ကာကွယ်စောင့်ရှောက်ခြင်းပင်ဖြစ်ပြီး မျက်မှောက်ကာလနည်းပညာခေတ်တွင် မျိုးဆက်သစ်လူငယ်များ မပျက်မကွက် ကြိုးပမ်းထမ်းဆောင်ကြရမည့် အမျိုးသားရေးတာဝန်ပင်ဖြစ်ရာ အဆိုပါတာဝန်ကို ထမ်းဆောင်လျက်ရှိကြသည့် လူငယ်မျိုးဆက်များအား ထိုက်တန်စွာ ဂုဏ်ပြုအပ်သည်သာ ဖြစ်သည်။ အောင်မြင်စွာ ကျင်းပပြီးစီးခဲ့ပြီဖြစ်သည့် (၂၃)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးတွင် တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၄ ခုတို့မှ ပြိုင်ပွဲဝင် အမျိုးသားအမျိုးသမီး စုစုပေါင်း ၁၈၃၈ ဦး ဝင်ရောက်ယှဉ်ပြိုင်၍ အနုပညာအရည်အသွေးများကို ထုတ်ဖော်ပြသခဲ့ကြပြီး ရွှေ၊ ငွေ၊ ကြေး၊ နှစ်သိမ့်ဆု၊ အထူးဆုများ ဆွတ်ခူးနိုင်ခဲ့ကြသည်။

ဆယ်စုနှစ်ထက်ဝက်ကျော် ကြာမြင့်ပြီးနောက်မှ ပြန်လည်ကျင်းပခဲ့ရသည့် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးဆီသို့ ကိုဗစ်-၁၉ ကပ်ရောဂါ အကန့်အသတ်အပါအဝင် အခက်အခဲများ၊ စိန်ခေါ်မှုများကို ရင်ဆိုင်ကျော်လွှားကာ တက်လှမ်းယှဉ်ပြိုင်နိုင်ခဲ့ကြသည့် မြေပြန့်တောင်တန်းဒေသ အသီးသီးတို့မှ မျိုးဆက်သစ် အနုပညာရှင်များအနေဖြင့် အနာဂတ်ပြိုင်ပွဲများတွင်လည်း ဆက်လက်ယှဉ်ပြိုင် အောင်ပွဲဆင်နိုင်ကြပါစေကြောင်း။ ။



## အမှန်တကယ် စိုက်ပျိုးမွေးမြူလုပ်ကိုင်ပြီး နိုင်ငံ့စီးပွားမြှင့်တင်ရေးကို အထောက်အကူပြုနိုင်သည့် လုပ်ငန်းရှင်များအား ရန်ပုံငွေများ အမြန်ဆုံးထုတ်ချေးပေးနိုင်ရေး ဆောင်ရွက်




ဘားအံ အောက်တိုဘာ ၁၈

ကရင်ပြည်နယ်နိုင်ငံ့စီးပွား မြှင့်တင်ရေး ပြည်နယ်အဆင့် ကျေးရွာစီမံကိန်းကြီးကြပ်မှု ကော်မတီ၏ (၇/၂၀၂၂) ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းက ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ(၁)၌ ကျင်းပသည်။(ယာပုံ)

အစည်းအဝေးတွင် ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက အမှန်တကယ် စိုက်ပျိုးမွေးမြူလုပ်ကိုင်ပြီး နိုင်ငံ့စီးပွားမြှင့်တင်ရေးကို အထောက်အကူပြုနိုင်သည့် လုပ်ငန်းရှင်များအား နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေများကို အမြန်ဆုံး ထုတ်ချေးပေးနိုင်ရေး ဆောင်ရွက်ရန် လိုအပ်သကဲ့သို့ အတည်ပြုထားသည့် လုပ်ငန်းများနှင့်စပ်လျဉ်း၍ ကွင်းဆင်းစိစစ်ပြီး လုပ်ထုံး လုပ်နည်းများနှင့်အညီ ထုတ်ချေးပေးရန် လိုကြောင်း၊ အစည်းအဝေးသို့ တက်ရောက်လာသူများကလည်း နိုင်ငံ့စီးပွားမြှင့်တင်ရေးဆိုင်ရာ ကိစ္စရပ်များကို အကောင်အထည်ဖော်ရာ၌ လိုအပ်သည်များကို ဝိုင်းဝန်းအကြံပြု ဆွေးနွေးပေးကြစေလိုကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်နယ်စီးပွားရေးရာဝန်ကြီး ဦးစောခင်မောင်မြင့်က အချိန်ကာလတိုအတွင်း လျင်လျင်မြန်မြန်ဖြင့် အကျိုးအမြတ်ရရှိနိုင်မည့် စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေး ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်နယ်အဆင့် စီမံကိန်းကြီးကြပ်မှု ကော်မတီဝင်များက ငါးမွေးမြူရေး၊ ဆန်စက်၊ ဆီစက် စသည့်သမဝါယမအသင်းအဖွဲ့များ ဖွဲ့စည်း၍ ချေးငွေထုတ်ချေးပေးသွားမည့် အစီအစဉ်များ၊ နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေစီမံကိန်းကော်မတီ ဖွဲ့စည်းထားမှု၊ အရင်းမပျောက်မတည်ငွေဖြင့် ပေါင်းစည်းလယ်ယာ (ငါးကဏ္ဍ) ဆောင်ရွက်မည့်အခြေအနေ၊ ပိုင်ဆိုင်မှုနှင့် ချေးငွေယူမည့်ပမာဏ၊ ကျေးရွာမြစိမ်းရောင် စီမံကိန်း လုပ်ငန်းအဖွဲ့ ဖွဲ့စည်းပြီးစီးမှုနှင့် လုပ်ငန်းဆောင်ရွက်မှုကို ရှင်းလင်းတင်ပြကြပြီး အစည်းအဝေးသို့ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်လာသော ခရိုင်၊ မြို့နယ်အဆင့် ကျေးရွာစီမံကိန်းကြီးကြပ်မှု ကော်မတီများက သက်ဆိုင်ရာ မြို့နယ်၊ ကျေးရွာများအလိုက် တောင်သူများ၏ စိုက်ကေများနှင့် ချေးငွေထုတ်ချေးပေးနေမှုကို ရှင်းလင်းတင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ်က တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ပြီး နိဂုံးချုပ်အမှာစကား ပြောကြားသည်။

မွန်းလွဲပိုင်းတွင် ပြည်နယ်ဝန်ကြီးချုပ်သည် ကရင်ပြည်နယ် ဘားအံမြို့သေဋ္ဌမာရ်အောင်ဘုရားကြီး၌ (၃၂)ကြိမ်မြောက် အသံမစဲ အဘိဓမ္မာ (၇)ကျမ်း ရွတ်ဖတ်ပူဇော်ပွဲ အောင်မြင်ပြီးမြောက်သည့် အခမ်းအနားသို့ တက်ရောက်ပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် တက်ရောက်လာသော ဧည့်ပရိသတ်အပေါင်းတို့က နိုင်ငံတော်ဩဝါဒါစရိယ နောင်လုံဌာန်ပတိုင်ကျောင်းဆရာတော်မဟာ ဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တဝိဇ္ဇာနန္ဒထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြကာ သံဃာတော်အရှင်သူမြတ်များထံမှ မေတ္တာသုတ် ပရိတ်တရားတော်များ နာယူကြည်ညိုကြသည်။

ထို့နောက် ပြည်နယ် ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များက ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် နဝကမ္မအလှူတော်ငွေများ ဆက်ကပ်လှူဒါန်းကြပြီး ဂေါပကအဖွဲ့ဝင်တစ်ဦးက အဘိဓမ္မာ (၇)ကျမ်း ရွတ်ဖတ်ပူဇော်ပွဲ ဖြစ်မြောက်ရေး ဂေါပကအဖွဲ့၏ ဆောင်ရွက်ချက်များကို လျှောက်ထားတင်ပြကာ ပြည်နယ်ဝန်ကြီးချုပ်နှင့် ဧည့်ပရိသတ်အပေါင်းတို့သည် လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

## ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ The Republic of Buryatia, Ulan-Ude တွင် ကျင်းပမည့် ပထမအကြိမ်အပြည်ပြည်ဆိုင်ရာ အရှေ့ဖျားသိပ္ပံနှင့် အဏုမြူရောင်ခြည်နည်းပညာဖြင့် ရောဂါရှာဖွေကုသရေး လက်တွေ့လေ့ကျင့်ရေးဆိုင်ရာ ဆွေးနွေးပွဲသို့ မြန်မာနိုင်ငံမှ ကိုယ်စားလှယ်အဖွဲ့ တက်ရောက်မည်

နေပြည်တော် အောက်တိုဘာ ၁၈

ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ The Republic of Buryatia, Ulan-Ude တွင် ကျင်းပမည့် ပထမအကြိမ်အပြည်ပြည်ဆိုင်ရာ အရှေ့ဖျားသိပ္ပံနှင့် အဏုမြူရောင်ခြည်နည်းပညာဖြင့် ရောဂါရှာဖွေ ကုသရေး လက်တွေ့လေ့ကျင့်ရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်ရန် ကာကွယ်ရေးဝန်ကြီးဌာနနှင့် ကျန်းမာရေးဝန်ကြီးဌာနတို့မှ အထူးကုဆရာဝန်ကြီးငါးဦးတို့သည် ယနေ့ညနေ ၄ နာရီခွဲတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထိုင်းနိုင်ငံ ဘန်ကောက်မြို့မှတစ်ဆင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ ထွက်ခွာသွားကြောင်း သိရသည်။



အဆိုပါ ဆွေးနွေးပွဲသည် နိုင်ငံတော်ဝန်ကြီးချုပ်၏ ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ အလုပ်သဘောခရီးစဉ်အတွင်း တွေ့ဆုံဆွေးနွေးမှုအရ ဖိတ်ကြားလာခြင်းဖြစ်ပြီး မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံများမှ အထူးကုဆရာဝန်များတက်ရောက်၍ အဏုမြူရောင်ခြည်နည်းပညာဖြင့် ရောဂါရှာဖွေကုသရေး ပညာရပ်များကို ညှိနှိုင်း ဆွေးနွေးကြမည့်အပြင် နိုင်ငံတကာမှ ပညာရှင်များနှင့် အတွေ့အကြုံများ ဖလှယ်မည်ဖြစ်ပါသဖြင့် မိမိနိုင်ငံအတွင်း အဏုမြူရောင်ခြည် နည်းပညာဖြင့် ကင်ဆာရောဂါ ရှာဖွေကုသရေးဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းအတွက် အထောက်အကူများစွာရရှိနိုင်ပြီး နိုင်ငံတကာမှ အတွေ့အကြုံကောင်းများ ပြန်လည်မျှဝေပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မွန်ပြည်နယ်အတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး (MSME) လုပ်ငန်းရှင်များအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

❖ ရှေ့ဖုံးမှ

## ပြည်နယ်အတွင်း MSMEလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ပိုမိုဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်များအား တစ်ဦးချင်း တင်ပြဆွေးနွေး

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က မွန်ပြည်နယ်အတွင်း အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး (MSME) လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ ပြည်နယ်အတွင်းရှိ စက်မှုဇုန်များနှင့် စက်မှုဇုန်အတွင်းရှိစက်မှုလုပ်ငန်းများ၏ လုပ်ငန်းဆောင်ရွက်နေမှုများ၊ ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် မွန်ပြည်နယ် ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးဝင်းထိန်၊ ပြည်နယ် ဆန်စက်လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးခိုင်ဦး၊ ပြည်နယ် ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်းကိုယ်စား ဦးဟန်ထွန်းဇော်၊ ပြည်နယ်ငါးလုပ်ငန်းအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးမြင့်စိုး၊ မော်လမြိုင်ဇုန် ဟိုတယ်လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးချန်ထွန်းနှင့် တက်ရောက်လာကြသူများက ရော်ဘာလုပ်ငန်း ပိုမိုဖွံ့ဖြိုးတိုးတက်ရေးအတွက် ကူညီပံ့ပိုးပေးစေလိုမှု၊ ဆားလုပ်ငန်းဆောင်ရွက်ရာတွင် စက်မောင်းဆီသုံးစွဲမှုများ လျှော့ချနိုင်ရေးအတွက် နေရောင်ခြည်စွမ်းအင်သုံးလျှပ်စစ်ဖြင့် အစားထိုးသုံးစွဲနိုင်ရေး၊ ပြည်နယ်မှထွက်ရှိသည့် ဆားကိုပြည်ပသို့ တင်ပို့နိုင်ရေးနှင့် ပြည်တွင်း၌ အဆင့်မြင့်ဆားများထုတ်လုပ်နိုင်ရေး နိုင်ငံတော်မှ လိုအပ်သည်များ ကူညီပံ့ပိုးပေးစေလိုမှု၊ စိုက်ပျိုးရေးလုပ်ငန်းအတွက် လိုအပ်သည့် ရေလုံလောက်စွာ ရရှိရေး မြစ်ရေတင်စီမံကိန်းဆောင်ရွက်ပေးစေလိုမှု၊ ရော်ဘာထွက်ဒေသများနှင့် မွန်ပြည်နယ်မှထွက်ရှိသည့် ရော်ဘာထုတ်ကုန်များကို ပြည်ပနိုင်ငံများသို့ တင်ပို့နိုင်ရန်အတွက် အရည်အသွေးမြင့်ထုတ်ကုန်များအဖြစ် ထုတ်လုပ်နေမှု၊ ငါးမွေးမြူရေးလုပ်ငန်းများအတွက် အရင်းမပျောက် မတည်ချေးငွေများ လိုအပ်မှု၊ ဒေသတွင်း ခရီးသွားလုပ်ငန်းများ တိုးတက်ရေး ဆောင်ရွက်လျက်ရှိမှု၊ ဆောက်လုပ်ရေးသုံးပစ္စည်းများ ဈေးနှုန်းသက်သာစွာဖြင့် ရရှိရန်လိုအပ်မှု၊ မော်လမြိုင်စက်မှုဇုန်ရှိ လုပ်ငန်းရှင်များအတွက် အတိုးနှုန်းသက်သာသည့် ချေးငွေများရရှိလိုမှု၊ သံရည်ကျိုလုပ်ငန်းများအတွက် လိုအပ်သည့် ကုန်ကြမ်းများကို ဈေးနှုန်းသက်သာစွာဖြင့် ရရှိလိုမှု၊ ရက်ကန်းလုပ်ငန်းများအတွက် မတည်ချေးငွေများ လိုအပ်မှု၊ သတ္တုထုတ်လုပ်မှု လုပ်ငန်းများအတွက် ကုန်ကြမ်းသတ္တုများ လိုအပ်မှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

**“ပြည်တွင်းလိုအပ်သည့် ကုန်ပစ္စည်းများ ထိုက်သင့်သည့် ဈေးနှုန်းများဖြင့် ဝယ်ယူရရှိနိုင်ရန် လို၊ ပြည်ပအစားထိုးသွင်းကုန်များကို မိမိနိုင်ငံအတွင်း၌ အရည်အသွေးမီ ထုတ်လုပ်ခြင်းနှင့် ပြည်ပသို့တင်ပို့ခြင်းများကို ဆောင်ရွက်နိုင်မည်ဆိုပါက ပြည်တွင်းပြည်ပ စီးပွားရေးလုပ်ငန်းများ ကောင်းမွန်လာမည်”**

## သက်ဆိုင်ရာကဏ္ဍအလိုက် ပြန်လည်ရှင်းလင်းဆွေးနွေး

ဆက်လက်ပြီး လုပ်ငန်းရှင်များ၏ တစ်ဦးချင်းရှင်းလင်းတင်ပြမှုများနှင့် ပတ်သက်၍ ပြည်ထောင်စုဝန်ကြီးများက ဝန်ကြီးဌာနအလိုက် ပြန်လည်ရှင်းလင်းဆွေးနွေးကြပြီး ဝန်ကြီးဌာနအလိုက် လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိမှု၊ မွန်ပြည်နယ်အနေဖြင့် စက်မှုလက်မှုလုပ်ငန်းများနှင့် ဝန်ဆောင်မှုလုပ်ငန်းတို့တွင် အောင်မြင်စွာ လုပ်ဆောင်နိုင်မည့် အခြေအနေများစွာရှိသည့်အတွက် ယခုထက် ဒေသတွင်း စီးပွားရေးပိုမိုဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်စေလိုမှုနှင့် လိုအပ်သည်များကို သက်ဆိုင်ရာဝန်ကြီးဌာနများအကူအညီရယူဆောင်ရွက်နိုင်မှု၊ စီးပွားရေးလုပ်ငန်းများအတွက် နိုင်ငံတော်မှချေးငွေများကို ကာလအပိုင်းအခြားအလိုက် အတိုးနှုန်းသက်သာစွာဖြင့် ဆောင်ရွက်ပေးလျက်ရှိပြီး တင်ပြချက်များတွင်ပါဝင်သည့် ချေးငွေရယူလိုမှုအပေါ် သတ်မှတ်ချက်နှင့်အညီ ခွင့်ပြုပေးနိုင်ရေး ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသွားမည်ဖြစ်သည့် အခြေအနေများ၊ ချေးငွေများပြန်လည်ရရှိမှသာလျှင် နိုင်ငံတော်၏ လည်ပတ်သုံးစွဲငွေများ ပြန်လည်ရရှိမည်ဖြစ်ပြီး စီးပွားရေးကဏ္ဍသည်လည်း ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သဖြင့် လုပ်ငန်းရှင်များအနေဖြင့် မိမိတို့ရယူထားသည့် ချေးငွေများကို သတ်မှတ်ကာလအတွင်း အချိန်မီပြန်လည်ပေးဆပ်ရန် လိုအပ်မှု၊ ကျေးလက်နေပြည်သူများ ဝင်ငွေတိုးပွားရေးနှင့် ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် သမဝါယမအစုအဖွဲ့များဖွဲ့စည်း၍ လိုအပ်သည်များ ကူညီပံ့ပိုးပေးလျက်ရှိမှု၊ စိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်စွာ ဆောင်ရွက်နိုင်ရေးအတွက် သမဝါယမအသင်းအဖွဲ့များ ဖွဲ့စည်း၍ Contract Farming စနစ်ဖြင့် ချိတ်ဆက်ဆောင်ရွက်ပေးကာ စိုက်ပျိုးရေးတောင်သူများ၏ လိုအပ်ချက်များအား ဖြည့်ဆည်းပေးနိုင်ရေး ဆောင်ရွက်လျက်ရှိမှု၊ စက်မှုနည်းပညာများနှင့် ပတ်သက်၍ နည်းပညာလိုအပ်ချက်များ ရရှိစေရေး ဆောင်ရွက်ပေးလျက်ရှိမှု၊ ပို့ကုန်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်လျက်ရှိမှု စသည်တို့နှင့်ပတ်သက်၍ ပြန်လည်ဆွေးနွေးပြောကြားကြသည်။

## စီးပွားရေးမောင်းနှင်အား ကောင်းမွန်ပါက နိုင်ငံရေးနှင့် ကာကွယ်ရေးစွမ်းအားများသည်လည်း ကောင်းမွန်လာမည်

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် နိုင်ငံတစ်ခုသည် စီးပွားရေးမောင်းနှင်အား၊ နိုင်ငံရေးအားနှင့် ကာကွယ်ရေးစွမ်းအားကောင်းရန်လိုကြောင်း၊ စီးပွားရေးမောင်းနှင်အား ကောင်းမွန်ပါက နိုင်ငံရေးနှင့် ကာကွယ်ရေးစွမ်းအားများသည်လည်း ကောင်းမွန်လာမည်ဖြစ်ပြီး အင်အားကောင်းသည့် နိုင်ငံတစ်ခုဖြစ်လာမည်ဖြစ်ကြောင်း၊ ကမ္ဘာပေါ်တွင် ပါတီစုံဒီမိုကရေစီစနစ်ကျင့်သုံးပြီး စီးပွားရေးအားကောင်းသည့် နိုင်ငံများရှိသကဲ့သို့ အခြားနိုင်ငံရေးစနစ်များကို ကျင့်သုံး၍ စီးပွားရေးအားကောင်းလျက်ရှိသည့် နိုင်ငံများလည်း ရှိကြောင်း၊ နိုင်ငံအတွင်းရှိ သယံဇာတပစ္စည်းများနှင့် အရန်ငွေများရှိခြင်းကြောင့် ကာကွယ်ရေးစွမ်းပကားများကို မြှင့်တင်ဆောင်ရွက်ကြသည်များလည်း ရှိကြောင်း၊ စီးပွားရေးအားကောင်းသည့် နိုင်ငံများတွင်ပင် နိုင်ငံရေးပြဿနာများကြောင့် ဆူပူမှုများ ဖြစ်ပေါ်နိုင်ပြီး အစိုးရအပေါ်တွင် မကျေနပ်မှုများ ဖြစ်ပေါ်ကြကြောင်း၊ ပြည်သူများတွင် လိုအပ်ချက်များ ဖြစ်ပေါ်လာသည့်အချိန်တွင် တိုင်းပြည်ဆူပူမှုများဖြစ်ပေါ်တတ်ကြောင်း၊ မိမိတို့နိုင်ငံတွင်လည်း ယခင်က စီးပွားရေး ကျဆင်းမှုများကြောင့် ဆန်၊ စပါး အရေးအခင်းများဖြစ်ပေါ်၍ ဆူပူမှုများဖြစ်ပေါ်ခဲ့ကြောင်း၊ ၁၉၈၈ ခုနှစ်တွင်လည်း စီးပွားရေးကျဆင်းမှုနှင့် နိုင်ငံရေးဆိုင်ရာ သဘောထားကွဲလွဲမှုများကြောင့် ဆူပူမှုများဖြစ်ပေါ်ခဲ့ကြောင်း၊ ထို့ကြောင့် နိုင်ငံရေးအရ တည်ငြိမ်ရန်အတွက် စီးပွားရေးကောင်းမွန်ရန် အရေးကြီးကြောင်း။

## စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ပြည်တွင်းကုန်ထုတ်လုပ်မှုများကို ဦးစားပေးဆောင်ရွက်

မိမိတို့နိုင်ငံသည် အခြေခံကောင်းများရှိပြီးဖြစ်သဖြင့် စီးပွားရေးအရ ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်နိုင်ကြောင်း၊ တိုင်းပြည်၏အားသည် ပြည်တွင်းမှာသာရှိသည်ဖြစ်သည့်အတွက် စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ပြည်တွင်းကုန်ထုတ်လုပ်မှုများကို ဦးစားပေးဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ မိမိအနေဖြင့် ပြည်တွင်းစီးပွားရေးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်နေခြင်းဖြစ်ပြီး မိမိတို့နိုင်ငံသည် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အများဆုံးဆောင်ရွက်ကြသည်ဖြစ်သဖြင့် ယင်းကိုအခြေခံ၍ စီးပွားရေးကိုဆောင်ရွက်ပါက မလွဲမသွေအောင်မြင်မည်ဖြစ်သည်ဟု ယုံကြည်ကြောင်း၊ ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုကြောင့် ကုန်ဈေးနှုန်းများ မြင့်တက်ခဲ့သော်လည်း မိမိတို့နိုင်ငံသည် စိုက်ပျိုးမွေးမြူရေးနိုင်ငံဖြစ်သဖြင့် စားသောက်ကုန်များ ပြတ်လပ်မှုမရှိခဲ့ကြောင်း။

စက်မှုဖွံ့ဖြိုးပြီးနိုင်ငံများ၌ပင် MSME လုပ်ငန်းများသည် စက်မှုကဏ္ဍ၏ ဝင်ငွေတွင် ၉၀ ရာခိုင်နှုန်းခန့်ရှိကြောင်း၊ ပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းတွင်လည်း MSME လုပ်ငန်းများသည် အရေးအပါဆုံးအခန်းကဏ္ဍတွင် ပါဝင်သဖြင့် အားပေးဆောင်ရွက်ခြင်းသည် နိုင်ငံအတွက် များစွာ အကျိုးဖြစ်ထွန်းစေကြောင်း၊ ပြည်တွင်း၌ လိုအပ်သည်များကို ပြည်တွင်း၌ ထုတ်လုပ်နိုင်ခြင်းဖြင့် ပစ္စည်းဈေးနှုန်းကြီးမြင့်မှုများကို ဖြေရှင်းနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး (MSME) လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အားပေးဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ MSME လုပ်ငန်းတွင် ကုန်ထုတ်လုပ်မှု၊ ရောင်းဝယ်မှု၊ ဝန်ဆောင်မှုနှင့် အခြားလုပ်ငန်းဟူ၍ လေးမျိုးရှိပြီး မိမိတို့အနေဖြင့် ကုန်ထုတ်လုပ်မှုကို အဓိက အားပေးကြောင်း၊ ဝယ်လိုအားနှင့် ရောင်းလိုအား မမျှတမှု၊ ပစ္စည်းရှားပါးမှုများကြောင့် ကုန်ဈေးနှုန်းကြီးမြင့်မှုများကို ဖြစ်စေနိုင်ကြောင်း၊ ပြည်တွင်းကုန်ထုတ်လုပ်မှုကို လုံလောက်စွာဆောင်ရွက်နိုင်မည်ဆိုပါက ဝယ်လိုအားနှင့် ရောင်းလိုအား မျှတလာမည်ဖြစ်သဖြင့် ကုန်ဈေးနှုန်းကြီးမြင့်မှုကို လျော့ကျလာစေမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ပြည်တွင်းလိုအပ်သည့် ကုန်ပစ္စည်းများ ထိုက်သင့်သည့် ဈေးနှုန်းများဖြင့် ဝယ်ယူရရှိနိုင်ရန် လိုကြောင်း၊ ပြည်ပအစားထိုးသွင်းကုန်များကို မိမိနိုင်ငံအတွင်း၌ အရည်အသွေးမီ ထုတ်လုပ်ခြင်းနှင့် ပြည်ပသို့ တင်ပို့ခြင်းများကို ဆောင်ရွက်နိုင်မည်ဆိုပါက ပြည်တွင်းပြည်ပ စီးပွားရေးလုပ်ငန်းများ ကောင်းမွန်လာမည်ဖြစ်ကြောင်း။

## စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များ၊ သယံဇာတကုန်ကြမ်းများကို အကျိုးရှိရှိ အသုံးချနိုင်ရမည်

ကုန်ထုတ်လုပ်မှုများ ဆောင်ရွက်ရာတွင် ပြည်နယ်အတွင်းနှင့် ပြည်တွင်းမှ ထွက်ရှိသည့်

*စာမျက်နှာ ၄ သို့*

*စာမျက်နှာ ၃ မှ*

ကုန်ကြမ်းများကို အဓိကအသုံးပြုနိုင်ရန်လိုကြောင်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများမှ ထွက်ရှိလာသည့် ကုန်ကြမ်းများ၊ မြေပေါ်မြေအောက် သယံဇာတပစ္စည်းကုန်ကြမ်းများကို အသုံးပြုနိုင်မည်ဆိုပါက များစွာ အကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း၊ မွန်ပြည်နယ်အတွင်း စပါးစိုက်ပျိုးခြင်း၊ ဥယျာဉ်ခြံမြေများ စိုက်ပျိုးခြင်းနှင့် အခြားဆီထွက်သီးနှံနှင့် ရော်ဘာ စသည့် စက်မှုထွက်ကုန်များရှိကြောင်း၊ စိုက်ပျိုးရေးထွက်ကုန်များကို အခြေခံသည့် ထုတ်ကုန်များကို များစွာထုတ်လုပ်နိုင်ရန်လိုကြောင်း၊ မိမိတို့နိုင်ငံတွင် အရည်အသွေးနှင့် အထွက်နှုန်း ကောင်းမွန်သည့် စပါးမျိုးများ စိုက်ပျိုးနိုင်ရန်လိုကြောင်း၊ မိမိတို့နိုင်ငံအနှံ့အပြားတွင် စပါးမျိုးကွဲများ များစွာစိုက်ပျိုးကြပြီး မျိုးမှန်မျိုးသန့်ရန်နှင့် မျိုးကွဲနည်းအောင် စိုက်ပျိုးကြရန်လိုကြောင်း၊ မွန်ပြည်နယ်အတွင်း စပါးအထွက်နှုန်းမှာ ပန်းတိုင်ရည်မှန်းချက်ထက် နည်းပါးသဖြင့် တစ်ဧကအထွက်နှုန်း တိုးတက်အောင် ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း၊ အထွက်နှုန်းများ တိုးတက်ကောင်းမွန်လာမည်ဆိုပါက ဒေသစားသုံးမှု ဖူလုံသည့်အပြင် အခြားဒေသများနှင့် ပြည်ပသို့ တင်ပို့နိုင်မည်ဖြစ်ကြောင်း။




**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မွန်ပြည်နယ်အတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး (MSME) လုပ်ငန်းရှင်များအား တွေ့ဆုံပွဲတွင် ခင်းကျင်းပြသထားသည့် ဒေသထုတ်ကုန်ပစ္စည်းများကို ကြည့်ရှုလေ့လာစဉ်။**

မော်လမြိုင်ဒေသတွင်း စိုက်ပျိုးရေးထုတ်ကုန်များကို အခြေခံသည့် ကုန်ထုတ်လုပ်မှုများကို ယခုထက်ပိုမိုတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း၊ ရော်ဘာစိုက်ပျိုးမှုများတွင်လည်း ရော်ဘာအထွက်နှုန်းများ ယခုထက်တိုးတက်အောင် ဆောင်ရွက်ကြရန်လိုကြောင်း၊ မွန်ပြည်နယ်အတွင်း ကျွဲနှင့်နွား မွေးမြူမှုများလည်းရှိသဖြင့် အဆိုပါလုပ်ငန်းများမှတစ်ဆင့် သားရေထုတ်လုပ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်၍ရကြောင်း၊ ယင်းမှ ဖိနပ်ထုတ်လုပ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်၍ တစ်နိုင်ငံလုံး ဈေးကွက်ကို ဖြန့်ဖြူးနိုင်သည့်အထိ ရည်မှန်းလုပ်ဆောင်ရန်လိုကြောင်း၊ ရော်ဘာလုပ်ငန်းများမှ ပြည်တွင်းလိုအပ်ချက်ရှိသည့် မော်တော်ကားနှင့် မော်တော်ဆိုင်ကယ်များအတွက် တာယာများ ထုတ်လုပ်နိုင်မည်ဆိုပါက အကျိုးဖြစ်ထွန်းစေနိုင်မည်ဖြစ်ကြောင်း၊ နိုင်ငံတော်မှလည်း လိုအပ်သည့် ပံ့ပိုးကူညီမှုများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း။

မော်လမြိုင်တွင် ယခင်က ပင်လယ်ဆိပ်ကမ်းရှိခဲ့သော်လည်း အကြောင်းအမျိုးမျိုးကြောင့် ယခုအသုံးပြုမှုမရှိကြောင်း၊ မော်လမြိုင်ဒေသတွင် ပင်လယ်ဆိပ်ကမ်းတစ်ခု တည်ဆောက်နိုင်ရေးအတွက် မိမိတို့အနေဖြင့် စီမံဆောင်ရွက်လျက်ရှိကြောင်း၊ အလားတူ မော်လမြိုင်ဒေသတွင် အပြည်ပြည်ဆိုင်ရာ လေဆိပ်တည်ဆောက်နိုင်ရေးအတွက် စီမံဆောင်ရွက်လျက်ရှိကြောင်း၊ နောင်တစ်ချိန်တွင် မော်လမြိုင်ဒေသသို့ ခရီးသွားများ ဝင်ရောက်မှု ပိုမိုအားကောင်းလာစေရန်နှင့် လေကြောင်းမှကုန်စည်စီးဆင်းမှုများကို မြှင့်တင်ဆောင်ရွက်နိုင်ရန် ရည်ရွယ်ဆောင်ရွက်နေခြင်းဖြစ်ကြောင်း။

မွန်ပြည်နယ်သည် သစ်၊ ဝါးပေါများသည့် ဒေသဖြစ်ကြောင်း၊ မိမိတို့နိုင်ငံတွင် စက္ကူများလိုအပ်ချက်ရှိသဖြင့် ပြည်ပမှ တင်သွင်းနေရကြောင်း၊ သစ်နှင့်ဝါးများကို စိုက်ပျိုး၍ ပျော့ဖတ်စက္ကူ ထုတ်လုပ်ခြင်းနှင့် ဝါးကိုအခြေခံသည့် ကုန်ထုတ်လုပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်၍ရကြောင်း၊ မြေလွတ်မြေရိုင်းများပေါ်တွင် သစ်နှင့် ဝါးစိုက်ပျိုးခြင်းများကို အမှန်တကယ်ဆောင်ရွက်မည်ဆိုပါက နိုင်ငံတော်အနေဖြင့် သတ်မှတ်ချက်များနှင့်အညီ ခွင့်ပြုပေးမည်ဖြစ်ကြောင်း၊ အလားတူ လယ်ယာစိုက်ပျိုးမြေများကိုလည်း ထိန်းသိမ်းဆောင်ရွက်ရန်လိုကြောင်း၊ ဥယျာဉ်ခြံမြေများကိုလည်း မိရိုးဖလာ စိုက်ပျိုးခြင်းထက် ခေတ်မီသည့်နည်းပညာများကို အသုံးပြု၍ အသီးအနှံများ အထွက်နှုန်း တိုးတက်ကောင်းမွန်သည့်မျိုးများကို စိုက်ပျိုးထုတ်လုပ်နိုင်ရန် လိုကြောင်း၊ ထုတ်လုပ်မှုများ ဆောင်ရွက်ရာတွင်လည်း အရည်အသွေးကောင်းမွန်ရန်နှင့် ထုပ်ပိုးမှုစနစ်များ ကောင်းမွန်အောင် ဆောင်ရွက်နိုင်မည်ဆိုပါက လူများစိတ်ဝင်စားမှုရှိလာပြီး ထုတ်ကုန်များ ဈေးနှုန်းရရှိ၍ ရောင်းအားများလည်း တိုးတက်လာမည် ဖြစ်ကြောင်း၊ ဥယျာဉ်ခြံမြေသီးနှံများမှ ကုန်ထုတ်လုပ်ငန်းများကို ဆောင်ရွက်နိုင်ကြောင်း။

## လောင်စာဆီသုံးစွဲမှု လျှော့ချရေးနှင့် လျှပ်စစ်ဓာတ်အား ဖူလုံစွာရရှိရေး

ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် ကုန်ကြမ်း၊ လောင်စာဆီ၊ လျှပ်စစ်စွမ်းအားတို့ကို လိုအပ်ကြောင်း၊ မိမိတို့နိုင်ငံတွင် လျှပ်စစ်စီမံကိန်းများ များစွာ စီမံဆောင်ရွက်ခဲ့သော်လည်း အကြောင်းအမျိုးမျိုးကြောင့် ရပ်တန့်ခဲ့ရကြောင်း၊ ထို့ကြောင့် ပြည်တွင်းလျှပ်စစ်ဓာတ်အား လိုအပ်ချက်များရှိသလို တစ်ဖက်မှ လောင်စာဆီနှင့် ဂတ်စ်များ ဈေးနှုန်းမြင့်တက်ခဲ့ကြောင်း၊ လက်ရှိအချိန်တွင် နေရောင်ခြည်စွမ်းအင်သုံးလျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း၊ မွန်ပြည်နယ်တွင်လည်း နေရောင်ခြည်စွမ်းအင်သုံးလျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်းလုပ်ငန်းများကို ကာလတစ်ခု ဆောင်ရွက်၍ရကြောင်း၊ စက်ရုံအလုပ်ရုံများအနေဖြင့် နေရောင်ခြည်စွမ်းအင်သုံးလျှပ်စစ်ဓာတ်အားများကို အသုံးပြုဆောင်ရွက်မည်ဆိုပါက ကုန်ကျစရိတ်ကို သက်သာစေမည်ဖြစ်ကြောင်း၊ ထို့ကြောင့် နေရောင်ခြည်စွမ်းအင်သုံးလျှပ်စစ်ဓာတ်အားများထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း၊ အချို့နိုင်ငံများတွင် စက်သုံးဆီများ ချွေတာရေးအတွက် Electric vehicle လျှပ်စစ်စွမ်းအင်သုံးယာဉ်များကို အသုံးပြု၍ အများပြည်သူသယ်ယူပို့ဆောင်ရေးများကို အသုံးပြုလျက်ရှိကြောင်း၊ မိမိတို့အနေဖြင့် နိုင်ငံအတွင်း လျှပ်စစ်ဓာတ်အားအသုံးပြုသည့် သယ်ယူပို့ဆောင်ရေးစနစ်ကို အသုံးပြုနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ နေ့စဉ်အသုံးပြုလျက်ရှိသည့် မော်တော်ယာဉ်များနှင့် မော်တော်ဆိုင်ကယ်များအတွက် လိုအပ်သည့်

*စာမျက်နှာ ၅ သို့*





**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ခင်းကျင်းပြသထားသည့် ဒေသထုတ်ကုန်ပစ္စည်းများကို ကြည့်ရှုလေ့လာစဉ်။**

*စာမျက်နှာ ၄ မှ*

လောင်စာဆီများကို ပြည်ပမှ တင်သွင်းနေရသဖြင့် နိုင်ငံခြားငွေ သုံးစွဲကုန်ကျမှုများရှိကြောင်း၊ ထို့ကြောင့် လောင်စာဆီကို ချွေတာနိုင်သည့် လျှပ်စစ်ခလုတ်အား အသုံးပြုသည့် သယ်ယူပို့ဆောင်ရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ရည်မှန်းချက်ထား ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ ဆောင်ရွက်နိုင်မည်ဆိုပါက လောင်စာဆီများအတွက် ကုန်ကျစရိတ်များ များစွာလျော့နည်းသွားမည်ဆိုပါက နိုင်ငံတော်အတွက် များစွာအကျိုးဖြစ်ထွန်းစေမည် ဖြစ်ကြောင်း။

## ပြည်တွင်းကုန်ထုတ်လုပ်မှုကို အားပေးဆောင်ရွက်

ယခင်က ပြည်တွင်းကုန်ထုတ်လုပ်မှုများကို အားပေးမှုမရှိခဲ့ဘဲ ပြည်ပမှသာ တင်သွင်းသုံးစွဲခဲ့မှုများကြောင့် ပြည်တွင်း၌ လိုအပ်ချက်များ ဖြစ်ပေါ်ခဲ့ကြောင်း၊ ပြည်တွင်း၌ ထုတ်လုပ်၍ရသည့် အခြေခံသုံးကုန်၊ စားကုန် ပစ္စည်းများကို ပြည်ပမှ တင်သွင်းမှုများ လျှော့ချနိုင်ရန်အတွက် မိမိတို့အနေဖြင့် ဆောင်ရွက်လျက်ရှိပြီး ထိုသို့ ဆောင်ရွက်ခြင်းမှာ ပြည်ပမှ တင်သွင်းမှုများကြောင့် နိုင်ငံခြားလိုငွေများ များစွာ ဖြစ်ပေါ်လျက်ရှိခြင်းကြောင့်ဖြစ်ကြောင်း၊ အလားတူ ပြည်တွင်း ကုန်ထုတ်လုပ်မှုလုပ်ငန်းများ တိုးတက်အောင်ဆောင်ရွက်၍ စားကုန်၊ သောက်ကုန်နှင့် သုံးကုန်များအတွက် လုံလောက်စွာထုတ်လုပ်နိုင်ရန် အားပေးဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်ပမှ သွင်းကုန်များ ထိန်းချုပ်ပေးမှုကြောင့် ပြည်တွင်း စက်မှုလုပ်ငန်းများ အားကောင်းလာပြီး အလုပ်အကိုင်များလည်း ပေါများလာကြောင်း၊ ယခင်က ဘိလပ်မြေများ ထုတ်လုပ်ရာတွင် ကုန်ထုတ်လုပ်မှုစရိတ်များ ကြီးမြင့်ခြင်းများဖြစ်ပေါ်ခြင်း၊ ကုန်ကြမ်းများမရရှိခြင်း၊ လောင်စာနှင့်စွမ်းအင်များ လုံလောက်စွာမရရှိခြင်း၊ နည်းပညာလိုအပ်ချက်များရှိခြင်းကြောင့် အခက်အခဲများ ဖြစ်ပေါ်ခဲ့သော်လည်း ယခုအခါလုပ်ငန်းများ ပြန်လည် လည်ပတ်နိုင်ရေး မိမိတို့အနေဖြင့် ဆောင်ရွက်ခဲ့ကြောင်း၊ မိမိတို့နိုင်ငံတွင် ၂၀၁၈/၂၀၁၉ ခုနှစ် ခန့်မှစ၍ နိုင်ငံ၏စီးပွားရေး ကျဆင်းခဲ့သော်လည်း ယခုအခါ မိမိတို့နိုင်ငံ၏ စီးပွားရေးမှာ ပြန်လည်တည်ငြိမ်ကောင်းမွန်လာပြီ ဖြစ်ကြောင်း။

## လူသားအရင်းအမြစ်ကောင်းများ မွေးထုတ်၍ ဒေသနှင့် တိုင်းပြည်အတွက် အကျိုးပြုနိုင်ရမည်

လုပ်ငန်းများဆောင်ရွက်ရန်အတွက် အရည်အချင်းပြည့်ဝသည့် လူသားအရင်းအမြစ်များလည်း လိုအပ်ကြောင်း၊ ပညာရည်မြင့်မားရေးအတွက် မိမိတို့အနေဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ မွန်ပြည်နယ်သည် ပညာရေးအားပေးသည့် ပြည်နယ်တစ်ခုဖြစ်ပြီး တက္ကသိုလ်ဝင်တန်းအောင်မြင်မှုတွင် ပထမ ရခဲ့ကြောင်း၊ ယင်းအတွက် ချီးကျူးပါကြောင်း၊ KG + 9 အောင်မြင်ပြီးချိန်တွင် တက်ရောက်နိုင်ရေး စက်မှုလက်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေး အထက်တန်းကျောင်းများကို ခရိုင်များ၌ ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ကြောင်း၊ အဆိုပါ အထက်တန်းကျောင်းများမှ အောင်မြင်ပါက သိပ္ပံကျောင်းများ၊ တက္ကသိုလ်များသို့ ဆက်လက်တက်ရောက်နိုင်မည်ဖြစ်ကြောင်း၊ ထိုမှတစ်ဆင့် သက်ဆိုင်ရာ နယ်ပယ်အလိုက် နည်းပညာကျွမ်းကျင်သည့် လူသားအရင်းအမြစ်ကောင်းများ ပေါများစွာထွက်ပေါ်လာမည်ဖြစ်ကြောင်း၊ နိုင်ငံတော်အနေဖြင့် ပညာရေးကို အားပေးဆောင်ရွက်လျက်ရှိသကဲ့သို့ မိဘများအနေဖြင့်လည်း မိမိတို့ သားသမီးများ၏ ပညာရေးကို အားပေးရန်လိုကြောင်း။

နိုင်ငံတော်မှ ပညာသင်ကြားပေးလိုက်သူများအနေဖြင့်လည်း နိုင်ငံတော်အပေါ် ပြန်လည်အကျိုးပြုရန်လိုကြောင်း၊ တိုင်းပြည်နှင့် ပြည်သူအတွက် တာဝန်ထမ်းဆောင်ကြရန်လိုကြောင်း၊ ထို့ကြောင့် ပညာရေးနှင့်ပတ်သက်၍ မိမိတို့အနေဖြင့် အားပေးဆောင်ရွက်လျက်ရှိပြီး စာသင်ကျောင်းများအားလုံး ဖွင့်လှစ်ပေးထားကြောင်း၊ လုပ်ငန်းရှင်များအနေဖြင့်လည်း လူသားအရင်းအမြစ်များတိုးပွားလာစေရေး သက်ဆိုင်ရာ ပညာရပ်များအလိုက် သင်တန်းများ ဖွင့်လှစ်၍ ဆင့်ပွားသင်တန်းများ သင်ကြားပေးရန် လိုကြောင်း။

## ခရီးသွားလုပ်ငန်းကဏ္ဍ

ခရီးသွားလုပ်ငန်းနှင့်ပတ်သက်၍ နိုင်ငံတကာတွင်လည်း ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းကို အားပေးကြကြောင်း၊ မွန်ပြည်နယ်သည် သာယာလှပသည့် ဒေသတစ်ခုဖြစ်ကြောင်း၊ ရေစီးရေလာများ ကောင်းမွန်စေရေးနှင့် မြို့များသန့်ရှင်းသာယာလှပရေး၊ ပတ်ဝန်းကျင်သပ်ရပ်လှပရေး အားလုံးဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်ကြရန်လိုကြောင်း၊ လမ်းညွှန်အမှတ်အသားများ စနစ်တကျရှိစေရေးနှင့် သတ်မှတ်ထားသည့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ အတိုင်း လိုက်နာဆောင်ရွက်ရေး ထိန်းသိမ်းကြပ်မတ်ရန်လိုကြောင်း၊ သာယာလှပသည့် ပတ်ဝန်းကျင်တစ်ခုကို ဖန်တီးဆောင်ရွက်နိုင်မှသာ ခရီးသွားဧည့်သည်များကို ဆွဲဆောင်နိုင်မည်ဖြစ်ကြောင်း၊ အလားတူ ဒေသအစားအစာများကိုလည်း ကောင်းမွန်သန့်ရှင်းသပ်ရပ်အောင် ဆောင်ရွက်ခြင်း၊ အများသိအောင်ကြေညာပေးခြင်းများ ဆောင်ရွက်ပေးခြင်းဖြင့်လည်း ခရီးသွားများကို ဆွဲဆောင်နိုင်မည် ဖြစ်ကြောင်း။

## စည်းကမ်းစနစ်တကျ ထိန်းသိမ်းနေထိုင်ခြင်းဖြင့် ဖွံ့ဖြိုးတိုးတက်မှုကို ဖြစ်ပေါ်စေမည်

အခွန်နှင့်ပတ်သက်၍ မိမိတို့နိုင်ငံတွင် အချို့သော EAO အဖွဲ့များက တရားမဝင် ကုန်သွယ်မှုများတွင် ပါဝင်လျက်ရှိသည်ကို သိရှိရကြောင်း၊ တရားမဝင်ကုန်သွယ်မှုများကြောင့် နိုင်ငံတော်အတွက် နစ်နာမှုများရှိကြောင်း၊ အိမ်နီးချင်းနိုင်ငံများနှင့် ကုန်သွယ်မှုစာရင်းဇယားများကို တိုက်ဆိုင်စစ်ဆေးကြည့်ပါက ၅၀ ရာခိုင်နှုန်းနီးပါးခန့် ကွာဟနေသည်ကို တွေ့ရှိရပြီး တရားမဝင်ကုန်သွယ်မှုများ ရှိနေခြင်းကြောင့်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် တရားမဝင် ကုန်သွယ်မှုများ မရှိစေရေး တတ်နိုင်သမျှ ထိန်းချုပ် ဆောင်ရွက်လျက်ရှိပြီး လိုင်စင်မဲ့မော်တော်ယာဉ်များနှင့် မော်တော်ဆိုင်ကယ်များ မရှိစေရေးအတွက်လည်း တာဝန်ရှိသူများအနေဖြင့် ထိန်းသိမ်းဆောင်ရွက်ကြရန်လိုကြောင်း၊ တရားမဝင်ပစ္စည်းများ၊ မူးယစ်ဆေးဝါးများနှင့် လက်နက်ခဲယမ်းများ သယ်ဆောင်မှု မရှိစေရေးအတွက် စစ်ဆေးမှုများရှိသော်လည်း ခရီးသွားလာမှုများ နှောင့်နှေးကြန့်ကြာမှု မရှိစေရေးအတွက် တတ်နိုင်သမျှဖြေရှင်းဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ တစ်ဦးတစ်ယောက်ချင်းမှအစပြု၍ စည်းမဲ့ကမ်းမဲ့ဆောင်ရွက်မည်ဆိုပါက နိုင်ငံအနေဖြင့် တိုးတက်မှုများ ဖြစ်ပေါ်လာနိုင်မည်မဟုတ်သဖြင့် ပြည်သူများပါ ပါဝင်၍ စည်းကမ်းစနစ်တကျဖြင့် ထိန်းသိမ်းဆောင်ရွက်ကြရန်လိုကြောင်း တိုက်တွန်းပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် တက်ရောက်လာကြသည့် မွန်ပြည်နယ်ရှိ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး (MSME) လုပ်ငန်းရှင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် စားသောက်ကုန်၊ လူသုံးကုန်၊ စက်မှုလက်မှုထုတ်ကုန်၊ ဒေသရိုးရာလက်မှုထုတ်ကုန်များ၊ အဝတ်အထည်များ၊ တိုင်းရင်းဆေးများ စသည့် ထုတ်ကုန်ပစ္စည်းများ ခင်းကျင်းပြသထားရှိမှုများကို ပြကွက်တစ်ခုချင်းစီအလိုက် စိတ်ဝင်တစား လှည့်လည်ကြည့်ရှုပြီး ဈေးကွက်ရရှိမှုအခြေအနေများကို မေးမြန်းဆွေးနွေးရာ လုပ်ငန်းအလိုက် စီးပွားရေးလုပ်ငန်းရှင်များက လိုက်လံရှင်းလင်းတင်ပြခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ခင်းကျင်းပြသထားသည့် ဒေသထုတ်ကုန်ပစ္စည်းများကို ကြည့်ရှုလေ့လာစဉ်။

# MoU **စနစ်ဖြင့် အလုပ်လုပ်ကိုင်ရန် ကော့သောင်းနယ်စပ်ဂိတ်မှတစ်ဆင့် မြန်မာအလုပ်သမားများ ထိုင်းနိုင်ငံသို့ထွက်ခွာ**

**ကော့သောင်း အောက်တိုဘာ ၁၈**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ အလုပ်သမားဝန်ကြီးဌာန အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၏ ထိုင်းနိုင်ငံသို့ MoU စနစ်ဖြင့် မြန်မာအလုပ်သမားများစေလွှတ်ရေး လုပ်ငန်းစဉ်အရ ယမန်နေ့ မွန်းလွဲပိုင်းက ကော့သောင်း နယ်စပ်ဂိတ်မှတစ်ဆင့် မြန်မာအလုပ်သမား အမျိုးသား ၂၄၁ ဦး ထိုင်းနိုင်ငံသို့ MoU စနစ်ဖြင့် အလုပ်လုပ်ကိုင်ရန် ထွက်ခွာသွားကြောင်းသိရသည်။

အဆိုပါ မြန်မာအလုပ်သမားများအား ပြည်ပအလုပ်အကိုင်အကျိုးဆောင်(ထိုင်း) လိုင်စင်ရ အေဂျင်စီတစ်ခုဖြစ်သည့် Htoo Thit Zae Co.,Ltd မှ ထိုင်းနိုင်ငံရှိ Chicony Electronics (Thailand) Co.,Ltd သို့ အမျိုးသားအလုပ်သမား ၅၀ နှင့် အမျိုးသမီးအလုပ်သမား ၁၉၁ ဦး စုစုပေါင်းအလုပ်သမား ၂၄၁ ဦးကို နှစ်နှစ်စာချုပ်ဖြင့် အလုပ်လုပ်ကိုင်နိုင်ရန် တာဝန်ယူဆောင်ရွက်ပေးခြင်း ဖြစ်ကာ ရန်ကုန်မြို့မှတစ်ဆင့် ကော့သောင်းမြို့သို့ လေကြောင်းခရီးစဉ်ဖြင့် ခေါ်ယူခဲ့ပြီး ကော့သောင်း အပြည်ပြည်ဆိုင်ရာ နယ်စပ်ဂိတ်မှတစ်ဆင့် ရေလမ်းခရီးဖြင့် ထိုင်းနိုင်ငံသို့ ပို့ဆောင်ပေးမည်ဖြစ်သည်။ သွားရောက်အလုပ်လုပ်ကိုင်မည့် မြန်မာအလုပ်သမားများအား ကော့သောင်းခရိုင် အလုပ်သမား ညွှန်ကြားမှုဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန ကော့သောင်းခရိုင်ရုံး၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့နှင့် တာဝန်ရှိအဖွဲ့အစည်းများက လိုအပ်သည့် စစ်ဆေးမှုများ ဆောင်ရွက်ပေးခဲ့ကြပြီး အလုပ်အကိုင်ကုမ္ပဏီ တာဝန်ရှိသူများက ထိုင်းနိုင်ငံရှိ အလုပ်လုပ်ကိုင်မည့် ကုမ္ပဏီသို့ စနစ်တကျ ပို့ဆောင်ပေးခဲ့ကြကြောင်းသိရသည်။



**ကျော်စိုး**
**(ကော့သောင်း)**

# (၂၃)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ပွဲနှင့် ဂုဏ်ပြုညစာစားပွဲအခမ်းအနားကျင်းပ

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ချီးမြှင့်






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် (၂၃)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပွဲနှင့် ဂုဏ်ပြုညစာ စားပွဲအခမ်းအနားတွင် ဂုဏ်ပြုအမှာစကားပြောကြားစဉ်။

နေပြည်တော် အောက်တိုဘာ ၁၈

**(၂၃)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပွဲနှင့် ဂုဏ်ပြုညစာ စားပွဲအခမ်းအနားကို ယနေ့ညနေပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန - ၂ ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ချီးမြှင့်သည်။**

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ဇနီး ဒေါ်ကြူကြူလှ၊ ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကောင်စီဝင်များနှင့်ဇနီးများ၊ ကောင်စီအတွင်းရေးမှူးနှင့် ဇနီး၊ ကောင်စီတွဲဖက်အတွင်းရေးမှူးနှင့် ဇနီး၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တပ်မတော် အရာရှိကြီးများနှင့် ဇနီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီများမှ တာဝန်ရှိသူများ၊ သက်ဆိုင်ရာဝန်ကြီးဌာနများမှ အထောက်အကူပြုအဖွဲ့များ၊ အကဲဖြတ် ပညာရှင်ကြီးများ၊ အုပ်ချုပ်သူများ၊ နည်းပြများနှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ ပြိုင်ပွဲဝင်အနုပညာရှင်များ တက်ရောက်ကြသည်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အဆိုအကဲဖြတ်လုပ်ငန်းအဖွဲ့ကိုယ်စား ဥက္ကဋ္ဌ ဒေါ်သင်းသင်းမြတ် အား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်စဉ်။

### ကြိုးပမ်းဆောင်ရွက်ခဲ့

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဂုဏ်ပြုအမှာစကားပြောကြားရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် နိုင်ငံတော်၏တာဝန်များကို စတင်ထမ်းဆောင်ချိန်မှစ၍ နိုင်ငံတော်၏ လုံခြုံရေး၊ တရားဥပဒေ စိုးမိုးရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ တိုင်းပြည်စီးပွားဖွံ့ဖြိုးတိုးတက်ရေးတို့အပြင် ပညာရေး၊ ကျန်းမာရေးနှင့် ယဉ်ကျေးမှုရေးရာကိစ္စရပ်များ အပါအဝင် အဘက်ဘက်တွင် လစ်ဟာမှုမရှိစေရေး ကြိုးပမ်းဆောင်ရွက်ခဲ့ပါကြောင်း၊ ဆက်လက်၍လည်း ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

နိုင်ငံတော်အနေဖြင့် တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေးနှင့် စစ်မှန်သည့် မျိုးချစ်စိတ်ဓာတ် ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတို့ကို ဦးတည်ချက်ချမှတ်ပြီး နိုင်ငံတော်ကို အေးချမ်းသာယာ ခေတ်မီဖွံ့ဖြိုးတိုးတက်အောင် အကောင်အထည်ဖော်ဆောင်ရွက်လျက် ရှိပါကြောင်း၊ ထို့ကြောင့် နှစ်စဉ်ကျင်းပခဲ့ရာမှ မကျင်းပခဲ့သည်မှာ ကြာပြီဖြစ်သည့် မြန်မာ့ရိုးရာ အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေး၊ ရိုးရာယဉ်ကျေးမှု အမွေအနှစ်များနှင့် အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ ဖော်ထုတ်ထိန်းသိမ်းဖော်ဆောင်နိုင်ရန်နှင့် နိုင်ငံချစ်စိတ်၊ ပြည်ထောင်စုစိတ်ဓာတ်များ နိုးကြားတက်ကြွစေပြီး ထာဝရငြိမ်းချမ်းရေး ဖော်ဆောင်ရာတွင် ယဉ်ကျေးမှုကဏ္ဍမှ အထောက်အကူပေးနိုင်ရန် ရည်ရွယ်ကျင်းပခဲ့ခြင်းဖြစ်ပါကြောင်း။

### ပူးပေါင်းဆောင်ရွက်

နိုင်ငံတစ်နိုင်ငံ အေးချမ်းသာယာရန်၊ ဖွံ့ဖြိုးတိုးတက်ရန်နှင့် နိုင်ငံ၏သဘာဝသယံဇာတများကို အကျိုးရှိစွာ အသုံးချနိုင်ရန်၊ တိုင်းပြည်၏ သမိုင်းကြောင်းရှည်လျားသည့် ရိုးရာယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး စရိုက်လက္ခဏာများ အရှည်တည်တံ့စေရန်အတွက် ဆိုရာတွင် တိုင်းရင်းသားညီအစ်ကို မောင်နှမများအားလုံးဖြစ်သည့် နိုင်ငံသားအားလုံးက တက်ညီလက်ညီဖြင့် ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်သွားကြရမည့်ကိစ္စ ဖြစ်ပါကြောင်း။

နိုင်ငံသားကြီးငယ်မဟူ ကျား/မ မရွေး အသိပညာရှင်၊ အတတ်ပညာရှင်များ၏ သိမြင်နှံ့စပ်မှု၊ ကျွမ်းကျင်တတ်မြောက်မှု၊ အတွေ့အကြုံရင့်ကျက်မှုများနှင့် စိတ်ရင်းစေတနာများသည် အခြေခံကျသည့် အရင်းအမြစ်များပင်ဖြစ်ပါကြောင်း၊ နိုင်ငံ၏ သမိုင်းအဆက်ဆက်တွင် **“ပြည့်အင်အားသည် ပြည်တွင်းမှာသာရှိသည်”** ဟူသည့် ဓမ္မဓိဋ္ဌာန်ကျသည့် အမြင်အသိကသာ လက်တွေ့ကျပြီး အမှန်ကန်ဆုံးဖြစ်သည့်အတွက် နိုင်ငံနှင့် လူမျိုးအကျိုးကို တိုးတက်မြင့်မားအောင်အားလုံးက ကြိုးပမ်းစွမ်းဆောင်သွားကြရမည် ဖြစ်ပါကြောင်း။

မိမိတို့ တိုင်းပြည်တွင် တိုင်းရင်းသားလူမျိုးပေါင်းစုံ စုစည်းနေထိုင်ကြသကဲ့သို့ တိုင်းရင်းသားလူမျိုးပေါင်းစုံ၏ ရိုးရာဓလေ့ထုံးစံနှင့် ယဉ်ကျေးမှု အနုသုခုမများကလည်း ကွဲပြားခြားနားများပြားလှပါကြောင်း၊ အထောက်အထားများအရ မိမိတို့ နိုင်ငံ၏ သမိုင်းဖြစ်စဉ်များတွင် လူသားမျိုးနွယ်စတင်ခဲ့မှုနှင့်အတူ ရေမြေဒေသသဘာဝကို လိုက်ပြီး မတူကွဲပြား ခြားနားသည့် ယဉ်ကျေးမှု ဓလေ့ထုံးတမ်းများ၊ အနုသုခုမဆိုင်ရာ အထောက်အထားများ၊ လက်မှုအဆင်တန်ဆာ အသုံးအဆောင်ပစ္စည်းများ၊ အနုသုခုမ အဆို၊ အတီး၊ အကများသည်လည်း တစ်ပါတည်းဆင့်ကဲ ပေါ်ထွန်းလာခဲ့ပြီးဖြစ်ပါကြောင်း။

### ထိန်းသိမ်းကာကွယ်

တစ်မျိုးသားလုံးနှင့် သက်ဆိုင်သည့် တိုင်းရင်းသားအသီးသီး၏ ကိုယ်ပိုင် စာပေ၊ ကိုယ်ပိုင်ယဉ်ကျေးမှု၊ ကိုယ်ပိုင်အနုသုခုမ ပညာရပ်များသည် သမိုင်းနှင့်ချီပြီး ကြီးကျယ်ခမ်းနားစွာ တည်ရှိခဲ့ပါကြောင်း၊ အဆိုပါ ရှိခဲ့သည့်စာပေ၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးစံများနှင့် အစဉ်အလာများကို လျော့နည်းပပျောက်ခြင်းမရှိအောင် အားလုံးက ဝိုင်းဝန်းထိန်းသိမ်းကာကွယ်စောင့်ရှောက်သွားကြရန် လိုအပ်ပါကြောင်း။

ကွယ်လွန်သူ ဂီတပညာရှင်ကြီး စန္ဒရား ဦးလှထွဋ်ရေးသားပြုစုခဲ့ပြီး ၁၉၉၆ ခုနှစ်တွင် အမျိုးသားစာပေဆု ချီးမြှင့်ခြင်းခံခဲ့ရသည့် “မြန်မာ့ဂီတ ရေစီးကြောင်း” စာအုပ်၌ ကမ္ဘာမှာရော

*စာမျက်နှာ ၇ သို့*

*စာမျက်နှာ ၆ မှ*

မြန်မာမှာပါ Classic ဟုခေါ်သည့် ဂန္ထဝင်ဂီတပေါ်ထွန်းခဲ့သည့် ခေတ်တစ်ခေတ်ရှိသည်ဟု ဖော်ပြထားပါကြောင်း၊ အဆိုပါခေတ်မှာ ၁၈ ရာစုနှစ် အစောပိုင်း ကာလ၊ ဒုတိယအင်းဝဟု သတ်မှတ်သည့် ညောင်ရမ်းခေတ် ၁၇၁၀ ပြည့်နှစ် ပတ်ဝန်းကျင်တွင် စာဆိုတော် ဝန်ကြီး ပဒေသရာဇာက "ထံတျာ တေရှင်" အစချီကြိုးသီချင်းများ၊ တျာချင်းများ ရေးသားပြုစုနေချိန်၌ ဂျာမနီက ဂီတပညာရှင်ကြီး ဘာ့(ခ်) (၁၆၈၅-၁၇၅၉) က God is My King အမည်ရှိ တေးဘွဲ့ကြီးကို သီကုံးနေချိန်ဖြစ်ပါကြောင်း။

၁၇၂၅ ခုနှစ်ဝန်းကျင်တွင် ဆီသည်ရွာစား ဦးအောင်ကြီးက "အင်းဝမြို့ဘွဲ့ ၁၂ ရာသီ လူးတား" စပ်ဆိုနေချိန်၌ အင်္ဂလန်က ဂီတပညာရှင်ကြီး ဟင်ဒယ်လ်က သိမ်းမြစ်တွင် ဘုရင်ရေဆင်းပွဲ သဘင်ကျင်းပသည့် "ရေဇလာ ဂီတ" Water Music ကို သီကုံးနေပါကြောင်း။

၁၇၈၀ ပြည့်နှစ်ခန့်တွင် ဂျာမန်ဂီတပညာရှင် မိုးဇက်က Magic Flute "မှော်ပလွေ" အော်ပရာကို ရေးသားချိန်၌ လက်ဝဲသုန္ဒရအမတ်ကြီး ဦးမြတ်စံက "မဲဇာတောင်ခြေ" ရတုကြီးကို ရေးသားနေခဲ့ပါကြောင်း၊ ၁၉ ရာစု အစောပိုင်းဖြစ်သည့် ၁၈၀၀ ပြည့်နှစ်လွန်အချိန်များတွင် ဂျာမန်ဂီတပညာရှင် ဘေသိုဗင်က နပိုလီယန် စစ်ချီတက်ပုံကို ရေးဖွဲ့သည့် "ရဲစိတ်ရဲမာန်" တေးဘွဲ့ကြီးကို ရေးနေချိန်တွင် မြဝတီမင်းကြီး ဦးစက "သာဆန်းရဂုံဘွေ" ပတ်ပျိုးကြီးကို ရေးဖွဲ့နေပါကြောင်း။

၁၈၄၀ ပြည့်နှစ်ကာလများက ပိုလန်စန္ဒရားပညာရှင် "ရှိုပင်"က "ညဥ့်ယံ တေးများ" ဆိုသည့် တေးဘွဲ့ကို ရေးစပ်နေချိန်တွင် အနောက်နန်းမိဖုရား မမြလေးက "ချစ်သမျှကို" ဂန္ထဝင်ပတ်ပျိုးကြီးကို ရေးသားနေချိန် ဖြစ်သည်ဟု မှတ်တမ်းများအရ သိရှိထားပါကြောင်း။

ဆိုလိုရင်းမှာ ကမ္ဘာတွင် ဂန္ထဝင်အနုပညာ၊ ဂန္ထဝင်ဂီတ ဟူ၍ ပေါ်ပေါက်ပြီး ယနေ့ထိတိုင် ခိုင်မြဲနေသကဲ့သို့ မိမိတို့နိုင်ငံတွင်လည်း ၎င်းတို့နှင့်ခေတ်ပြိုင် ဂန္ထဝင် အနုပညာ၊ ဂန္ထဝင်စာပေ၊ ဂန္ထဝင်ဂီတ ဆိုသည်များ ပေါ်ပေါက်ခဲ့ကာ ရှေးနှစ်ပေါင်းများစွာမှ ယနေ့ထက်တိုင် ခိုင်မြဲစွာတည်ရှိနေဆဲ ဖြစ်သည်ကို တင်ပြလိုခြင်းဖြစ်ပါကြောင်း။

အထက်တွင် တင်ပြခဲ့သည့် ဂန္ထဝင်အနုပညာများကို ဆက်လက်ထိန်းသိမ်း စောင့်ရှောက်နိုင်ရန်အတွက် ၅ နှစ်ကျော်နီးပါး ရပ်တန့်ခဲ့ရသည့် အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးကို ပြန်လည်ကျင်းပနိုင်ရေးအတွက် ရှုထောင့်ပေါင်းစုံက စဉ်းစားခဲ့ကြရပါကြောင်း။

အထူးသဖြင့် တစ်ဖက်တွင် နိုင်ငံနှင့်တစ်ဝန်း၊ ကမ္ဘာနှင့်တစ်ဝန်း ရင်ဆိုင်ကြုံတွေ့နေကြရသည့် ကိုဗစ်-၁၉ ရောဂါ၏ ပိုးတွေ့ရှိမှုနှုန်းသည် သတိထားနေရဆဲ အခြေအနေတစ်ရပ်တွင် ရှိနေသေးသော်လည်း အခြေအနေ အချိန်အခါအရ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို လုပ်သင့်သည့်အတွက် ကိုဗစ်-၁၉ ဆိုင်ရာ ကျန်းမာရေး စည်းကမ်းသတ်မှတ်ချက်များနှင့်အညီ သတိထားပြီး ကြိုတင် ကာကွယ်မှုများနှင့် ဆောင်ရွက်ခဲ့ကြခြင်း ဖြစ်ပါကြောင်း။

## ကြိုတင်ပြင်ဆင်

ကိုဗစ်-၁၉ ကပ်ရောဂါ ကျရောက်ခဲ့သည့်ကာလအတွင်း၌ ယင်းပညာရပ်များကို မြတ်နိုးဖက်တွယ်ခဲ့ကြသည့် အနုပညာရှင်အချို့ကို လက်လွှတ်ဆုံးရှုံးခဲ့ရပါကြောင်း၊ ကျန်ရှိနေသေးသည့် ပညာရှင်အများအပြားသည်လည်း အသက်အရွယ်နှင့် ကျန်းမာရေးကို အလေးထားဂရုပြုရမည့် အရွယ်သို့ ရောက်ရှိနေပြီဖြစ်ပါကြောင်း၊ သို့သော် အနုပညာ မြတ်နိုးသူများ၏ သဘာဝအရ **"စိတ်ပျိုရင် ကိုယ်နုတယ်"** ဟူသည့်ဆိုစကား ရှိသကဲ့သို့ မိမိတို့နှစ်သက်မြတ်နိုးသည့် အနုပညာအလုပ်များနှင့် ထိတွေ့နေရလျှင်၊ မိမိတို့ သိရှိတတ်မြောက်ထားသည့် ပညာများဖြန့်ဝေနေရလျှင် အသက်ရှည်ဆေး တစ်ခုသဖွယ် ဖြစ်သည်ဟု နားလည်ထားမိကြသည့်အတွက် ဘက်ပေါင်းစုံမှ ဝိုင်းဝန်းဆွေးနွေး စဉ်းစားပြီး ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်၍ ယခုပြိုင်ပွဲကြီးကို ကျင်းပနိုင်ခဲ့ခြင်းပင် ဖြစ်ပါကြောင်း။

ရှည်လျားသည့် သမိုင်းကြောင်းတစ်လျှောက် အခွန့်ရှည်တည်တံ့ခဲ့သည့် မိမိတို့၏ အနုသုခုမပညာရပ်များကို "မဟာ" ဟူသည့် ကြီးကျယ်မြင့်မြတ်သော ဂုဏ်ထူးဝိသေသနှင့် မဟာဂီတဟု ခေတ်အဆက်ဆက်တွင် တန်ဖိုးထားခဲ့ကြပါကြောင်း၊ ထိုသို့တန်ဖိုးထားခဲ့ကြသည့် စာသားတေးသွားများကို ၁၉၅၃ ခုနှစ်တွင် ဝိဝါဒ ကွဲပြားမှုမရှိစေရန် "နိုင်ငံတော်မူ" အဖြစ် သတ်မှတ်နိုင်ရေးအတွက် ပညာရှင်ကြီးများပါဝင်သည့် အဖွဲ့ကို ဖွဲ့စည်းပြီး ဆောင်ရွက်ခဲ့သည်ဟု လေ့လာသိရှိရပါကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် "စာသား၊ သံကျ၊ စည်းဝါး၊ အတော၊ အပိုဒ်ပြန်၊ အဆို" ဟု အပိုင်း ၆ ပိုင်း ခွဲခြားပြီး စနစ်တကျ မှတ်တမ်းပြု ဆောင်ရွက်ခဲ့ကြကြောင်းကိုလည်း လေ့လာသိရှိရပါကြောင်း၊ သံကျ၊ စည်းဝါး၊ အတော၊ အပိုဒ်ပြန် အစရှိသည်တို့သည်အတီးပိုင်းနှင့် ပို၍အဆက်အစပ်ရှိနေသည်ကို သိရှိရပါကြောင်း။



**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း အခမ်းအနားမှူးတစ်ဦးအား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်စဉ်။**

သီချင်းတစ်ပုဒ်ကို သီဆိုတီးမှုတ်ကြရာတွင် အဆိုနယ်၊ အတီးနယ်ကို စနစ်တကျ သတ်မှတ်ပိုင်းခြားထားပြီး ဖြစ်ပါကြောင်း၊ ထို့အတွက် မဟာဂီတဝင် တေးသီချင်း ၁၆၉ ပုဒ်ကို နိုင်ငံတော်မူအဖြစ် တိကျစွာသတ်မှတ်နိုင်ခဲ့ပြီး ဖြစ်သည်ဟု သိရသည့်အတွက် မွန်မြတ်သည့် ယဉ်ကျေးမှု အမွေအနှစ် ထိန်းသိမ်းမှုတစ်ခုအဖြစ် ဝမ်းသာကြည်နူးဖြစ်ရပါကြောင်း။

"အဆို"နှင့် ပတ်သက်၍ အသံ၏ ပေါ်ထွန်းရာဖြစ်သည့် "လည်၊ လျှာ၊ နှာ၊ အာ၊ သွား" ဆိုတဲ့ "ဌာန်" ငါးပါးကို ပေါင်းစည်းကာအသံတို၊ အသံရှည်များနှင့် ဖွဲ့သီထားသည့် မဟာဂီတဆိုဟန်၊ ခေတ်ဟောင်းတေးဆိုဟန်၊ ကာလပေါ်တေးသီချင်းဆိုဟန်များဟုလည်း ကွဲကွဲပြားပြားရှိထားပြီး ဖြစ်ပါကြောင်း။

အလားတူ "အက" တွင်လည်း "ခေါင်း၊ ခါး၊ ခြေ၊ လက်" ဟူသည့် ခန္ဓာကိုယ်၏ အစိတ်အပိုင်းငါးခုကို ပိုင်းခြားသတ်မှတ်ပြီး နရီ၊ စည်းဝါး၊ တေးသွားများနှင့်အတူ ကပြကြရခြင်း ဖြစ်ပါကြောင်း၊ မြန်မာအကတွင် "တစ်ပင်တိုင်" အကသည် နူးညံ့သိမ်မွေ့မှု၊ ငြိမ့်ညောင်းသာယာမှု၏ စံတစ်ခုဖြစ်ပါကြောင်း၊ ပန်းချီ၏ မျဉ်းကွေး၊ မျဉ်းပျော့ပုံသဏ္ဌာန် အဝန်း၊ အဝိုင်း၊ အကွေး၊ အညွှတ်များနှင့် ကဟန်ပင်ဖြစ်ပါကြောင်း၊ မြန်မာတို့၏ ဂါရဝတရားကို အခြေခံသည့် ရိုးရာယဉ်ကျေးမှု ဓလေ့စရိုက်ကို ထင်ဟပ်ထားခြင်းပင်ဖြစ်ပါကြောင်း၊ ယခုနှောင်းပိုင်းတွင် ပျိုရွယ်သူများ၏ အကသဘောမှာ သွက်လက်ဖြတ်လတ်မှုကို အားပြုသည့် မျဉ်းအမာသဏ္ဌာန်၊ ထောင့်ချိုးသဏ္ဌာန်၊ အမာအဆတ်၊ အလိမ်အကောက်များ လွှမ်းမိုးလာခြင်းကိုလည်း ပညာရှင်ကြီးများ သတိထားမိကြမည် ဖြစ်ပါကြောင်း။

ထို့ပြင် တေးသီချင်းများ ရေးသားရာတွင်လည်း မြန်မာတို့၏ပေါကြွယ်ဝလှသည့် ဝေါဟာရများ၊ စာသားအဆင်တန်ဆာများ၊ အသံကာရန် သဘောညီသည့် ရေးနည်းစပ်ထုံးများကို ဂုဏ်၊ အလင်္ကာ၊ ရသမြောက်စွာ ပေါ်လွင်စေလိုသည့်အတွက် ယခုပြိုင်ပွဲကြီးတွင် "အရေး" ပြိုင်ပွဲကဏ္ဍကိုလည်း ထည့်သွင်းထားခြင်းဖြစ်ပါကြောင်း၊ ယနေ့တွင် (၂၃)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို ရှေးယခင် ၁၉၉၃ ခုနှစ်၌ စတင်ခဲ့စဉ်ကတည်းက ပါဝင်ခဲ့သည့် ပြိုင်ပွဲဝင်ဘာသာရပ်များ၊ ပြိုင်ပွဲဝင်စည်းကမ်းသတ်မှတ်ချက်များ၊ ပြိုင်ပွဲအမှတ်ပေးဇယားများအတိုင်း အားလုံး၏ ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်မှုများဖြင့် အောင်မြင်စွာ ကျင်းပပြီးစီးခဲ့ပြီ ဖြစ်ပါကြောင်း။

အကပြိုင်ပွဲ၏ အထူးပြုဘာသာရပ်များ ဖြစ်ကြသည့် "ရာမာယဏ" ဇာတ်တော်ကြီး ပြိုင်ပွဲ၊ ကွက်စိပ်ပြိုင်ပွဲ၊ ငါးပါဒ အကျွရာ ရုပ်စုံသဘင်ပြိုင်ပွဲ၊ ရုပ်သေးကြိုးဆွဲပြိုင်ပွဲ၊ တိုင်းရင်းသားရိုးရာ/ ကျေးလက်ရိုးရာအက ပြိုင်ပွဲ၊ မွန်တိုင်းရင်းသားရိုးရာ အကပြိုင်ပွဲ၊ မြန်မာအကအခြေခံ ကဗျာလွတ်အကပြိုင်ပွဲများအပြင်၊ အဆိုပြိုင်ပွဲ၏ အထူးပြုဘာသာရပ်ဖြစ်သည့် အမျိုးဂုဏ်၊ ဇာတိဂုဏ်မြှင့်တင်ရေး ပြိုင်ပွဲများကိုလည်း အောင်အောင်မြင်မြင် ထည့်သွင်း ကျင်းပနိုင်ခဲ့ခြင်းဖြစ်သည့်အတွက် အသွင်သဏ္ဌာန်ရော အနှစ်သာရပါ ပြည့်စုံသည့် ရိုးရာယဉ်ကျေးမှု အမွေအနှစ်ကို ထိန်းသိမ်းစောင့်ရှောက်နိုင်ရေးအတွက် အရေးပါသည့် အောင်မြင်မှုတစ်ရပ်အဖြစ် မှတ်တမ်းတင်ဂုဏ်ပြုအပ်ပါကြောင်း၊ လာမည့်နှစ်များတွင် ယခုထက်ပိုမိုပြည့်စုံသည့် ပြိုင်ပွဲများဖြစ်စေရေး ကြိုတင်စဉ်းစား ကြိုးစားဆောင်ရွက်သွားကြရန် လိုအပ်မည်ဖြစ်ကြောင်း။

## ဆက်လက်ထိန်းသိမ်း

မျိုးဆက်သစ်များအနေဖြင့် ယခုပြိုင်ပွဲကြီးမှရရှိသည့် အောင်မြင်မှုများနှင့်အတူ အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ဆက်လက်ထိန်းသိမ်း စောင့်ရှောက်သွားကြရန်၊ အတူတကွ ပြိုင်ပွဲဝင်ခဲ့ကြသည့် တိုင်းဒေသကြီး၊ ပြည်နယ်များအနေဖြင့် တိုင်းရင်းသားအချင်းချင်း ချစ်ကြည်ရင်းနှီးမှုကို ပိုမိုခိုင်မြဲစေရေး ဆက်လက်ကြိုးစားတည်ဆောက်သွားကြရန်၊ မိမိတို့ယဉ်ကျေးမှု၊ မိမိတို့ဓလေ့ထုံးစံမှသည် မိမိတို့နိုင်ငံနှင့် မိမိတို့နိုင်ငံသားများအပေါ် မျိုးချစ်စိတ်ဓာတ်နှင့် ပြည်ထောင်စုစိတ်ဓာတ် ခိုင်မာရှင်သန်ရေးကို ဆက်လက်သယ်ဆောင်လက်ဆင့်ကမ်းသွားကြရန်၊ ဝါရင့်အနုပညာရှင်၊ သက်ကြီးအကဲဖြတ်ပညာရှင်များအနေဖြင့် မိမိတို့နှစ်ပေါင်းများစွာက လေ့လာသင်ယူခဲ့ရသည့် အနုသုခုမပညာရပ်များကို မျိုးဆက်သစ် သားငယ်၊ သမီးငယ်များထံ စဉ်ဆက်မပြတ်လက်ဆင့်ကမ်း အမွေပေးဝေနိုင်ကြစေရေးတို့အတွက် မိမိတို့၏ တစ်ကိုယ်ရေ ကျန်းမာရေးမှအစ အထူးဂရုပြုစောင့်ရှောက် နေထိုင်ကြပါရန် အလေးအနက်ထား ပန်ကြားလိုပါကြောင်းနှင့် ပြိုင်ပွဲကြီး အောင်မြင်အောင် ဝိုင်းဝန်းကူညီ ပါဝင်ဆောင်ရွက်ခဲ့ကြသူအားလုံးကိုလည်း ကျေးဇူးတင်ပါကြောင်း ပြောကြားသည်။

## ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အဆိုအကဲဖြတ်လုပ်ငန်းအဖွဲ့ကိုယ်စား ဥက္ကဋ္ဌ ဒေါ်သင်းသင်းမြတ်၊ အက အကဲဖြတ်လုပ်ငန်းအဖွဲ့ ကိုယ်စား ဥက္ကဋ္ဌ ဦးအောင်တင်ဝင်း၊ အရေး အကဲဖြတ်လုပ်ငန်းအဖွဲ့ ကိုယ်စား အတွင်းရေးမှူး ဦးမင်းယုနှင့် အတီးအကဲဖြတ် လုပ်ငန်းအဖွဲ့ ကိုယ်စား ဥက္ကဋ္ဌ ဦးအောင်ကိန်းတို့ကိုလည်းကောင်း၊ ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီနာယကကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ အုပ်ချုပ်သူများနှင့် အခမ်းအနားမှူးများကိုလည်းကောင်း ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် အကဲဖြတ်ပညာရှင် မြင်းမူမောင်နိုင်မိုးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနား တက်ရောက်လာကြသူများသည် ဂုဏ်ပြုညစာကို အတူတကွ သုံးဆောင်ကြသည်။

ညစာ မသုံးဆောင်မီနှင့် သုံးဆောင်နေစဉ်အတွင်း သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များက တေးသံသာများဖြင့် သီဆို၊ တီးမှုတ်၊ ကပြ ဖျော်ဖြေကြသည်။

(၂၃)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို အမျိုးဂုဏ် ဇာတိဂုဏ်မြှင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊ တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အနုပညာအမွေအနှစ်များ၊ အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်စေရန် ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်ရေး၊ အမိနိုင်ငံတော်ကို ချစ်မြတ်နိုးသည့်စိတ်ဓာတ် ပိုမိုထွန်းကားလာစေရန် ရိုးရာယဉ်ကျေးမှု အနုပညာများကို ဖော်ထုတ်ထိန်းသိမ်းပြီး မျိုးဆက်သစ်လူငယ်များသို့ လက်ဆင့်ကမ်းပေးနိုင်ရေး၊ ထာဝရငြိမ်းချမ်းရေးကို ဖော်ဆောင်ရာတွင် ယဉ်ကျေးမှုကဏ္ဍမှ အထောက်အကူပြုနိုင်ရေးစသည့် ဦးတည်ချက်(၄)ရပ်ဖြင့် ကျင်းပခြင်းခဲ့ခြင်းဖြစ်ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ ပြိုင်ပွဲဝင်အနုပညာရှင် ၁၈၃၈ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မိမိနိုင်ငံ မိမိနိုင်ငံသားများ၏ ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးတမ်း အစဉ်အလာများကို နှောင့်ယှက်ဖျက်ဆီးခြင်းမှ ကင်းဝေးစေရန် ဝိုင်းဝန်းကြိုးပမ်းကာကွယ် ထိန်းသိမ်းသွားကြရမည်




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း (၂၃)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

❖ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးကို နိုင်ငံတော်အနေဖြင့် အချိန်အား၊ လူအား၊ ဓနငွေကြေးအင်အားများနှင့် ကျင်းပပေးနေခြင်းသည် မြန်မာနိုင်ငံအတွင်း စုစည်းနေထိုင်ကြသည့် တိုင်းရင်းသားညီအစ်ကိုမောင်နှမများ အားလုံး ပိုင်ဆိုင်ထားကြသည့် ရိုးရာယဉ်ကျေးမှု အမွေအနှစ်များ၊ ကောင်းမြတ်သည့် ဓလေ့ထုံးတမ်းများကို ထိန်းသိမ်းခြင်းအပြင် အဆိုပါအမွေအနှစ်များ တိမ်ကောပျောက်ကွယ် မသွားစေရန် ဆင့်ကဲဆင့်ကဲ ဖြန့်ဝေဆက်ခံနိုင်ကြရန်ဖြစ်

✽ *ကျော့ဖုံးမှ*

တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးများ၊ အကဲဖြတ်ပညာရှင်ကြီးများ၊ ကြီးကြပ်အုပ်ချုပ်သူများ၊ နည်းပြများ၊ ဆုရရှိကြသည့် ပြိုင်ပွဲဝင်တိုင်းရင်းသားညီအစ်ကိုမောင်နှမများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**အောင်မြင်သိုက်မြိုက် ခမ်းနားစွာကျင်းပပြီး**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် ၅ နှစ်ကျော် ကာလနီးပါး ရပ်နားခဲ့ရသည့် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီး ပြန်လည်ကျင်းပနိုင်ရန် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအနေဖြင့် အထူးအားထုတ်ခဲ့ရပါကြောင်း၊ သက်ဆိုင်ရာဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီအသီးသီးမှ တာဝန်ရှိသူများ၊ မြို့နယ်အဆင့်၊ ခရိုင်အဆင့်မှစ၍ တိုင်းဒေသကြီးနှင့်ပြည်နယ် အစိုးရအဖွဲ့များ၊ အကဲဖြတ်ပညာရှင်ကြီးများ၊ နည်းပြဆရာ၊ ဆရာမကြီးများ၊ ကြီးကြပ်အုပ်ချုပ်သူများ၊ ပြိုင်ပွဲဝင်များ၏ ပူးပေါင်းဆောင်ရွက်မှုများကြောင့် အောင်မြင်သိုက်မြိုက် ခမ်းနားစွာကျင်းပပြီးစီးခဲ့ပြီး ယခုကဲ့သို့ ဆုပေးအပ်ချီးမြှင့်ခြင်းအခမ်းအနားကို ကျင်းပနိုင်ခဲ့ခြင်းဖြစ်ကြောင်း။

ယှဉ်ပြိုင်ခြင်းဖြင့် အောင်မြင်မှု မှတ်တိုင်တစ်ခုရယူနိုင်ရေးဟု ဆိုရာတွင် ပညာရပ်တစ်ခုကို စည်းစနစ်ကျစွာ သင်ကြားနာယူမှု၊ စွဲမြဲစွာ တစိုက်မတ်မတ်လေ့ကျင့်ကြိုးစားမှု၊ ကျန်းမာရေးနှင့်ဆိုင်သည့် သက်လုံပြည့်ဝမှု၊ ဖွဲ့ရှိမှုနှင့် သာလွန်ကောင်းမွန်သော ထိုးထွင်းသိမြင်မှု စသည့်အကြောင်းများစွာပေါ်၌ အခြေခံလျက်ရှိကြောင်း။

တစ်ဦးချင်းသော်လည်းကောင်း၊ အဖွဲ့လိုက်သော်လည်းကောင်း ဆုအသီးသီး ရယူနိုင်ကြသည့် တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ ပြိုင်ပွဲဝင်များကို ဂုဏ်ယူဝမ်းမြောက်ကြောင်းကို ပြောကြားလိုကြောင်း၊ ဆုမရရှိသော်လည်း ရိုးရာယဉ်ကျေးမှု အနုသုခုမပညာရပ်များကို မြတ်မြတ်နိုးနိုးယှဉ်ပြိုင်ခဲ့ကြသည့် တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ ပြိုင်ပွဲဝင်များ၏ ကြိုးစားအားထုတ်မှုကိုလည်း တန်ဖိုးထားအသိအမှတ်ပြုပါကြောင်း။

**အမွေအနှစ်များ ပျောက်ကွယ်မသွားစေရန်**

မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးကို နိုင်ငံတော်အနေဖြင့် အချိန်အား၊ လူအား၊ ဓနငွေကြေးအင်အားများနှင့် ကျင်းပပေးနေခြင်းသည် မြန်မာနိုင်ငံအတွင်း စုစည်းနေထိုင်ကြသည့် တိုင်းရင်းသားညီအစ်ကိုမောင်နှမများ အားလုံးပိုင်ဆိုင်ထားကြသည့် ရိုးရာယဉ်ကျေးမှု အမွေအနှစ်များ၊ ကောင်းမြတ်သည့် ဓလေ့ထုံးတမ်းများကို ထိန်းသိမ်းခြင်းအပြင် အဆိုပါအမွေအနှစ်များ တိမ်ကောပျောက်ကွယ် မသွားစေရန် ဆင့်ကဲဆင့်ကဲ ဖြန့်ဝေဆက်ခံနိုင်ကြရန်ဖြစ်ကြောင်း။

အထူးအားဖြင့် ပင်းယခေတ်တွင် ပေါ်ထွန်းခဲ့သည့် ကာချင်းများ၊ အင်းဝခေတ်တွင် ပေါ်ထွန်းခဲ့သည့် ကြိုးသီချင်းများ၊ ကုန်းဘောင်ခေတ်တွင် ထင်ရှားခဲ့သည့် ဘွဲ့၊ သီချင်းခံ၊ ပတ်ပျိုးများ စသည့် မဟာဂီတဟု သတ်မှတ်ခြင်းခံထားရသည့် တေးသီချင်းများနှင့် ကျေးလက်တေးသံများသည် ယနေ့ခေတ် ပြည်သူများအကြားပျံ့နှံ့မှု အားနည်းလာခဲ့ပြီဖြစ်ကြောင်း။

သို့သော် အချို့သော အသိပညာရှင်၊ အတတ်ပညာရှင်များသည် ယနေ့ခေတ် ဆက်သွယ်ရေးဆိုင်ရာ နည်းပညာတိုးတက်မြင့်မားလာမှုကို အသုံးပြု၍ လူမှုကွန်ရက် မီဒီယာအချို့တွင် မဟာဂီတဝင်ကြိုး၊ ဘွဲ့၊ သီချင်းခံ၊ ပတ်ပျိုးအစရှိသည့် တေးသီချင်းများကို အတီးတူရိယာတစ်မျိုးတည်းအနေဖြင့်ဖြစ်စေ၊ ဆိုတီးနှစ်ဖြာ ရောနှော၍ဖြစ်စေ ထုတ်လွှင့်နေကြသည်ကို တွေ့မြင်ကြားသိနေရသည့်အတွက် များစွာအသိအမှတ်ပြုမိကြောင်း၊ ယနေ့ Globalization ဟုခေါ်သည့် ကမ္ဘာ့ရွာကြီးထဲတွင် ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးတမ်း အစဉ်အလာများ၏ အရွေ့သည် အကောင်းနှင့်အဆိုး အရှိန်အဟုန်မြင့်မားလျက် အပြန်အလှန်ကူးပြောင်းနေသကဲ့သို့ ရည်ရွယ်ချက်ရှိရှိဖြင့် ရိုးရာယဉ်ကျေးမှု အလေ့အထအမူအကျင့်စရိုက်များ တိမ်ကောပပျောက်သွားအောင် နည်းမျိုးစုံဖြင့် ထိုးဖောက်လျက်ရှိကြောင်း၊ ထိုသို့ဆောင်ရွက်နေမှုများအပေါ် မိမိတို့နိုင်ငံသူ နိုင်ငံသားများအနေဖြင့်လည်း အမျိုးဂုဏ် ဇာတိဂုဏ်စောင့်ထိန်းရင်း မိမိနိုင်ငံ မိမိနိုင်ငံသားများ၏ ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးတမ်း အစဉ်အလာများကို နှောင့်ယှက်ဖျက်ဆီးခြင်းမှ ကင်းဝေးစေရန် ဝိုင်းဝန်းကြိုးပမ်းကာကွယ် ထိန်းသိမ်းသွားကြရမည်ဖြစ်ကြောင်း။

လွန်ခဲ့သော နှစ်ပေါင်း နှစ်ထောင်ခြောက်ရာကျော်တွင် ပေါ်ထွန်းခဲ့သည့် ဗုဒ္ဓ၏ တရားဒေသနာများနှင့် အခြားသော ဘာသာတရားတို့၏ ကောင်းမြတ်သော အဆုံးအမများ ယနေ့အထိ တည်တံ့နေခြင်းသည် သက်ဝင်ယုံကြည်မှုနှင့်အတူ လက်ဆင့်ကမ်းပညာအမွေပေးမှုရှိခြင်းနှင့် နာယူမှတ်သားသူ အဆင့်ဆင့်ကလည်း ဖွဲ၊ လုံ့လ၊ ဝီရိယအပြည့်နှင့် စဉ်ဆက်မပြတ် ကြိုးစားကျင့်ကြံ ကြိုးစားအားထုတ်ခဲ့၍ ဖြစ်ကြောင်း။

ထိုနည်းတူ မိမိတို့ နေ့စဉ်လူမှုဘဝထဲမှ ကောင်းမြတ်သော ဓလေ့ထုံးစံများနှင့် တန်ဖိုးကြီးမားသော အနုသုခုမ အမွေအနှစ်များကို ထိန်းသိမ်းခြင်း၊ စောင့်ရှောက်ခြင်းနှင့် ပွားများအောင် ကြိုးပမ်းခြင်းများ ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

**အထူးပင်ကျေးဇူးတင်**

မကြာမီ ပြီးစီးတော့မည့်(၂၃)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို အောင်မြင်ပြီးမြောက်အောင် စီမံဆောင်ရွက်ပေးကြသည့် ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီဝင်များ၊ လုပ်ငန်းကော်မတီအသီးသီးမှ တာဝန်ရှိသူများ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ အောင်မြင်စွာကျင်းပနိုင်ရန် လူအား ငွေအား စေတနာအားတို့ဖြင့် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြသည့် 

*စာမျက်နှာ ၉ သို့*

*စာမျက်နှာ ၈ မှ*

တိုင်းဒေသကြီးနှင့်ပြည်နယ်အဆင့် ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီဝင်များ၊ လုပ်ငန်းကော်မတီဝင်များ၊ ကာလရှည်ကြာကျင်းပခဲ့သည့် ပြိုင်ပွဲကြီး တစ်လျှောက် မြန်မာတို့၏ အဆင့်အတန်း မြင့်မားလှသည့် အနုသုခုမပညာရပ်များ၊ ရိုးရာယဉ်ကျေးမှု အမွေအနှစ်များနှင့် ဓလေ့ထုံးတမ်း အစဉ်အလာများကို မျိုးဆက်သစ်လူငယ်လူရွယ်၊ တိုင်းရင်းသား ညီနောင်များအတွက် ပညာအမွေ ပေးရန် ပြင်းပြသည့် စိတ်စေတနာအပြည့်အဝဖြင့်

- ❑ **ယနေ့ Globalization ဟုခေါ်သည့် ကမ္ဘာ့ရွာကြီးထဲတွင် ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးတမ်း အစဉ်အလာများ၏ အရွေ့သည် အကောင်းနှင့်အဆိုး အရှိန်အဟုန်မြင့်မားလျက် အပြန်အလှန်ကူးပြောင်းနေသကဲ့သို့ ရည်ရွယ်ချက်ရှိရှိဖြင့် ရိုးရာယဉ်ကျေးမှု အလေ့အထအမူအကျင့်စရိုက်များ တိမ်ကောပပျောက်သွားအောင် နည်းမျိုးစုံဖြင့် ထိုးဖောက်လျက်ရှိ**
- ❍ **မိမိတို့ နေ့စဉ်လူမှုဘဝထဲမှ ကောင်းမြတ်သော ဓလေ့ထုံးစံများနှင့် တန်ဖိုးကြီးမားသော အနုသုခုမ အမွေအနှစ်များကို ထိန်းသိမ်းခြင်း၊ စောင့်ရှောက်ခြင်းနှင့် ပွားများအောင် ကြိုးပမ်းခြင်းများ ဆောင်ရွက်သွားကြရမည်**



**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဗိုလ်ချုပ်ကြီး မြထွန်းဦး ဆုရရှိသူတစ်ဦးအား ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်စဉ်။**



**နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဝင် မန်းငြိမ်းမောင် ဆုရရှိသူတစ်ဦးအား ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်စဉ်။**

မိမိတို့၏ အသက်အရွယ်နှင့် ကျန်းမာရေးကိုပင် လျစ်လျူရှုပြီး ပြိုင်ပွဲဝင်များအပေါ် လိုအပ်သည်များကို ပြုပြင်ပေးကြသည့် အကဲဖြတ်ဒိုင်လူကြီးများ အပါအဝင် ပြိုင်ပွဲအားလုံး၌ စိတ်ရောကိုယ်ပါနှစ်ပြီး ဇွဲ၊ လုံ့လ၊ ဝီရိယ အားမာန်အပြည့်အဝဖြင့် ပြိုင်ပွဲဝင်ခဲ့ကြသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ ချစ်ကြည်ရင်းနှီးအပ်သော တိုင်းရင်းသား ညီနောင် လူငယ်လူရွယ်များအားလုံးကို အထူးပင်ကျေးဇူးတင်ရှိပါကြောင်း။

ထို့ပြင် ပြိုင်ပွဲကာလတစ်လျှောက် ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ ပြိုင်ပွဲဝင် အသင်းသူ အသင်းသားများ၊ ကြီးကြပ်အုပ်ချုပ်သူများ၊ နည်းပြများ အားလုံးကလည်း အဆင့်ရှိရှိ အပြိုင်အဆိုင် ကြိုးကြိုးစားစား ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်ကို ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း၊ ယခုကဲ့သို့ နိုင်ငံတော်အဆင့် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲမှ အနာဂတ်နိုင်ငံတော်အတွက် မြန်မာ့ရိုးရာယဉ်ကျေးမှု အမွေအနှစ်များ ထိန်းသိမ်းကြမည့် မျိုးဆက်သစ် ထူးချွန်သည့် အနုပညာရှင်မြောက်မြားစွာ ပေါ်ထွန်းလာမည်ဟု ယုံကြည်ပါကြောင်း။

ကျင်းပပြီးစီးခဲ့သည့် (၂၃) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို အကြောင်းပြု၍ ရရှိခဲ့သောအောင်မြင်မှု ဆုတံဆိပ်များ၊ ပြိုင်ပွဲကာလအတွင်း တွေ့ကြုံရင်းနှီးခဲ့ရသည့် တိုင်းရင်းသား ညီအစ်ကိုမောင်နှမများနှင့် အပြန်အလှန် ချစ်ကြည်ခိုင်မြဲခဲ့ရသော မေတ္တာတရားများကိုအခြေခံ၍ မိမိတို့ နေရပ်ဒေသများသို့ပြန်လည်ရောက်ရှိကြသည့်အခါ နိုင်ငံ့အကျိုးနှင့် တိုင်းရင်းသားညီအစ်ကိုမောင်နှမများ ဖြစ်ကြသည့် နိုင်ငံသူနိုင်ငံသားများ၏ အကျိုးကို သက်ဆိုင်ရာ လုပ်ငန်းခွင်၊ စာသင်ခန်းများမှတစ်ဆင့် ဆတက်ထမ်းပိုး သယ်ပိုးနိုင်ကြပါစေကြောင်း ပြောကြားသည်။



**အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) ပတ္တလားအတီးပြိုင်ပွဲတွင် ပထမဆုရရှိသော မွန်ပြည်နယ်မှ မနွေးနွေးထက် တီးခတ်ဖျော်ဖြေတင်ဆက်စဉ်။**

**ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်**

ထို့နောက် ဆုများ ပေးအပ်ချီးမြှင့်ရာ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီနာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က တိုင်းဒေသကြီး နှင့် ပြည်နယ်များမှ တိုင်းရင်းသားရိုးရာနှင့် ကျေးလက်ရိုးရာယဉ်ကျေးမှုအဖွဲ့များကို ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဝင်များက မဟာဂီတတေးသီချင်း အဆိုပြိုင်ပွဲ၊ ကာလပေါ်တေးသီချင်းအဆိုပြိုင်ပွဲ၊ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြှင့်တင်ရေး တေးသီချင်း အဆိုပြိုင်ပွဲတို့တွင် ဆုရရှိသူများကို ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် အဆင့်မြင့်ပညာအဆင့် (အမျိုးသား) **"အမျိုးဂုဏ်၊ ဇာတိဂုဏ်မြှင့် တင်ရေး"** တေးသီချင်း အဆိုပြိုင်ပွဲတွင် ပထမဆုရရှိသော ရန်ကုန်တိုင်းဒေသကြီးမှ မောင်စွမ်းရည်ထက်က ဖျော်ဖြေတင်ဆက်သည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဝင်များက အကပြိုင်ပွဲ၊ ရုပ်သေး ကြိုးဆွဲပြိုင်ပွဲ၊ ရုပ်စုံသဘင်အဖွဲ့လိုက်ပြိုင်ပွဲ၊ ကွက်စိပ်ပြိုင်ပွဲ၊ ရာမာယဏ ဇာတ်တော်ကြီး ပြိုင်ပွဲ၊ မြန်မာအကအခြေခံကဗျာလွတ် အကပြိုင်ပွဲတို့တွင် ဆုရရှိသူများနှင့် အကပံ့ပိုး ဆိုင်းအဖွဲ့ဆုရရှိသူများ၊ ဆို ငို ပြောထူးချွန်ဆု၊ ဇာတ်ပို့ဆိုင်းထူးချွန်ဆု၊ ဇာတ်ညွှန်းထူးချွန်ဆု၊ ဒါရိုက်တာထူးချွန်ဆု ရရှိသူများကို ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် အခြေခံပညာအဆင့် (အသက်၁၀ နှစ်မှ ၁၅ နှစ်အတွင်း) ကဗျာလွတ် အကပြိုင်ပွဲတွင် ပထမဆုရရှိခဲ့သည့် ကရင်ပြည်နယ်မှ နန်းသဇင်အေးနှင့် အဖွဲ့က ကပြဖျော်ဖြေတင်ဆက်သည်။

ယင်းနောက် ပြည်ထောင်စုတရားသူကြီးချုပ်က အရေးပြိုင်ပွဲတွင် ဆုရရှိကြသူများကို ဂုဏ်ပြုဆုတံဆိပ်များနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ဝါသနာရှင်အဆင့် (ပထမတန်း) အရေးပြိုင်ပွဲတွင် ပထမဆုရရှိသော ရန်ကုန်တိုင်းဒေသကြီးမှ ဦးဗိုလ်စိုး ရေးသားသည့် **"ထိန်းသိမ်းစို့လေ ရိုးရာအမွေ"** သီချင်းဖြင့် ဖျော်ဖြေတင်ဆက်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးများနှင့် ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များက စောင်းအတီးပြိုင်ပွဲ၊ စန္ဒရားအတီးပြိုင်ပွဲ၊ ပတ္တလားအတီးပြိုင်ပွဲ၊ တယောအတီးပြိုင်ပွဲ၊ မယ်ဒလင်အတီးပြိုင်ပွဲ၊ ဂီတာအတီးပြိုင်ပွဲနှင့် ဒုံမင်းအတီးပြိုင်ပွဲ၊ ဆိုင်းတစ်ဦးချင်းအတီးပြိုင်ပွဲ၊ ဆိုင်းအဖွဲ့လိုက်အတီးပြိုင်ပွဲ၊ နှဲပြိုင်ပွဲ၊ ပလွေပြိုင်ပွဲ၊ အိုးစည်ပြိုင်ပွဲ၊ ဒိုးပတ်ပြိုင်ပွဲတို့တွင် ဆုရရှိကြသူများကို ဂုဏ်ပြု ဆုတံဆိပ်များနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) ပတ္တလား အတီးပြိုင်ပွဲတွင် ပထမဆုရရှိသော မွန်ပြည်နယ်မှ မနွေးနွေးထက်က တီးခတ်ဖျော်ဖြေတင်ဆက်ပြီး အခမ်းအနားကို ရုပ်သိမ်းသည်။

(၂၃)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက ၊ အရေး၊ အတီး ပြိုင်ပွဲတွင် ဆုတံဆိပ်ရရှိမှုများမှာ ရန်ကုန်တိုင်းဒေသကြီးမှ ၁၂၈ ဆု၊ မန္တလေးတိုင်းဒေသကြီးမှ ၈၈ ဆု၊ ဧရာဝတီတိုင်းဒေသကြီးမှ ၅၈ ဆု၊ စစ်ကိုင်းတိုင်းဒေသကြီးမှ ၃၆ ဆု၊ ပဲခူးတိုင်းဒေသကြီးမှ ၃၃ ဆု၊ တနင်္သာရီတိုင်းဒေသကြီးမှ ၂၃ ဆု၊ မကွေးတိုင်းဒေသကြီးမှ ၂၂ ဆု၊ ချင်းပြည်နယ်မှ ၂၁ ဆု၊ ကရင်ပြည်နယ်မှ ဆု ၂၀ ၊ ရခိုင်ပြည်နယ်မှ ဆု ၂၀၊ ရှမ်းပြည်နယ်မှ ၁၉ ဆု၊ မွန်ပြည်နယ်မှ ၁၅ ဆု၊ ကချင်ပြည်နယ်မှ ၁၁ ဆုနှင့် ကယားပြည်နယ်မှ ၁၀ ဆု ရရှိခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# အဂတိလိုက်စားမှုများ တိုက်ဖျက်ဖို့ ပူးပေါင်းဆောင်ရွက်ကြပါစို့

လင်းလက်

**အဂတိလိုက်စားမှုဆိုသည်မှာ**

လာဘ်ပေးလာဘ်ယူပြုလုပ်ခြင်း၊ တံစိုးလက်ဆောင်ပေးခြင်း၊ လက်ခံခြင်းနှင့် ရယူခြင်းတို့သည်သာ အဂတိလိုက်စားမှုဖြစ်သည်ဟု အဂတိလိုက်စားမှုဆိုသည့် အနက်အဓိပ္ပာယ်ကို ယေဘုယျဆန်ဆန်နားလည်လက်ခံတတ်ကြပါသည်။ သို့ရာတွင် အဂတိလိုက်စားမှု၏ အနက်အဓိပ္ပာယ်သည် ထို့ထက်ကျယ်ပြန့်၍ အနက်အဓိပ္ပာယ်ဖွင့်ဆိုရန်ပင် ခက်ခဲလှပါသည်။ **အောက်စဖို့ဒ် (the Oxford) နှင့် မယ်ရီရမ်ဝက်ဘ်စတာ (Merriam- Webster) အဘိဓာန်တို့တွင်** "လုပ်ပိုင်ခွင့်အာဏာရှိသူများ၏ မရိုးဖြောင့်သော သို့မဟုတ် လိမ်လည်လှည့်ဖြားသော ပြုမူဆောင်ရွက်မှုနှင့် အထူးသဖြင့် သြဇာအာဏာရှိသူများ၏ မရိုးဖြောင့်သော သို့မဟုတ် တရားမဝင်သော အပြုအမူ" ဟု အဓိပ္ပာယ်ဖွင့်ဆိုထားပါသည်။

**အပြည်ပြည်ဆိုင်ရာအဓိပ္ပာယ်ဖွင့်ဆိုချက်များ**

ကုလသမဂ္ဂ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကွန်ဗင်းရှင်း (United Nations Convention Against Corruption_UNCAC)တွင် အဂတိလိုက်စားမှုဆိုသည်မှာ "အများပြည်သူဆိုင်ရာ အရာရှိများ၏ တရားဥပဒေနှင့် ဆန့်ကျင်သည့် ကျူးလွန်ဆောင်ရွက်မှုများ" ဟု လည်းကောင်း၊ ကမ္ဘာ့ဘဏ်က "ကိုယ်ကျိုးစီးပွားအတွက် အများပြည်သူဆိုင်ရာ လုပ်ငန်းဌာနအား အသုံးချခြင်း" ဟု လည်းကောင်း၊ စီးပွားရေး ပူးပေါင်း ဆောင်ရွက်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှုအဖွဲ့အစည်း (Organization for Economic Co-operation and Development-OECD)က "အများပြည်သူဆိုင်ရာ သို့မဟုတ် ပုဂ္ဂလိကဆိုင်ရာဌာနအား ကိုယ်ကျိုးစီးပွားအတွက် အလွဲသုံးစားပြုခြင်း"ဟုလည်းကောင်း၊ အပြည်ပြည်ဆိုင်ရာ ပွင့်လင်းမြင်သာမှုရှိရေးအဖွဲ့ (Transparency International-TI)က "ယုံကြည်အပ်နှံထားသော လုပ်ပိုင်ခွင့်အာဏာအား အလွဲသုံးစားပြုခြင်း" ဟု လည်းကောင်း အဓိပ္ပာယ်ဖွင့်ဆိုထားသည်ကို တွေ့ရှိရပါသည်။

**နိုင်ငံတိုင်းက လက်မခံ**

အဂတိလိုက်စားမှုသည် လူ့ကျင့်ဝတ်ကို ဖောက်ဖျက်သော အပြုအမူဖြစ်သည်ဟု ဆိုနိုင်သည်။ အဂတိလိုက်စားမှုဆိုသည့်အရာကို ထောက်ခံအားပေးသော၊ ဥပဒေအရ ကျူးလွန်ခွင့်ပြုသော နိုင်ငံ မရှိပေ။ နိုင်ငံတိုင်းက အဂတိလိုက်စားမှုကို လက်မခံနိုင်သဖြင့် ကုလသမဂ္ဂ၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကွန်ဗင်းရှင်း (UNCAC) သည် ၃၁-၁၀-၂၀၀၃ ရက် ကုလသမဂ္ဂအထွေထွေညီလာခံ၏ ဆုံးဖြတ်ချက် ၅၈/၄ အရ ပေါ်ထွက်လာခဲ့ရခြင်းပင် ဖြစ်ပါသည်။ ကမ္ဘာပေါ်ရှိ နိုင်ငံတိုင်း၌ အဂတိလိုက်စားမှုဆိုသည့် အရာကို မိမိနိုင်ငံ၊ မိမိဥပဒေဖြင့် အရေးယူဆောင်ရွက်နေကြပါသည်။

**သိင်္ဂါလောဝါဒသုတ်နှင့် အဂတိတရားလေးပါး**

မြတ်စွာဘုရားရှင် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံးစဉ်အခါက သိင်္ဂါလသူဌေးသားကို သိင်္ဂါလောဝါဒသုတ် (ခေါ်) ဂိဟိဝိနယ (ခေါ်) လူ့ဝတ်နည်း ကျင့်ဝတ်တရားတော်များဖြစ်သည့် ကမ္မကိလေသတရား လေးပါး၊ အဂတိတရားလေးပါး၊ ဥစ္စာပျက်စီးကြောင်း ခြောက်ပါး၊ အရပ်မျက်နှာခြောက်ပါးတို့ကို ဟောကြားညွှန်ပြ ဆိုဆုံးမတော်မူခဲ့သည်။ သိင်္ဂါလောဝါဒသုတ်လာ အဂတိတရားလေးပါးတို့မှာ-

**ဆန္ဒာဂတိ။** ချစ်ခင်သဖြင့် မလိုက်သင့်သည့် ဘက်ကိုလိုက်ခြင်း၊ မပြုသင့်သည်ကို ပြုခြင်း၊

**ဒေါသာဂတိ။** စိတ်ဆိုးသဖြင့် မလိုက်သင့်သည့် ဘက်ကိုလိုက်ခြင်း၊ မပြုသင့်သည်ကိုပြုခြင်း၊

**မောဟာဂတိ။** ဆင်ခြင်တုံတရားမရှိဘဲ မိုက်မဲတွေဝေသဖြင့် မလိုက်သင့်သည့် ဘက်ကိုလိုက်ခြင်း၊ မပြုသင့်သည်ကိုပြုခြင်း၊

**ဘယာဂတိ။** ကြောက်ရွံ့သဖြင့် မလိုက်သင့်သည့်ဘက်ကိုလိုက်ခြင်း၊ မပြုသင့်သည်ကိုပြုခြင်း တို့ဖြစ်ပါသည်။

**အကျိုးနှင့် အပြစ်**

ချစ်ခြင်းကြောင့်လည်းကောင်း၊ မုန်းခြင်းကြောင့်လည်းကောင်း၊ ကြောက်ခြင်းကြောင့်လည်းကောင်း၊ မသိခြင်းကြောင့်လည်းကောင်း မည်သည့်အကြောင်းကြောင့်မဆို ဘက်လိုက်ခြင်း

> ❖ **မြန်မာနိုင်ငံသည် လွတ်လပ်ရေးရပြီး ၁၀ လအကြာ ၁၉၄၈ ခုနှစ် နိုဝင်ဘာ ၈ ရက်တွင် အဂတိလိုက်စားမှုတားမြစ်ရေး အက်ဥပဒေကို ပြဋ္ဌာန်းကာ တံစိုးလက်ဆောင်ပေးခြင်း၊ ရယူခြင်းနှင့် အဂတိလိုက်စားခြင်းတို့ကို တားမြစ်ထိန်းချုပ်ဆောင်ရွက်ခဲ့ပါသည်။ သို့ဖြစ်ရာ မြန်မာနိုင်ငံနှင့် မြန်မာ့သမိုင်း၌ မည်သည့်အချိန်တွင်မှ အဂတိလိုက်စားမှုကို လက်ခံခဲ့ခြင်းမရှိဘဲ ခေတ်စနစ်နှင့်အညီ တွန်းလှန်တိုက်ဖျက်ခဲ့သည်ဟု ဆိုနိုင်ပါသည်**

မပြုသင့်သည်ကို ပြုကျင့်ခြင်းဖြင့် အဂတိတရားလေးပါးကို လိုက်စားသောသူသည် လဆုတ်သောအခါ လမင်း၏ အရောင်အဝါသည် တစ်နေ့တခြားလျော့ပါးဆုတ်ယုတ်သကဲ့သို့ စည်းစိမ်ဥစ္စာနှင့်တကွ အခြံအရံနှင့် ကျော်စောခြင်းတို့သည် လျော့ပါးဆုတ်ယုတ်တတ်သဖြင့် အဂတိတရားလေးပါးကို ရှောင်ရှားသင့်ကြောင်း မြတ်စွာဘုရားရှင်က ဆုံးမထားခြင်းဖြစ်သည်။

အဂတိတရားလေးပါးကို ရှောင်ရှား၍ လူ့ကျင့်ဝတ်များကို လိုက်နာစောင့်ထိန်းကာ ပြုမူဆောင်ရွက်သူသည် လဆန်းသောအခါ လမင်း၏အရောင်အဝါသည် တစ်နေ့တခြား တိုးပွားလာဘိသကဲ့သို့ စည်းစိမ်ဥစ္စာနှင့်တကွ အခြံအရံနှင့် ကျော်စောခြင်းတို့သည် တစ်နေ့တခြား တိုးပွားလာမည် ဖြစ်ပါသည်။

**အလောင်းမင်းတရား လက်ထက်အခါ**

မြန်မာ့သမိုင်းတွင် ကုန်းဘောင်မင်းဆက်နှင့် တတိယမြန်မာနိုင်ငံတော်ကို တည်ထောင်ခဲ့သော အလောင်းမင်းတရားကြီး ဦးအောင်ဇေယျသည် တိုင်းပြည်ကို စီမံအုပ်ချုပ်ရာတွင် ကျေးသားရင်သားခွဲခြားမှုမရှိ၊ ဘက်လိုက်မှုမရှိသဖြင့် ပြည်သူများ၏ ချစ်ခင်ယုံကြည်မှုကို ရရှိခဲ့ပါသည်။ မိဖုရားခေါင်ကြီးက ၎င်း၏မောင်တော်သည် ရာထူးနေရာမရှိ၍ ချီးမြှင့်မြှောက်စားပေးရန် လျှောက်တင်မှုအပေါ် နန်းတော်အောက်၌မွေးနေသော ခွေးကို သွားရောက်ကြည့်ရှုစေရာ တိကျသေချာမှုမရှိဘဲ အကြိမ်ကြိမ် ပြန်လည်ကြည့်ရှုနေသည်ကို ထောက်ပြကာ ယောက်ဖတော်ပင် ဖြစ်လင့်ကစား ရာထူးရာခံ ချီးမြှင့်ခြင်း မပြုခဲ့သဖြင့် ပြည်သူများ၏ ချစ်ခင်ယုံကြည်မှု ပိုမိုရရှိခဲ့ပါသည်။

**သမိုင်းအဆက်ဆက် တိုက်ဖျက်ခဲ့ပါသည်**

မြန်မာနိုင်ငံသည် အကြောင်းအမျိုးမျိုးကြောင့် အင်္ဂလိပ်လက်အောက် ကျရောက်ခဲ့ရပြီး ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်တွင် လွတ်လပ်ရေး ရခဲ့ပါသည်။ လွတ်လပ်ရေးရပြီး ၁၀ လအကြာ ၁၉၄၈ ခုနှစ် နိုဝင်ဘာ ၈ ရက်တွင် အဂတိလိုက်စားမှုတားမြစ်ရေး အက်ဥပဒေကို ပြဋ္ဌာန်းကာ တံစိုးလက်ဆောင်ပေးခြင်း၊ ရယူခြင်းနှင့် အဂတိလိုက်စားခြင်းတို့ကို တားမြစ်ထိန်းချုပ်ဆောင်ရွက်ခဲ့ပါသည်။ သို့ဖြစ်ရာ မြန်မာနိုင်ငံနှင့် မြန်မာ့သမိုင်း၌ မည်သည့်အချိန်တွင်မှ အဂတိလိုက်စားမှုကို လက်ခံခဲ့ခြင်းမရှိဘဲ ခေတ်စနစ်နှင့်အညီ တွန်းလှန်တိုက်ဖျက်ခဲ့သည်ဟု ဆိုနိုင်ပါသည်။

**ဥပဒေအရ တားမြစ်ရ**

အဂတိလိုက်စားမှုကြောင့် နိုင်ငံ၏ စီးပွားရေး၊ အုပ်ချုပ်ရေး၊ နိုင်ငံရေး၊ လူမှုရေးစနစ်များကို ထိခိုက်စေပြီး အများပြည်သူ၏ လူမှုစီးပွားဘဝများကို ထိခိုက်ပျက်စီးစေသဖြင့် မြန်မာနိုင်ငံ၌ ၂၀၁၃ ခုနှစ်တွင် အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေကို ပြဋ္ဌာန်းကာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ကို ဖွဲ့စည်းခဲ့ပြီး အဂတိလိုက်စားမှုတိုက်ဖျက်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်။ ခေတ်စနစ်နှင့်အညီဖြစ်စေရန် ဥပဒေကို စတုတ္ထအကြိမ်အထိ ပြင်ဆင်ကာ အသွင်အမျိုးမျိုးဖြင့် ဖြစ်ပွားနေသော အဂတိလိုက်စားမှုများကို ဟန့်တားထိန်းချုပ်၊ အရေးယူ ဆောင်ရွက်လျက်ရှိပါသည်။

စတုတ္ထအကြိမ်ပြင်ဆင်ခဲ့သော အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၃ (က) (၁)နှင့် ၃ (က) (၂) တို့တွင် အဂတိလိုက်စားမှု၏ အဓိပ္ပာယ်ကို အောက်ဖော်ပြပါအတိုင်း ဖွင့်ဆိုထားပါသည်-

(က) မည်သူမဆို ရာထူးတာဝန်ကို အလွဲသုံးစားပြု၍ ဖြစ်စေ၊ အခြားနည်းဖြင့် ဖြစ်စေ တစ်စုံတစ်ရာကို ပြုလုပ်ရန် သို့မဟုတ် ဥပဒေနှင့်အညီ ပြုလုပ်ခြင်းမှ ရှောင်ကြဉ်စေရန် သို့မဟုတ် တစ်ဦးတစ်ယောက်အား ဥပဒေနှင့်အညီ ရထိုက်သော အခွင့်အရေးကိုပေးရန် သို့မဟုတ် ဥပဒေနှင့်အညီ ရထိုက်ခွင့်မရှိသော အခွင့်အရေးကိုပေးရန် သို့မဟုတ် ဥပဒေနှင့်အညီ ရထိုက်သောအခွင့်အရေးကို မမှန်မကန် ပိတ်ပင်ရန်အတွက် တံစိုးလက်ဆောင်ကို တစ်ဦးတစ်ယောက်အားပေးခြင်း၊ ပေးရန်အားထုတ်ခြင်း သို့မဟုတ် တစ်ဦးတစ်ယောက်ထံမှ လက်ခံခြင်း၊ ရယူခြင်းနှင့် ရယူရန်အားထုတ်ခြင်းတို့ကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ တစ်နည်းနည်းဖြင့် ပြုလုပ်ခြင်း၊

(ခ) မည်သူမဆို သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၊ အများပြည်သူဆိုင်ရာ အဖွဲ့အစည်း သို့မဟုတ် အခြားအဖွဲ့အစည်း၏ ပြည်သူ့ဘဏ္ဍာကို ကိုင်တွယ်စီမံဆောင်ရွက်သည့် လုပ်ငန်းစဉ်တွင်ဖြစ်စေ၊ ယင်းတို့၏ ပိုင်ဆိုင်မှုကို တောင်းခံခြင်း၊ ရယူခြင်း၊ စီမံခန့်ခွဲခြင်း၊ ရှင်းလင်းဖျက်သိမ်းခြင်းပြုရာတွင်ဖြစ်စေ၊ ယင်းတို့နှင့် သက်ဆိုင်မှုရှိသော သဘောတူစာချုပ်တစ်ခုတွင် ပါဝင်ခြင်း၊ စီမံဆောင်ရွက်ခြင်းပြုရာတွင်ဖြစ်စေ တည်ဆဲဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ လုပ်ထုံးလုပ်နည်း တစ်ရပ်ရပ်ကို ဖောက်ဖျက်လျက် နိုင်ငံတော်၏ ငွေကြေး၊ ပစ္စည်းနှင့် ပိုင်ဆိုင်မှုကို ထိခိုက်နစ်နာ ပျက်စီးဆုံးရှုံးစေခြင်း။

**ပိုမိုထိရောက်စွာ အရေးယူဆောင်ရွက်လာ**

၂၀၁၃ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သည့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေအရ အဂတိလိုက်စားမှုဆိုရာတွင် တံစိုးလက်ဆောင် လက်ခံခြင်းနှင့် ရယူခြင်းတို့အတွက်သာ အရေးယူဆောင်ရွက်နိုင်ခဲ့သဖြင့် နိုင်ငံတော်ဘဏ္ဍာ ထိခိုက်နစ်နာဆုံးရှုံးမှုများကို အရေးယူဆောင်ရွက်နိုင်ရန် ၂၀၁၈ ခုနှစ် စတုတ္ထအကြိမ် ပြင်ဆင်ခဲ့သည့် ဥပဒေတွင် အဂတိလိုက်စားမှု၏ အဓိပ္ပာယ်ကို ပိုမိုကျယ်ပြန့်စွာ ဖွင့်ဆိုခဲ့ပြီး "နိုင်ငံတော်၏ ငွေကြေး၊ ပစ္စည်းနှင့် ပိုင်ဆိုင်မှုကို ထိခိုက်နစ်နာ ပျက်စီးဆုံးရှုံးမှုများ" ကိုပါ အရေးယူဆောင်ရွက်နိုင်ခဲ့သဖြင့် အဂတိလိုက်စားမှုများကို ပိုမိုထိရောက်စွာ အရေးယူဆောင်ရွက်နိုင်ခဲ့သည်ကို တွေ့ရှိရပါသည်။

**အဂတိပယ်ခွာ ပြည်သာယာရေး**

အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၄၄ အရ မည်သူမဆို အဂတိလိုက်စားမှု သို့မဟုတ် အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းတို့နှင့်စပ်လျဉ်း၍ ကော်မရှင်၊ ကော်မရှင်ရုံး၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးအဖွဲ့၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်ပါသည်။

အဂတိလိုက်စားမှုများကြောင့် နစ်နာသူများအနေဖြင့် တိုင်တန်းချက်များပေးပို့ရာတွင် တိုင်ကြားနိုင်မည့် နည်းလမ်းများ၊ သတိပြုရမည့်အချက်များနှင့် ကော်မရှင်အနေဖြင့် တိုင်ကြားစာများကို စိစစ်သည့် လုပ်ငန်းစဉ်အဆင့်ဆင့်တို့ကို ကော်မရှင်၏ Website နှင့် Facebook Page များတွင်လည်း ဖော်ပြထားပါသည်။ ထို့ပြင် နိုင်ငံပိုင်သတင်းစာများတွင်လည်း အလျဉ်းသင့်သလိုဖော်ပြလျက်ရှိရာ ပြည်သူများက အဂတိလိုက်စားမှုများကို လုံးဝသည်းခံခွင့်လွှတ်ခြင်းမပြုသောစိတ်ဖြင့် အဂတိလိုက်စားမှုများကို သတ်မှတ်ချက်များနှင့်အညီ သတင်းပေးဖော်ထုတ်တိုင်ကြားခြင်းဖြင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် ပူးပေါင်းကာ အဂတိပယ်ခွာ ပြည်သာယာရေး ပူးပေါင်းဆောင်ရွက်ပေးကြပါရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

**ကိုးကား**

၁။ Wikipedia

၂။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ

၃။ ကုလသမဂ္ဂအဂတိလိုက်စားမှု တိုက်ဖျက်ရေး ကွန်ဗင်းရှင်း

၄။ အောက်စဖို့ဒ်(the Oxford)နှင့်မယ်ရီရမ်ဝက်ဘ်စတာ (Merriam-Webster) အဘိဓာန်

၅။ https://info.worldbank.org/governance/wgi/

၆။ www.oecd.org/corruption

၇။ https://www.transparency.org/en/

၈။ https:// www.lexico.com/ definition/ corruption

၉။ https://news-eleven.com/article/129905

# ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (UNHCR) ၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် Ms. Hai Kyung Jun နှင့်အဖွဲ့ကို လက်ခံတွေ့ဆုံ

နေပြည်တော် အောက်တိုဘာ ၁၈

**လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင် သည် ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (UNHCR) ၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် Ms. Hai Kyung Jun နှင့်အဖွဲ့ကို ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာနဝန်ကြီးရုံး အစည်းအဝေး ခန်းမ၌ လက်ခံတွေ့ဆုံသည်။** (ယာပုံ)



ထိုသို့ တွေ့ဆုံစဉ် ဝန်ကြီးဌာနနှင့် UNDP-UNHCR တို့အကြား နားလည်မှုစာချွန်လွှာ (MoU) လက်မှတ်ရေးထိုး၍ ရခိုင်ပြည်နယ် ဘူးသီးတောင်နှင့် မောင်တောမြို့နယ်များအတွင်း ဒေသခံပြည်သူများ အတွက် အကျိုးသက်ရောက်မှု ထိရောက်မြန်ဆန်သည့် လုပ်ငန်းဆိုင်ရာစီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်မှု၊ MoU မူဘောင်အရ ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် မိမိတို့ဝန်ကြီးဌာန အပါအဝင် အခြားသောဝန်ကြီးဌာနများနှင့် လုပ်ငန်းများ ပူးပေါင်းဆောင်ရွက်နေမှု၊ ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသွားသူများ ပြန်လည်လက်ခံရေး အတွက် မြန်မာ -ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံပူးပေါင်း ဆောင်ရွက်နေမှုနှင့် ယင်းလုပ်ငန်းစဉ်အပေါ် မလိုလားသည့်အဖွဲ့များက နှောင့်ယှက်ဟန့်တား ဆောင်ရွက်နေမှု၊ ရခိုင်ပြည်နယ်အတွင်း လုံခြုံရေး အခြေအနေအရ ဆောင်ရွက်နိုင်သမျှနေရာများကို သွားရောက်ဆောင်ရွက်ခွင့်ရရှိရေးအတွက် ကူညီဆောင်ရွက်ပေးနိုင်ရေးအခြေအနေများ၊ မောင်တော ဒေသတွင် တာဝန်ထမ်းဆောင်နေသည့် UNHCR ဝန်ထမ်းများ နေခွင့်နှင့်ခရီးသွားလာခွင့် ထပ်မံတိုးမြှင့်တင်ပြမှုအပေါ် ခွင့်ပြုပေးနိုင်ရေးအခြေအနေ၊ မြန်မာနိုင်ငံအနေဖြင့် နေရပ်စွန့်ခွာသွားသူများ ပြန်လည်လက်ခံရေးအတွက် အဆင်သင့်ပြင်ဆင်ဆောင်ရွက်ထားရှိမှုနှင့် ယင်းသို့ဆောင်ရွက်မှုအပေါ် ကုလသမဂ္ဂ အပါအဝင် နိုင်ငံတကာအဖွဲ့အစည်းများသို့ ပြန်လည်ရှင်းလင်းပြောကြားပေးနိုင်ရေး အခြေအနေများနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

---

# နည်းပညာတက္ကသိုလ်များနှင့် ကွန်ပျူတာတက္ကသိုလ်များ ၂၀၂၂- ၂၀၂၃ ပညာသင်နှစ် ပထမနှစ်မှ ပါရဂူဘွဲ့အထိ သင်တန်းအားလုံး နိုဝင်ဘာလတွင် ဖွင့်မည်

**နေပြည်တော် အောက်တိုဘာ ၁၈**

နည်းပညာ တက္ကသိုလ်များနှင့် ကွန်ပျူတာတက္ကသိုလ်များတွင် ၂၀၂၂ - ၂၀၂၃ ပညာသင်နှစ်၏ ပထမနှစ်မှ ပါရဂူဘွဲ့အထိ သင်တန်းများ အားလုံးကို ၂၀၂၂ ခုနှစ် နိုဝင်ဘာလတွင် ဖွင့်လှစ်မည်ဖြစ်ပါကြောင်း၊ နည်းပညာတက္ကသိုလ်များနှင့် ကွန်ပျူတာတက္ကသိုလ်များတွင် သင်ကြားရေးနှင့် စီမံခန့်ခွဲရေးဆိုင်ရာ လုပ်ငန်းများ အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရေး၊ တည်ဆောက်ရေးနှင့် စက်ပစ္စည်းဝယ်ယူရေး လုပ်ငန်းများကို လျာထားရာတွင် လက်ရှိ ဆရာ၊ ဆရာမ၊ ဝန်ထမ်း၊ ကျောင်းသား၊ကျောင်းသူအင်အား၊ Infrastructure နှင့် စံသတ်မှတ်ချက်များအပေါ်မူတည်၍ ဘဏ္ဍာရေးနှစ်အလိုက် ဦးစားပေးအစီအစဉ်များဖြင့် ဆောင်ရွက်ကြရမည်ဖြစ်ပြီး ဘာသာရပ်အလိုက် လက်တွေ့ခန်းများကိုလည်း အဆင့်မြှင့်တင် ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်က ပြောကြားသည်။



သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန အဆင့်မြင့်သိပ္ပံနှင့် နည်းပညာဦးစီးဌာနရှိ နည်းပညာတက္ကသိုလ်များနှင့် ကွန်ပျူတာတက္ကသိုလ်များ၏ ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်က ယင်းသို့ ပြောကြားခြင်းဖြစ်သည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီးက နည်းပညာတက္ကသိုလ်နှင့် ကွန်ပျူတာတက္ကသိုလ် အသီးသီးတို့တွင် ပညာသင်ယူကြသည့် ကျောင်းသား ကျောင်းသူများ အမှန်တကယ် ကျွမ်းကျင်တတ်မြောက်ပြီး တီထွင်ဖန်တီးနိုင်စွမ်းရှိသော အသိပညာရှင်၊ အတတ်ပညာရှင်များ ဖြစ်လာစေရေး လိုအပ်ပါကြောင်း၊ တက္ကသိုလ်များ၏ ဘာသာရပ်အလိုက် နိုင်ငံအကျိုးပြု၊ ဒေသအကျိုးပြု သုတေသနများ ဆောင်ရွက်ရန်နှင့် နိုင်ငံတော်၏ မူဝါဒနှင့် ကိုက်ညီသည့် Projects များ/ သုတေသနများကို ဘွဲ့ကြို/ဘွဲ့လွန်သင်တန်းများတွင် လုပ်ဆောင်ရန် လိုအပ်ပါကြောင်း၊ တက္ကသိုလ်များတွင် အရည်အသွေးအာမခံမှု (Accre-ditation) ရရှိနိုင်ရေးနှင့် Credit စနစ် ကျင့်သုံးနိုင်ရေးအတွက် ဆောင်ရွက်ပေးစေလိုပါကြောင်း၊ နိုင်ငံတကာတက္ကသိုလ်များ/ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်သည့်အခါ လက်မှတ်ရေးထိုးထားရှိပြီး သက်တမ်းဝင်နေဆဲဖြစ်သော နားလည်မှုစာချွန်လွှာ (MoU)၊ သဘောတူညီမှုစာချွန်လွှာ(MoA)များနှင့် စီမံကိန်းများ၏ အကောင် အထည်ဖော်ဆောင်မှု အခြေအနေများကိုလည်း စိစစ်၍ အချိန်မီဆောင်ရွက်ရန်နှင့် လိုအပ်သည်များကို တစ်ဖက်အဖွဲ့အစည်းနှင့် ချိတ်ဆက်၍ ပူးပေါင်းဆောင်ရွက်ရန်နှင့် စာချုပ်များ ပြင်ဆင်ချုပ်ဆိုရန်ရှိပါက ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ အချိန်မီ ပြင်ဆင်ဆောင်ရွက်ရန် အရေးကြီးပါကြောင်း၊ တက္ကသိုလ်များ၏ မျက်နှာစာ သန့်ရှင်းသာယာလှပရေးနှင့် စိမ်းလန်းစိုပြည်ရေးကို ဂရုတစိုက် ဆောင်ရွက်ပေးစေလိုပြီး သင်ကြား/သင်ယူမှု ပတ်ဝန်းကျင်ကောင်းများ အစဉ်ဖြစ်နေစေရန် ကြိုးပမ်းဆောင်ရွက်စေလိုပါကြောင်း ပြောကြားသည်။

ယင်းနောက် အဆင့်မြင့်သိပ္ပံနှင့် နည်းပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်နွယ်နီက လုပ်ငန်းဆောင်ရွက်ချက်နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် တက်ရောက်လာကြသည့် တက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ ဒုတိယပါမောက္ခချုပ်များက တက္ကသိုလ်များအလိုက် သင်ကြားရေးနှင့် စီမံရေးရာကိစ္စရပ်များအပြင် လူ့စွမ်းအား အရင်းအမြစ် ပြုစုပျိုးထောင်ရေးနှင့် ပညာသင်ကြားရေးဆိုင်ရာလုပ်ငန်းများ၊ နိုင်ငံတကာ ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး၊ မူဝါဒ၊ စီမံကိန်းနှင့် စာရင်းအင်းဆိုင်ရာ လုပ်ငန်းများ၊ အရည်အသွေး စီမံခန့်ခွဲရေးနှင့် လေ့လာဆန်းစစ်ရေး၊ တည်ဆောက်ရေးဆိုင်ရာ စသည့်လုပ်ငန်းအားသာချက်များ၊ အားနည်းချက်များနှင့် စိန်ခေါ်မှုများကို တင်ပြဆွေးနွေးကြသည်။

အဆိုပါ ညှိနှိုင်းအစည်းအဝေးသို့ ဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ အဆင့်မြင့် သိပ္ပံနှင့်နည်းပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ တက္ကသိုလ်အသီးသီးမှ ပါမောက္ခချုပ်များ၊ ဒုတိယပါမောက္ခချုပ်များ တက်ရောက်ကြပြီး အစည်းအဝေးကို အောက်တိုဘာ ၁၉ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

---

# သက်ကြီးစာပေပညာရှင်များ ပူဇော်ကန်တော့ပွဲအတွက် အလှူငွေများလှူဒါန်း



**ရန်ကုန် အောက်တိုဘာ ၁၈**

၁၃၈၄ ခုနှစ် မြန်မာနိုင်ငံ စာဆိုတော်နေ့ အထိမ်းအမှတ် (၃၅) ကြိမ်မြောက် သက်ကြီးစာပေပညာရှင်များ ပူဇော်ကန်တော့ပွဲအတွက် မြန်မာနိုင်ငံ စာရေးဆရာအသင်းသို့ စေတနာရှင်များက အလှူငွေများ ဆက်လက်လှူဒါန်းကြရာ ဦးမြင့်စိုး (စာရေးဆရာ မြင့်စိုး-နတလ)က အလှူငွေကျပ် သုံးသိန်း၊ ဦးဝေလွင်(စာရေးဆရာ ဝေလွင်မောင်)က ငွေကျပ် နှစ်သိန်း၊ ဒေါက်တာအေးမင်း (ဒေါက်တာအောင်ထက် ဆေး-၁) မိသားစုနှင့် ဦးသန်းဝင်း (မင်းယဉ်စု)မိသားစုတို့က ငွေကျပ် တစ်သိန်းစီ၊ စာရေးဆရာကြီး ကပ္ပတိန်သာစိန် မိသားစုက ငွေကျပ်ခုနစ်သောင်း၊ မရမ်းကုန်း မြို့နယ် စာရေးဆရာအသင်း နှင့် ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်စာရေးဆရာအသင်းတို့က ငွေကျပ် ငါးသောင်းစီ၊ ဦးထင်ကျော်မိုး (မြေလတ်ထင်ကျော်မိုး) မိသားစုက ငွေကျပ်နှစ်သောင်း ပေးအပ်လှူဒါန်းကြရာ အသင်းအတွင်းရေးမှူး ဦးညွန့်တင် (မောင်ငြိမ်းသူ-ကြို့ပင်ကောက်) နှင့် တာဝန်ရှိသူများက လက်ခံရယူပြီး ကျေးဇူးတင်စကားပြောကြားသည်။

အလှူငွေဖြစ်စေ၊ အလှူပစ္စည်းဖြစ်စေ လှူဒါန်းလိုပါက မြန်မာနိုင်ငံ စာရေးဆရာအသင်း၊ အမှတ် (၁၇၃၁၇၅) ပန်းဆိုးတန်းလမ်း (အလယ်) ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၂၅၂၄၁၇၊ ၀၉-၄၅၀၀၉၀၄၈၆ သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

# မှတ်သားဖွယ်ရာ မိုးရေချိန်များ

**နေပြည်တော် အောက်တိုဘာ ၁၈**

မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ ကော့သောင်းမြို့တွင် ၃ ဒသမ ၄၆ လက်မ၊ မိုးမိတ်(မြစ်ဆုံ) တွင် ၂ ဒသမ ၅၂ လက်မ၊ ကိုကိုးကျွန်းမြို့တွင် ၁ ဒသမ ၅၃ လက်မ၊ ကန့်ဘလူမြို့တွင် ၁ ဒသမ ၄၆ လက်မ၊ ပခုက္ကူမြို့တွင် ၀ ဒသမ ၉၈ လက်မနှင့် ကျောက်တော်မြို့တွင် ၀ ဒသမ ၇၉ လက်မတို့ ဖြစ်ကြသည်။ **မိုး/ဇလ**

# (၂၄) ကြိမ်မြောက် အာဆီယံငွေရေးကြေးရေးပေါင်းစည်းရေးဆိုင်ရာ အဆင့်မြင့်ကော်မတီ အစည်းအဝေးကျင်းပ






**နေပြည်တော် အောက်တိုဘာ ၁၈**
(၂၄) ကြိမ်မြောက် အာဆီယံငွေရေးကြေးရေး ပေါင်းစည်းရေးဆိုင်ရာ အဆင့်မြင့်ကော်မတီ အစည်းအဝေး (24th ASEAN Senior Level Committee–SLC on Financial Integration) ကို ယနေ့ နံနက် ၇ နာရီ တွင် Hybrid Format ဖြင့် ကျင်းပရာ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဒေါက်တာ လင်းအောင် တက်ရောက်သည်။

### ငွေရေးကြေးရေး ဖွံ့ဖြိုးတိုးတက်မှု

ဦးစွာပူးတွဲသဘာပတိများဖြစ်ကြသည့် စင်ကာပူနိုင်ငံ ငွေကြေးအာဏာပိုင်အဖွဲ့နှင့် လာအိုနိုင်ငံ ဗဟိုဘဏ်တို့မှ ဒုတိယဥက္ကဋ္ဌများက အဖွင့်အမှာစကားများပြောကြားခဲ့ပြီး အာဆီယံ+၃ မေခရိစီးပွားရေး သုတေသနရုံး (ASEAN+3 Macroeconomic Research Office – AMRO) နှင့် အာရှဖွံ့ဖြိုးရေးဘဏ် (Asian Development Bank–ADB) တို့မှ လတ်တလော မေခရိစီးပွားရေးအခြေအနေများ၊ ကမ္ဘာတစ်ဝန်းနှင့် ဒေသတွင်းဆိုင်ရာ ငွေရေးကြေးရေး ဖွံ့ဖြိုးတိုးတက်မှုနှင့်စပ်လျဉ်း၍ တင်ပြကြသည်။

ဆက်လက်၍ အာဆီယံနိုင်ငံများ အချင်းချင်း သတင်းအချက်အလက် အပြန်အလှန်ချိတ်ဆက်နိုင်သောမူဘောင် (ASEAN Interoperable Data Framework) နှင့် အာဆီယံနိုင်ငံများအချင်းချင်း ငွေပေးချေမှုစနစ်များ ချိတ်ဆက်မှုအစီအစဉ် (ASEAN Multilateral Payments Connectivity Initiative) တို့နှင့်စပ်လျဉ်းသည့် တိုးတက်မှုအခြေအနေများကို သက်ဆိုင်သည့် လုပ်ငန်းကော်မတီများမှ ရှင်းလင်းတင်ပြကြသည်။

အစည်းအဝေးကို မွန်းလွဲပိုင်းတွင် ဆက်လက်ကျင်းပရာ အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ အာဆီယံငွေရေးကြေးရေး ပူးပေါင်းဆောင်ရွက်မှုအတွက် ဦးစားပေးဆောင်ရွက်လျက်ရှိသည့် အကြောင်းအရာများ၊ တိုးတက်မှုနှင့် အာဆီယံစီးပွားရေး အသိုက်အဝန်း (ASEAN Economic Community–AEC) လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အာဆီယံဘဏ်လုပ်ငန်း ပေါင်းစည်းရေးမူဘောင် (ASEAN Banking Integration Framework– ABIF)၊ ငွေလုံးငွေရင်း စာရင်းပိုမိုလွတ်လပ်ခွင့်ပြုရေး (Capital Account Liberalization–CAL)၊ အရင်းအနှီးဈေးကွက်ဖွံ့ဖြိုးတိုးတက်မှု (Capital Market Development–CMD)၊ အားလုံး ပါဝင်သော ငွေရေးကြေးရေးကဏ္ဍ (Financial Inclusion–FINC)၊ ငွေရေးကြေးရေး ဝန်ဆောင်မှုလုပ်ငန်းများ လွတ်လပ်ခွင့်ပြုရေး (Financial Services Liberalization–FSL)၊ ငွေပေးချေမှုနှင့် စာရင်းရှင်းလင်းမှုစနစ် (Payment and Settlement System–PSS)၊ စွမ်းရည်မြှင့်တင်ရေး ကြီးကြပ်ထိန်းကျောင်းမှုကော်မတီ (Steering Committee on Capacity Building – SCCB) တို့နှင့်စပ်လျဉ်း၍ နောက်ဆုံးတိုးတက်မှုကို လုပ်ငန်းကော်မတီအသီးသီးမှ ရှင်းလင်းတင်ပြရာ ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌများက လမ်းညွှန်မှုများပြုကြသည်။

### ရှင်းလင်းတင်ပြ

ထို့နောက် အဆင့်မြင့်ကော်မတီလုပ်ငန်းအဖွဲ့၏ ပူးတွဲသဘာပတိများက ရေရှည်တည်တံ့ခိုင်မြဲပြီး အကျပ်အတည်းဖြစ်ပေါ်မှုဒဏ်ကို ခံနိုင်ရည်ရှိစေရေး အထောက်အကူပြုဘဏ္ဍာငွေ (Sustainable Finance) နှင့်စပ်လျဉ်း၍ လည်းကောင်း၊ မလေးရှားနိုင်ငံဗဟိုဘဏ်က အာဆီယံဒေသတွင်း ဆိုက်ဘာလုံခြုံရေးဆိုင်ရာခံနိုင်ရည်ရှိမှုနှင့် သတင်းအချက်အလက်များ မျှဝေခြင်းအစီအစဉ် (ASEAN Cybersecurity Resilience and Information Sharing Platform– CRISP)နှင့်စပ်လျဉ်း၍ လည်းကောင်း ရှင်းလင်းတင်ပြသည်။

ယင်းနောက် အာဆီယံငွေကြေးဖလှယ်မှု အစီအစဉ်နှင့်စပ်လျဉ်း၍ နောက်ဆုံးတိုးတက်မှု အခြေအနေ (Update on ASEAN Swap Arrangement–ASA) ကို ဖိလစ်ပိုင်နိုင်ငံဗဟိုဘဏ်က လည်းကောင်း၊ အာဆီယံငွေရေးကြေးရေးပေါင်းစည်းရေး အဆင့်မြင့်ကော်မတီဆိုင်ရာအချက်များ (Terms of Reference –TOR) နှင့်စပ်လျဉ်း၍ စင်ကာပူငွေကြေးအာဏာပိုင်အဖွဲ့ကလည်းကောင်း တင်ပြခဲ့ရာ ဒုတိယဥက္ကဋ္ဌများက လမ်းညွှန်မှုများ ပြုလုပ်ကြသည်။ ယင်းနောက် အစည်းအဝေး ပူးတွဲသဘာပတိများက နိဂုံးချုပ်အမှာစကားများပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မဲဆန္ဒရှင်စာရင်းများ စိစစ်ခြင်းနှင့် မဲရုံအရေအတွက်များ လျာထားသတ်မှတ်ခြင်းဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် အောက်တိုဘာ ၁၈**
ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်သည် လွတ်လပ်ပြီး တရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများကို ကျင်းပပြုလုပ်နိုင်ရန် ကြိုတင်ပြင်ဆင် ဆောင်ရွက်လျက်ရှိရာ လာမည့်ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲအတွက် မဲဆန္ဒရှင်ပြည်သူများ ဥပဒေနှင့်အညီ လွတ်လပ်စွာ မဲပေးနိုင်ရေးအတွက် ပဲခူးတိုင်းဒေသကြီး အတွင်း မဲဆန္ဒရှင်စာရင်းများ စိစစ်ခြင်းနှင့် မဲရုံတည်နေရာများ အတည်ပြု သတ်မှတ်ခြင်းများ ဆောင်ရွက်သည့် ညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၉ နာရီခွဲတွင် ပြည်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဦးစိုးဦးနှင့် ဦးတင်မောင်ဆွေ၊ ပြည်ခရိုင် တပ်နယ်မှူး၊ ပဲခူးတိုင်းဒေသကြီးနှင့် ပြည်ခရိုင် ရွေးကောက်ပွဲအရာရှိများ၊ ခရိုင်အုပ်ချုပ်ရေးမှူး၊ ခရိုင်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ဦးစီးမှူး၊ ပေါက်ခေါင်း၊ ပေါင်းတည်၊ ပန်းတောင်း၊ ပြည်၊ ရွှေတောင်၊ သဲကုန်းမြို့နယ်တို့မှ မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ မြို့နယ်ရွေးကောက်ပွဲ အရာရှိများ၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ဦးစီးမှူးများ၊ ပြည်မြို့နယ်အတွင်းရှိ ရပ်ကွက်/ ကျေးရွာအုပ်စု ၆၉ အုပ်စုမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး ကော်မရှင်အဖွဲ့ဝင်များက အမှာစကား ပြောကြားသည်။



ယင်းနောက်အစည်းအဝေးသို့ တက်ရောက်လာသူများက မဲဆန္ဒရှင်စာရင်း ပြည့်စုံမှန်ကန်ရေး၊ မဲရုံတည်နေရာ သတ်မှတ်အတည်ပြုနိုင်ရေးနှင့် မဲရုံသုံးပစ္စည်းများ လိုအပ်ချက်တို့နှင့် စပ်လျဉ်း၍ ဆွေးနွေးညှိနှိုင်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

◆ *ကျောဖုံးမှ*
ထွက်ပေါ်ခဲ့သော်လည်း နိုဝင်ဘာ ၁၉ ရက်မှသာ ထိုးသတ်နိုင်ခြင်းဖြစ်သည်။

အောင်လအန်ဆန်သည် ယခုနှစ်အတွင်း ဒုတိယမြောက် စိန်ခေါ်ပွဲထိုးသတ်ခြင်းဖြစ်ပြီး ဂျပန်နိုင်ငံသား အိုကာမီမှာမူ ၂၀၁၉ နောက်ပိုင်း စိန်ခေါ်ပွဲ ပြန်လည်ထိုးသတ်ခြင်းဖြစ်သည်။ အောင်လအန်ဆန်သည် ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီတွင် ရုရှားနိုင်ငံသား ဗစ်တာလီဘစ်ဒက်ရှ်နှင့် ထိုးသတ်ပြီးနောက် ယခုမှ ပြန်လည်ထိုးသတ်ရခြင်းဖြစ်သည်။ အောင်လအန်ဆန်သည် ကမ္ဘာ့ချန်ပီယံခါးပတ် လက်လွတ်ခဲ့ရပြီးနောက် ၂၀၂၁ ခုနှစ် ဇူလိုင်တွင် ဘရာဇီးနိုင်ငံသား လီအန်ဒရိုနှင့် ထိုးသတ်ခဲ့ရာ အနိုင်ရခဲ့သော်လည်း ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီတွင် ရုရှားနိုင်ငံသား ဗစ်တာလီဘစ်ဒက်ရှ်နှင့် ထိုးသတ်ရာတွင် အမှတ်ဖြင့် အရေးနိမ့်ခဲ့သည်။

အောင်လအန်ဆန်သည် ယခင်က မစ်ဒယ်ဝိတ်တန်းနှင့် လိုက်ဟဲဗီးဝိတ်တန်း ကမ္ဘာ့ချန်ပီယံအဖြစ် ရပ်တည်နိုင်ခဲ့သော်လည်း ၂၀၂၀ အောက်တိုဘာနှင့် ၂၀၂၁ ဧပြီတွင် အရေးနိမ့်ကာ လက်လွတ်ခဲ့ရပြီးနောက် စိန်ခေါ်ပွဲများသာ ထိုးသတ်နေရခြင်းဖြစ်သည်။

**ရဲရင့်လွင်**
**ဓာတ်ပုံ–Aung La NSang Facebook**

## မြန်မာနိုင်ငံလုံးဆိုင်ရာ ထေရဝါဒဗုဒ္ဓဘာသာ အဖွဲ့ချုပ်နှင့် နယ်စပ်တောင်တန်းဒေသ သာသနာနုဂ္ဂဟအသင်း(ဗဟို)၏ သဘောထားထုတ်ပြန်ချက်

**၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ၊ ၁၈ ရက်**

မွန်ပြည်နယ်၊ ကျိုက်ထိုမြို့နယ်၊ ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော် တောင်ခြေကင်ပွန်းချောင်းတောင်တက် ကားဂိတ်တွင် အောက်တိုဘာလ၊ ၁၂ ရက်နေ့၊ နံနက်ပိုင်း၌ KNLA တပ်မဟာ(၁)နှင့် NUG ၊ CRPH တို့၏ လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်သမားများက လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ရက်စက်စွာ လာရောက်ပစ်ခတ်မှုကြောင့် ဘုရားဖူးပြည်သူ သုံးဦး သေဆုံးပြီး ၁၉ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သတင်းများကို စိတ်မချမ်းမြေ့ဖွယ်ရာ ကြားသိရပါသည်။

ယခုအချိန်သည် သီတင်းကျွတ်ကာလဖြစ်ခြင်း၊ ဒေသအားဖြင့် မြန်မာနိုင်ငံသားများသာမက ပြည်ပမှ ထေရဝါဒ ဗုဒ္ဓဘာသာဝင်များ အထွတ်အမြတ်ထား၍ လာရောက်ဖူးမြော်ရာ ကျိုက်ထီးရိုးဆံတော်ရှင်စေတီတော်ဖြစ်ခြင်းတို့ကြောင့် ယခုအကြမ်းဖက်မှုသည် မြတ်ဗုဒ္ဓ၏ သာသနာတော်ထွန်းကားပြန့်ပွားရေးကိုပါ ထိခိုက်စေပါသည်။

ဗုဒ္ဓသာသနာတော်အကျိုးကို ဆယ်စုနှစ်တစ်ခုကျော် တစိုက်မတ်မတ် ထမ်းရွက်သယ်ပိုးလျက်ရှိသော မြန်မာနိုင်ငံလုံးဆိုင်ရာ ထေရဝါဒဗုဒ္ဓဘာသာ အဖွဲ့ချုပ်နှင့် နယ်စပ်တောင်တန်းဒေသ သာသနာနုဂ္ဂဟအသင်း(ဗဟို) အနေဖြင့် ယခုအကြမ်းဖက်မှုကို လုံးဝလက်မခံနိုင်ကြောင်းနှင့် ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန် အပ်ပါသည်။

**မြန်မာနိုင်ငံလုံးဆိုင်ရာ ထေရဝါဒဗုဒ္ဓဘာသာ အဖွဲ့ချုပ်နှင့် နယ်စပ်တောင်တန်းဒေသ သာသနာနုဂ္ဂဟအသင်း(ဗဟို)**

# အားကစားကွင်းများ လုံခြုံရေးတိုးတက်ကောင်းမွန်မှုရှိရေး အတူတကွလုပ်ဆောင်ရန် အင်ဒိုနီးရှားသမ္မတနှင့် ဖီဖာဥက္ကဋ္ဌတို့ သဘောတူ

**ဂျကာတာ အောက်တိုဘာ ၁၈**

အင်ဒိုနီးရှားသမ္မတ ဂျိုကိုဝီဒိုဒိုနှင့် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(ဖီဖာ)ဥက္ကဋ္ဌ ဂျီယန်နီ အင်ဖန်တီနိုတို့ အင်ဒိုနီးရှားနိုင်ငံတစ်ဝန်း ဘောလုံးအားကစားကွင်းများတွင် လုံခြုံဘေးကင်းရေးတိုးတက်ကောင်းမွန်မှုရှိလာစေရေးအတွက် အတူတကွလုပ်ဆောင်ရန် သဘောတူညီခဲ့ကြကြောင်း အင်န်အိတ်ချ်ကေသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

ယခုလအစောပိုင်းတွင် အင်ဒိုနီးရှားနိုင်ငံ အရှေ့ဂျာဗားပြည်နယ်၌ ကွင်းအတွင်း ရုန်းရင်းဆန်ခတ် ဖြစ်ပွားမှုမှ သေဆုံးသူ ၁၃၀ ကျော် ရှိလာပြီးနောက် အဆိုပါသဘောတူညီချက် ထွက်ပေါ်လာခြင်းဖြစ်သည်။ အင်ဒိုနီးရှားနိုင်ငံသား သန်း ၁၅၀ ကျော်သည်ဘောလုံးပရိသတ်များဖြစ်ကြောင်းနှင့် အင်ဒိုနီးရှားနိုင်ငံတွင်း ပြိုင်ပွဲကို ပြုပြင်ပြောင်းလဲရန်၊ အသွင်ပြောင်းရန်မှာ ပထမဦးစားပေးလုပ်ရမည်ဖြစ်ကြောင်း သမ္မတ ဂျိုကိုဝီဒိုဒိုနှင့် ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် ဖီဖာဥက္ကဋ္ဌ အင်ဖန်တီနိုက ပြောသည်။

ထို့အပြင် အင်ဒိုနီးရှားနိုင်ငံတွင် ယာယီအားကစားအခြေစိုက်စခန်းတစ်ခု တည်ဆောက်ရန် ကွင်းတွင်း ဆောင်ရွက်ထားရှိမှုနှင့် ပရိသတ်အပြုအမူကို ကြည့်ရှုစစ်ဆေးရန် ကျွမ်းကျင်သူများကို စေလွှတ်ရန် စီစဉ်နေကြောင်း အင်ဖန်တီနိုကပြောသည်။

အင်ဒိုနီးရှားနိုင်ငံသည် လာမည့်နှစ်တွင် ယူ-၂၀ ကမ္ဘာ့ဖလားပြိုင်ပွဲကို အိမ်ရှင်အဖြစ် လက်ခံကျင်းပမည်ဖြစ်သည့်အတွက် ဖီဖာ၏စံနှုန်းများကို လိုက်နာရန် အရေးကြီးကြောင်း သမ္မတ ဂျိုကိုဝီဒိုဒိုက အလေးပေးပြောကြားသည်။ **အင်န်အိတ်ချ်ကေ**



# အမေရိကန်နိုင်ငံနှင့် တောင်ကိုရီးယားနိုင်ငံတို့ ၂၀၁၇ ခုနှစ်နောက်ပိုင်း အကြီးစားစစ်ရေးလေ့ကျင့်မည်

**ဆိုးလ် အောက်တိုဘာ ၁၈**

ယခုလနှောင်းပိုင်းတွင် နောက်ဆုံးပေါ် ကိုယ်ပျောက်တိုက်လေယာဉ်များအပါအဝင် အမေရိကန်နိုင်ငံနှင့် တောင်ကိုရီးယားနိုင်ငံတို့ ပူးတွဲစစ်ရေးလေ့ကျင့်မှု ပြုလုပ်သွားမည်ဖြစ်ကြောင်း တောင်ကိုရီးယား စစ်ဘက်ဆိုင်ရာက ထုတ်ပြန်ကြေညာလိုက်သည်။

အဆိုပါ စစ်ရေးလေ့ကျင့်မှုကို အောက်တိုဘာ ၃၁ ရက်မှ နိုဝင်ဘာ ၄ ရက်အတွင်း ပြုလုပ်သွားမည်ဖြစ်ကြောင်း စစ်ဘက်ဆိုင်ရာ တာဝန်ရှိသူများက ပြောသည်။ ထို့အပြင် တောင်ကိုရီးယားလေတပ်မှ F-35A ကိုယ်ပျောက် တိုက်လေယာဉ်များနှင့် ဂျပန်ရှိ ယူအက်စ်အိဝါကုနိလေတပ်စခန်းမှ F-35B ကိုယ်ပျောက် တိုက်လေယာဉ်များအပါအဝင် လေယာဉ် ၂၄၀ ခန့် ပါဝင်မည်ဖြစ်ကြောင်း အဆိုပါ တာဝန်ရှိသူများက ပြောသည်။



အမေရိကန်နှင့် တောင်ကိုရီးယားနိုင်ငံတို့ ယခုအကြိမ် ပြုလုပ်မည့် ပူးတွဲစစ်ရေးလေ့ကျင့်မှုသည် ၂၀၁၇ ခုနှစ်နောက်ပိုင်း အကြီးစား စစ်ရေးလေ့ကျင့်မှုဖြစ်လာမည်ဖြစ်ကြောင်း တောင်ကိုရီးယားနိုင်ငံ ယွန်ဟပ်သတင်းဌာနက ပြောသည်။

အောက်တိုဘာ ၁၇ ရက်တွင် တောင်ကိုရီးယားစစ်ဘက်က ပုံမှန်ကွင်းဆင်း စစ်ရေးလေ့ကျင့်မှုများပြုလုပ်ခဲ့ပြီး တောင်ကိုရီးယားနိုင်ငံတွင် တပ်စွဲထားသော အမေရိကန် တပ်များလည်း စစ်ရေးလေ့ကျင့်မှုအချို့တွင် ပါဝင်ခဲ့သည်ဟု သိရသည်။

**အင်န်အိတ်ချ်ကေ**

# သွေးလွန်တုပ်ကွေးရောဂါ ကူးစက်ဖြစ်ပွားမှု တရိပ်ရိပ်မြင့်တက်နေသည့် ပါကစ္စတန်

**အစ္စလာမာဘတ် အောက်တိုဘာ ၁၈**

မုတ်သုံမိုး သည်းထန်စွာရွာသွန်းမှုကြောင့် ဖြစ်ပေါ်လာသည့် နောက်ဆက်တွဲဆိုးကျိုးများကို အပြင်းအထန်ခံစားနေရသော ပါကစ္စတန်နိုင်ငံ၌ တစ်ပူပေါ်နှစ်ပူဆင့်ကာ သွေးလွန်တုပ်ကွေးရောဂါ ကူးစက်ဖြစ်ပွားမှုလည်း အလူးအလဲ ခံစားနေရကြောင်း ဆင်ဟွာသတင်းတစ်ရပ်၏ ဖော်ပြချက်အရ သိရသည်။

နိုင်ငံတောင်ပိုင်း ဆင်းဒ်ပြည်နယ်၌ သွေးလွန်တုပ်ကွေးရောဂါ ထပ်မံကူးစက်ခံရသူ ၂၉၅ ဦးရှိကြောင်း အောက်တိုဘာ ၁၇ ရက် ညနေပိုင်းတွင် ပြည်နယ်ကျန်းမာရေးဌာနက ပြောသည်။

ထပ်မံကူးစက်ခံရသူများကြောင့် ဆင်းဒ်ပြည်နယ်၌ အောက်တိုဘာလတွင် သွေးလွန်တုပ်ကွေးရောဂါ ကူးစက်ခံရသူ ၅၅၁၅ ဦးရှိလာပြီး ယခုနှစ်တွင် သွေးလွန်တုပ်ကွေးရောဂါကူးစက်ခံရသူ စုစုပေါင်း ၁၅၆၆၇ ဦးအထိ ရှိလာပြီဖြစ်သည်။ ထို့အပြင် လွန်ခဲ့သော ၂၄ နာရီအတွင်း နိုင်ငံအနောက်မြောက်ပိုင်း ခီဘာပတ်တွန်ခွာ ပြည်နယ်၌ သွေးလွန်တုပ်ကွေးရောဂါ ထပ်မံကူးစက်ခံရသူ ၂၂၁ ဦး တွေ့ရှိသည့်အတွက် ယခုနှစ်တွင် စုစုပေါင်း ရောဂါကူးစက်ခံရသူ ၁၄၅၂၁ ဦးအထိ ရှိလာပြီဖြစ်သည်။

နိုင်ငံအရှေ့ပိုင်း ပန်ဂျပ်ပြည်နယ်တွင်လည်း လွန်ခဲ့သော ၂၄ နာရီအတွင်း ရောဂါကူးစက်ခံရသူ ၁၅၉ ဦး တွေ့ရှိပြီး ယခုနှစ်တွင် စုစုပေါင်း ရောဂါကူးစက်ခံရသူ ၁၁၂၄၅ ဦးအထိရှိလာပြီဖြစ်ကြောင်း အာဏာပိုင်များက အောက်တိုဘာ ၁၇ ရက်တွင် ပြောသည်။ **ဆင်ဟွာ**

# အိန္ဒိယ နိုင်ငံတကာစစ်လက်နက်ပစ္စည်းပြပွဲတွင် ပြည်တွင်းထုတ်စစ်လက်နက်ပစ္စည်းများကို ဦးစားပေးပြသ

**နယူးဒေလီ အောက်တိုဘာ ၁၈**

အိန္ဒိယနိုင်ငံသည် နိုင်ငံတကာ စစ်လက်နက်ပစ္စည်း ပြပွဲကို ခင်းကျင်း ပြသလျက်ရှိသည်။ ယခုနှစ်တွင် ပြည်တွင်းထုတ် စစ်လေယာဉ်များနှင့် သံချပ်ကာယာဉ်များကို ဦးစားပေးပြသထားသည်။

ဝန်ကြီးချုပ် နာရိန်ဒြာမိုဒီ အစိုးရ၏ "အိန္ဒိယတွင် ပြုလုပ်သည် (Made in India)" ဟု ခေါ်သည့် မူဝါဒသည် ပြည်တွင်းလုပ်စစ်ဘက်ဆိုင်ရာ ကိရိယာများ ထုတ်လုပ်မှုကို မြှင့်တင်ပေးသည်။ ထို့ကြောင့် ယခုနှစ်ပြပွဲ၌ ပြည်တွင်းထုတ် စစ်လက်နက်ပစ္စည်းများကို ဦးစားပေးပြသထားခြင်းဖြစ်သည်။

ငါးရက်ကြာ စစ်လက်နက်ပြပွဲကို အိန္ဒိယနိုင်ငံ ဂူဂျာရက်ပြည်နယ်၌ အောက်တိုဘာ ၁၈ ရက်တွင် ဖွင့်လှစ်ခဲ့သည်။ အဆိုပါပြပွဲ၌ အိန္ဒိယနှင့် ကမ္ဘာတစ်ဝန်းမှ ကုမ္ပဏီပေါင်း ၁၃၀၀ ဝင်ရောက်ပြသခဲ့သည်။




အိန္ဒိယလုပ် လေယာဉ်တစ်စင်း ခင်းကျင်းပြသထားသည်ကို တွေ့ရစဉ်။

ပြပွဲတွင် ဆွဲဆောင်မှုအရှိဆုံး ခင်းကျင်းပြသမှုမှာ အိန္ဒိယနိုင်ငံလုပ် အပေါ့စားတိုက်ခိုက်ရေး ရဟတ်ယာဉ်ဖြစ်ပြီး ယခုလတွင် အိန္ဒိယလေတပ်တွင် စတင်အသုံးပြုမည်ဖြစ်သည်။

ဆွီဒင်သုတေသန အင်စတီကျူ့အရ လွန်ခဲ့သော နှစ်ပေါင်း ၂၀ အတွင်းအိန္ဒိယနိုင်ငံသို့ တင်သွင်းသော စက်လက်နက်ပစ္စည်း အားလုံး၏ ၆၇ ရာခိုင်နှုန်းမှာ ရုရှားလုပ်များဖြစ်ကြသည်။

အိန္ဒိယသည် ပြည်တွင်းထုတ် စစ်လက်နက်များကို ပိုမိုတိုးတက် ထုတ်လုပ်သွားမည်ဖြစ်သည်။

**အင်န်အိတ်ချ်ကေ**

# ဖိလစ်ပိုင်နိုင်ငံတွင် ကိုဗစ်-၁၉ မျိုးကွဲများကို ပထမဆုံး ခြေရာခံတွေ့ရှိ

**မနီလာ အောက်တိုဘာ ၁၈**

ဖိလစ်ပိုင်နိုင်ငံတွင် အောက်တိုဘာ ၁၈ ရက်က ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၁၁၉၆ ဦးရှိကြောင်း ဖော်ပြမှုနှင့်အတူ ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာပေါင်း ၃၉၈၆၀၂၈ ဦးအထိ ရှိလာပြီဖြစ်သည်။

လတ်တလော ကိုဗစ် - ၁၉ ကူးစက်ဖြစ်ပွားသူ ၂၅၀၃၉ ဦးအထိ ကျဆင်းခဲ့ကြောင်း ကျန်းမာရေးဌာနက ပြောကြားသည်။ သို့သော်လည်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုကြောင့် ၃၄ ဦး ထပ်မံသေဆုံးခဲ့ရာ နိုင်ငံအတွင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုမှာ သေဆုံးသူပေါင်း ၆၃၅၈၁ ဦးအထိ ရောက်ရှိလာသည်။

လူဦးရေ ၁၃ သန်းကျော်နေထိုင်သည့် မြို့တော်မနီလာတွင် ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၄၀၁ ဦးရှိသည်။ မြို့တော်မနီလာ၏ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုသည် အကျဘက်သို့ ရောက်လာပြီဖြစ်ကြောင်း ကျန်းမာရေးဌာနက ပြောသည်။ ဖိလစ်ပိုင်နိုင်ငံသည် ကိုဗစ်-၁၉ မျိုးကွဲများဖြစ်သည့် အိုမီခရွန် XBB မျိုးကွဲနှင့် XBC မျိုးကွဲများကို ပထမဆုံးခြေရာခံ တွေ့ရှိခဲ့ကြောင်း ကျန်းမာရေးဌာနက ဖော်ပြခဲ့သည်။

ကိုဗစ်-၁၉ မျိုးကွဲများကို ခြေရာခံတွေ့ရှိခဲ့သည့်အတွက် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုများ ဆက်လက် ဖြစ်ပွားနိုင်ကြောင်း ကျန်းမာရေးဌာန တာဝန်ခံအရာရှိ မာရီယာ ရိုဆာရီယို ဗာဂျီးရီက ပြောသည်။ **ဆင်ဟွာ**

# နိုင်ငံ့စီးပွားရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်ကူပြုသည့် ပြည်တွင်းမှ လုပ်ငန်းရှင်များကို အားပေးလျက်ရှိ



မန္တလေး အောက်တိုဘာ ၁၈

**မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမောင်ကိုသည် တိုင်းဒေသကြီးဝန်ကြီးများနှင့်အတူ မန္တလေး စက်မှုဇုန် (၁) ရှိ မြစ်ဝါသစ်အချောထည်စက်ရုံသို့ ယနေ့နံနက်ပိုင်းက သွားရောက်ကာ စက်ရုံ၏ ကုန်ထုတ်လုပ်မှု အခြေအနေများကို ကြည့်ရှုသည်။** (ယာပုံ)

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့သည် စက်ရုံအတွင်းကုန်ကြမ်းမှ ကုန်ချောအထိ အဆင့်ဆင့်ထုတ်လုပ်နေမှုများ၊ ကွန်ပျူတာစနစ်ဖြင့် ထိန်းချုပ်ဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှုကာ လုပ်ငန်းရှင်နှင့် အလုပ်သမားများအား တွေ့ဆုံပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က နိုင်ငံ့စီးပွားရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်ကူပြုသည့် ပြည်တွင်းမှ လုပ်ငန်းရှင်များကို အားပေးလျက်ရှိကြောင်း၊ တွေ့ကြုံရသည့် အခက်အခဲများကို မှန်မှန်ကန်ကန်ဖြင့် ပွင့်လင်းမြင်သာစွာ တင်ပြပေးရန်လိုကြောင်း၊ စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာမှသာ ပြည်သူများ အလုပ်အကိုင်အခွင့်လမ်းများ ရရှိလာမည်ဖြစ်ကြောင်း၊ အစိုးရဌာနဆိုင်ရာနှင့် လုပ်ငန်းရှင်များ ဟန်ချက်ညီညီ ပူးပေါင်းဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း၊ လုပ်ငန်းရှင်များမှလည်း အလုပ်သမားများ၏ ဘဝကို မြှင့်တင်ပေးရန်လိုအပ်ကြောင်း၊ ရိုးရာလက်မှုအတတ်ပညာကို လက်ဆင့်ကမ်းထိန်းသိမ်းရင်း ခေတ်စနစ်နှင့်အညီ နည်းပညာများကို လေ့လာကြိုးစားသင်ယူကြရမည်ဖြစ်ကြောင်း၊ ကုန်ကြမ်းများမှာ မြန်မာ့အဖိုးတန်သစ်များကိုအခြေခံပြီး တန်းဖိုးမြင့် ပရိဘောဂများ ထုတ်လုပ်နေသည့်အတွက် ဘေးထွက်ပစ္စည်းများကို အလေအလွင့်မဖြစ်စေဘဲ စနစ်တကျ အသုံးချစေလိုကြောင်း ပြောကြားပြီး ရင်းနှီးစွာ နှုတ်ဆက်သည်။

အဆိုပါ မြစ်ဝါသစ်အချောထည် စက်ရုံကို ၁၉၉၉ ခုနှစ်ကစတင်ခဲ့ပြီး ထုတ်လုပ်မှုအနေဖြင့် ပါကေး၊ ပရိဘောဂပစ္စည်း၊ တံခါး၊ ဆက်တီမျိုးစုံတို့ကို ထုတ်လုပ်လျက်ရှိပြီး ပြည်တွင်း ပြည်ပနိုင်ငံများသို့ တင်ပို့လျက်ရှိသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ပုသိမ်ကြီးမြို့နယ် ဘိုတက်ကုန်းကျေးရွာအုပ်စု သန့်ဇင်ကုန်းကျေးရွာရှိ ၂၀၂၀ ပြည့်နှစ်က စတင်ဖွင့်လှစ်ခဲ့သည့် မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ၏ မြို့တော်ပန်းဈေးသို့ ရောက်ရှိပြီး ရောင်းဝယ်ဖောက်ကားနေမှုနှင့် ပန်းစိုက်တောင်သူများ၏ အခြေအနေများကို တွေ့ဆုံမေးမြန်းကာ လိုအပ်သည်များကို ပေါင်းစပ်ဆောင်ရွက်ပေးကြောင်း သိရသည်။

သတင်းစဉ်

# ပြည်တွင်းနေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေးနှင့် ယာယီခိုလှုံရာစခန်းများ ပိတ်သိမ်းရေးဆိုင်ရာ သတင်းနှင့် ပြန်ကြားရေးလုပ်ငန်းကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် အောက်တိုဘာ ၁၈**

ပြည်တွင်း နေရပ်စွန့်ခွာသူများ ပြန်လည် နေရာချထားရေးနှင့် ယာယီခိုလှုံရာစခန်းများ ပိတ်သိမ်းရေးဆိုင်ရာ သတင်းနှင့် ပြန်ကြားရေးလုပ်ငန်းကော်မတီ (၁/၂၀၂၂) လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။



အစည်းအဝေးသို့ လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် သတင်းနှင့် ပြန်ကြားရေးလုပ်ငန်း ကော်မတီဝင်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးရဲတင့်က ပြည်တွင်းနေရပ်စွန့်ခွာသူများအနေဖြင့် ယာယီခိုလှုံရာစခန်းများတွင် နေထိုင်ကြစဉ် နိုင်ငံတော်အနေဖြင့် နေထိုင်စားသောက်ရေး၊ ကျန်းမာရေး၊ ပညာရေးနှင့် လိုအပ်သည်များကို ကူညီထောက်ပံ့ပေးလျက် ရှိပါကြောင်း၊ သို့သော်လည်း အခြေအနေကောင်းပါက၊ လုံခြုံရေး စိတ်ချရပါက ၎င်းတို့မူလနေထိုင်ရာ အရပ်ဒေသသို့ ပြန်လည်နေထိုင်ကြရန် လိုအပ်ပါကြောင်း၊ နေရပ်သို့ ပြန်လည်ရောက်ရှိပါကလည်း နေထိုင်မှု အဆင်ပြေစေရန် ပို့ဆောင်ရေး၊ ငွေကြေးထောက်ပံ့မှု၊ ရိက္ခာထောက်ပံ့ပေးမှုများကို စီစဉ်ဆောင်ရွက်ပေးလျက် ရှိပါကြောင်း။

ယာယီခိုလှုံရာစခန်းများတွင် ခိုလှုံနေရခြင်းထက် မိမိတို့နေရာဒေသများတွင် ပြန်လည်နေထိုင်ခြင်းက ၎င်းတို့အတွက် အစစအရာရာ အဆင်ပြေနိုင်သဖြင့် လိုအပ်သည့် သတင်းအချက်အလက်နှင့် အသိပညာပေးခြင်းများ ဆောင်ရွက်ပေးကြရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် လုပ်ငန်းကော်မတီ အတွင်းရေးမှူးနှင့် ကော်မတီဝင်များက သက်ဆိုင်ရာကဏ္ဍအလိုက် လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နေမှုများနှင့် လုပ်ငန်းဆိုင်ရာ လိုအပ်ချက်များကို ဆွေးနွေးတင်ပြကြပြီး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကား ပြောကြားသည်။

သတင်းစဉ်

## နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးဆက်လက် ထစ်ချုန်းရွာမည်

**နေပြည်တော် အောက်တိုဘာ ၁၈**

နေပြည်တော်နှင့် ရန်ကုန်မြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ မန္တလေးမြို့အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးဆက်လက် ထစ်ချုန်းရွာမည်။

မိုး/ဇလ

# ရွေ့လျားဈေးကားရောင်းချမှုနှင့် စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများ ရန်ကုန်မြို့တော်ဝန် ကွင်းဆင်းစစ်ဆေး

**ရန်ကုန် အောက်တိုဘာ ၁၈**

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီအနေဖြင့် ပြည်သူများ လွယ်လင့်တကူ ဈေးဝယ်နိုင်ရေးအတွက် ယနေ့တွင် မရမ်းကုန်းမြို့နယ် မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနဝင်း၊ ပုဇွန်တောင်မြို့နယ် ပုဇွန်တောင် ဥယျာဉ်အိမ်ရာ၊ ၅၄ လမ်းနှင့် အနော်ရထာလမ်းထိပ်၊ (၂) ရပ်ကွက်၊ အင်းစိန်မြို့နယ် ဖန်ချက်စက်လမ်း မုဒိတာအိမ်ရာ (၂)၊ စော်ဘွားကြီးကုန်းရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးရှေ့၊ လှိုင်မြို့နယ် မင်းဓမ္မလမ်း ပညာ့ရိပ်သာ၊ လှိုင်မြစ်လမ်း၊ ရွှေကောင်းကြွယ် လက်ဖက်ရည်ဆိုင်အနီး၊ မြို့တော်ဂေါက်ကွင်း၊ ကျောက်တံတားမြို့နယ် မြို့တော်ခန်းမနှင့် ဗိုလ်တထောင်မြို့နယ်၊ ၄၆ လမ်း (၁၂) ထပ်ခွဲ စည်ပင်ရုံးဝင်းများတွင်လည်း (Mobile Market) စနစ်ဖြင့် ဈေးရောင်းချပေးကြောင်း သိရသည်။

ရန်ကုန်တိုင်း ဒေသကြီး စည်ပင်သာယာရေး ဝန်ကြီး ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ (မြို့တော်ဝန်) ဦးဗိုလ်ဌေးသည် ဒုတိယမြို့တော်ဝန်၊ အတွင်းရေးမှူး၊ ကော်မတီဝင်များ၊ ဌာနမှူးများနှင့်အတူ ယနေ့ နံနက် ၆ နာရီခွဲတွင် ရန်ကင်းမြို့နယ် ၈ ရပ်ကွက် နှင်းဆီလမ်းရှိကံဘဲ့စည်ပင်အိမ်ရာဝင်းအတွင်း ရွေ့လျား ဈေးကား (Mobile Market) စနစ်ဖြင့် ကြက်ဥ၊ ဆီနှင့် အသားမျိုးစုံတို့ကို ဈေးနှုန်းသက်သာစွာဖြင့် နေအိမ်အနီး အလွယ်တကူ ဝယ်ယူနိုင်ရန် ရောင်းချပေးနေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် မြို့တော်ဝန်နှင့်အဖွဲ့သည် ဗဟန်းမြို့နယ် ကန်တော်ကြီး သဘာဝဥယျာဉ်သို့ သွားရောက်၍ မြေပဒေသာကျွန်းနှင့် ဆင်ရုပ်ရေကန်ဝန်းကျင် မြက်ခင်းပြင်များ ဖြတ်ညှိနေမှု၊ ပန်းအလှပင်များ ပုံသွင်းပြုပြင်နေမှု၊ စိမ်းလန်းစိုပြည်ရေး ဆောင်ရွက်နေမှုကိုလည်းကောင်း၊ ပုလဲကျွန်းအနီး အင်ဂျင်နီယာဌာန (ရေစီးရေလာစီမံခန့်ခွဲမှု) မှ ကန်တော်ကြီးမှရေကို တိရစ္ဆာန်ဥယျာဉ်ရေမြောင်း၊ ၎င်းမှ အထက်ပန်းဆိုးတန်း၊ ဒေါ်သိန်းတင်လမ်း၊ မြန်မာ့ဂုဏ်ရည်လမ်း၊ ဗိုလ်မင်းရောင်လမ်း၊ သဲဖြူချောင်း၊ ထိုမှတစ်ဆင့် အေးတံတား မြစ်ထွက်ပေါက်မှ ပုဇွန်တောင် ချောင်းအတွင်းသို့ ဆက်လက် စီးဆင်းစေသည့် ကန်တော်ကြီး ရေပိုလွှဲရေလျှံပေါက် ရေစီးရေလာကောင်းမွန်စေရေး ဆောင်ရွက်နေမှုကိုလည်းကောင်း **(အပေါ်ပုံ)** ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



# ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၅၁၅ ဦး တွေ့ရှိ

## ယနေ့တွင် ကိုဗစ်–၁၉ ရောဂါဖြင့် သေဆုံးသူ မရှိ

(၁၈–၁၀–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေး လုပ်ငန်းများကို အရှိန်အဟုန်မပြတ် ဆောင်ရွက်လျက်ရှိပါသည်။

ကိုဗစ်–၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာ ကန့်သတ်ထားရှိသူများအား ကိုဗစ်–၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၁၇–၁၀–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၈–၁၀–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၁၃,၆၃၈) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၅၁၅) ဦး တွေ့ရှိရသဖြင့် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၃.၇၈) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၉,၂၇၅,၅၆၇) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်–၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၂၉,၃၇၆) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိ ကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၂၆၀) ဦး ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၆၀၃,၀၁၄) ဦးရှိပြီ ဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်–၁၉ ရောဂါဖြင့် သေဆုံးသူမရှိပါသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၇၁) ဦး ရှိပါသည်။

မြန်မာနိုင်ငံတွင် (၂၈–၁–၂၀၂၂) ရက်နေ့မှ (၁၅–၁၀–၂၀၂၂) ရက်နေ့အထိ တွေ့ရှိရသော ကိုဗစ်–၁၉ ရောဂါဖြစ်ပွားသူများနှင့် သေဆုံးသူများ၏ ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံထားရှိမှုအခြေအနေများကိုဆန်းစစ်ချက်အရ ကိုဗစ်–၁၉ ရောဂါဖြစ်ပွားသူ စုစုပေါင်း၏ (၉၀.၄) ရာခိုင်နှုန်း နှင့် ကိုဗစ်–၁၉ ရောဂါကြောင့် သေဆုံးသူစုစုပေါင်း၏ (၈၀.၉) ရာခိုင်နှုန်းတို့မှာ ကာကွယ်ဆေး လုံးဝထိုးနှံထားခြင်း မရှိသူများနှင့် ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံထားခြင်း မရှိသူများဖြစ်ကြောင်း တွေ့ရှိရပါသည်။

| ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံထားရှိမှု အခြေအနေများ | ကိုဗစ်–၁၉ ရောဂါ ဖြစ်ပွားသူ | ကိုဗစ်–၁၉ ရောဂါကြောင့် သေဆုံးသူ |
|---|---|---|
| ကာကွယ်ဆေးလုံးဝထိုးနှံထားခြင်းမရှိသူနှင့် ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံထားခြင်း မရှိသူ | ၉၀.၄ % | ၈၀.၉ % |

နိုင်ငံတကာသုတေသနတွေ့ရှိချက်များအရလည်း ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံထားသူများတွင် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံရမှုနှင့် သေဆုံးမှုတို့ကို လျှော့ချနိုင်ပြီး ထပ်ဆောင်း ကာကွယ်ဆေး ထိုးနှံခြင်းဖြင့် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံရမှုနှင့် သေဆုံးမှုတို့ကို ပိုမိုလျှော့ချနိုင်ကြောင်းကို တွေ့ရှိရပါသည်။ သို့ဖြစ်ရာ အသက် (၅) နှစ်နှင့်အထက် ပြည်သူများသည် ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေးအား မဖြစ်မနေထိုးနှံထားရှိရန် လိုအပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာနသည် အသက် ၅ နှစ်နှင့်အထက် ပြည်သူများအားလုံးအား ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေး အခမဲ့ ထိုးနှံပေးလျက်ရှိသည့်အပြင် အသက် ၁၂ နှစ်မှ ၁၈ နှစ်အတွင်း ကာကွယ်ဆေး အကြိမ်ပြည့် ထိုးနှံပြီးစီးမှုကာလ ၆ လနှင့်အထက်ရှိသော ကျောင်းသား၊ ကျောင်းသူများနှင့် အသက် ၁၈ နှစ်နှင့်အထက် ပြည်သူများအား ထပ်ဆောင်း ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးများ အခမဲ့ထိုးနှံပေးလျက်ရှိရာ ပြည်သူများအနေဖြင့် နီးစပ်ရာကျန်းမာရေးဌာနများ၊ ကျေးရွာ/ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့်ဆက်သွယ်၍ ကာကွယ်ဆေးထိုးနှံမှုကို မပျက်မကွက်ခံယူကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကိုဗစ်–၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

**ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံမှု ခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊ ရောဂါပြင်းထန်စွာ ခံစားရမှုနှင့် ရောဂါကြောင့် သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှု မပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။**

## တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

**နေပြည်တော် အောက်တိုဘာ ၁၈**

တိုင်းဒေသကြီးနှင့် ပြည်နယ် အသီးသီးတို့၌ ကာကွယ်ဆေး ထိုးနှံခြင်းကို ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ်နှင့် တာမွေမြို့နယ်တို့၌ ဒေသခံပြည်သူ ၂၀၀၊ ဧရာဝတီတိုင်းဒေသကြီး အတွင်းရှိ မြို့နယ် ၂၆ မြို့နယ်မှ ဒေသခံပြည်သူ ၂၉၅၇ ဦး၊ ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်အတွင်းရှိ မြို့နယ် ငါးမြို့နယ်တို့၌ ဒေသခံပြည်သူ ၆၂၉ ဦးနှင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင် ခုနစ်ခရိုင်တို့မှ ဒေသခံပြည်သူ ၆၄၁ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာကျန်းမာရေး ဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးသည်။

ထို့အတူ ကျောင်းသား ကျောင်းသူများကိုလည်း ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိရာ ယနေ့တွင် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင် ခုနစ်ခရိုင်တို့၌ ကျောင်းသား ကျောင်းသူ ၉၁ ဦး၊ ရခိုင်ပြည်နယ်



ကျောက်ဖြူမြို့နယ်နှင့် ချင်းပြည်နယ် ပလက်ဝမြို့နယ်တို့၌ ကျောင်းသား ကျောင်းသူ ၃၁၈ ဦး တို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာကျန်းမာရေး ဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့်ပူးပေါင်း၍ ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးသည်။

ထို့ပြင် ကိုဗစ်–၁၉ ရောဂါ ထိန်းချုပ် ကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်အတွက် နှာခေါင်းစည်းများကို ပြည်သူများ လက်ဝယ်အရောက် တိုင်းစစ်ဌာနချုပ်အသီးသီးမှ တာဝန်ရှိသူများက အခမဲ့ပေးဝေ လှူဒါန်းလျက်ရှိရာ ယနေ့တွင်ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၄၄ မြို့နယ်တို့ရှိ စာသင်ကျောင်းများ၊ ဈေးများ၊ လမ်းများ၊ မြို့အဝင်ဂိတ်များနှင့် လူစည်ကားရာ နေရာများတွင် နယ်မြေခံတပ်မတော်သားများက ခရိုင်/ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ ပရဟိတအဖွဲ့များနှင့် ပူးပေါင်း၍ ကိုဗစ်–၁၉ ရောဂါ ကာကွယ်ရေးအတွက် အသိပညာပေး ဆောင်ရွက်ခြင်း၊ နှာခေါင်းစည်းများ တပ်ဆင်ပြီး သွားလာကြရန် လှုံ့ဆော်ခြင်းနှင့် နှာခေါင်းစည်းများအား ဒေသခံပြည်သူများ လက်ဝယ်အရောက် အခမဲ့ပေးဝေ လှူဒါန်းကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ရွှေကျင်မြို့နယ်၌ အသက်နှစ်လမှနှစ်နှစ်အရွယ် ကလေးငယ်များအား ပုံမှန်ကာကွယ်ဆေးတိုက်ကျွေးပေး

**ရွှေကျင် အောက်တိုဘာ ၁၈**

ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့နယ်၌ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ အသက်နှစ်လမှ နှစ်နှစ်အရွယ်ထိ ကလေးငယ်များနှင့် ကိုယ်ဝန်ဆောင်မိခင်များအား လစဉ်ပုံမှန် ကာကွယ်ဆေးထိုးနှံခြင်းနှင့် တိုက်ကျွေးခြင်းကို ယနေ့နံနက်ပိုင်းက အနောက်ဘက်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး၌ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါ လစဉ်ပုံမှန် ကာကွယ်ဆေးထိုးနှံခြင်းနှင့် တိုက်ကျွေးခြင်းကို ကျန်းမာရေးဝန်ထမ်းများက အနောက်ဘက် ကျေးရွာအုပ်စုအတွင်းရှိ သောင်လယ်ကျေးရွာ၊ ဝဲကြီးကျေးရွာ၊ မောင်းရုံကျေးရွာ၊ အနောက်ဘက်ကျေးရွာ နှင့် မဒေါက်ကလေးကျေးရွာ တို့မှ အသက်နှစ်လမှ နှစ်နှစ်အရွယ်အထိ ကလေးငယ်များအား အသည်းရောင်အသားဝါ၊ ဆုံဆို့၊ ကြက်ညှာ၊ မေးခိုင်၊ ဦးနှောက်အမြှေးရောင် (ငါးမျိုးစပ် ကာကွယ်ဆေး) နှင့် ဝမ်းပျက်ဝမ်းလျှော ရောဂါ၊ ဝက်သက်နှင့် ပိုလီယိုအကြောသေ ရောဂါ ကာကွယ်ဆေးများကိုလည်း တိုက်ကျွေးခြင်းနှင့် မိခင်များအား ကိုယ်အလေးချိန် တိုင်းခြင်း၊ သွေးပေါင်ချိန်ခြင်းနှင့် ကိုယ်ဝန်ဆောင် အားဆေးတိုက်ကျွေးခြင်းများကို ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**





**အပြင်ထွက်တိုင်း**

**ပါးစပ်နှင့် နှာခေါင်းစည်း (mask) ကို**

**စနစ်တကျ မပျက်မကွက် တပ်ဆင်ပါ**

# တိုးမြင့်လာသော စိန်ခေါ်မှုများနှင့် ကုလသမဂ္ဂ ပြုပြင်ပြောင်းလဲရေး ...

.............. *မျိုးငြိမ်းငယ်* ..............

**နိုင်ငံတကာအဖွဲ့အစည်းကြီးဖြစ်တဲ့ ကုလသမဂ္ဂအဖွဲ့ကြီးကို ဖွဲ့စည်းတည်ထောင်ခဲ့တာ အခုဆို နှစ်ပေါင်း ၇၀ ကျော် ရှိပြီဖြစ်ပါတယ်။ ၁၉၄၅ ခုနှစ် ဒုတိယကမ္ဘာစစ်ကြီး ပြီးဆုံးခါနီးတဲ့အချိန် နိုင်ငံတွေ ပျက်စီးယိုယွင်းနေကြပြီး ကမ္ဘာကြီးမှာ ငြိမ်းချမ်းရေးကို လိုလားနေကြပါတယ်။ ဒါကြောင့် ၁၉၄၅ ဧပြီ ၂၅ ရက်မှာ ကုလသမဂ္ဂညီလာခံကို ဆန်ဖရန်စစ္စကိုမြို့မှာ ကျင်းပခဲ့ရာ နိုင်ငံပေါင်း ၅၀ တက်ရောက်ခဲ့ကြပြီး ကုလသမဂ္ဂ ကြေညာစာတမ်း (Charter of the United Nations ) မူကြမ်းကို အတည်ပြုနိုင်ခဲ့ကြပါတယ်။**

၁၉၄၅ အောက်တိုဘာ ၂၄ ရက်မှာတော့ ကုလသမဂ္ဂအမည်နဲ့ တရားဝင်ပေါ်ထွန်းလာခဲ့ပြီး ပြင်သစ်၊ တရုတ်၊ ဆိုဗီယက်၊ ဗြိတိန်နဲ့ အမေရိကန်နိုင်ငံ ငါးနိုင်ငံကတော့ ဗီတိုအာဏာပိုင်တဲ့ အမြဲတမ်းအဖွဲ့ဝင်နိုင်ငံတွေ ဖြစ်လာခဲ့ပါတယ်။ ကုလသမဂ္ဂအနေနဲ့ လူ့သမိုင်းတစ်လျှောက် ကြုံခဲ့ရဖူးတဲ့ ကမ္ဘာစစ်တွေလို နောက်ထပ် ကမ္ဘာစစ်ကြီး ဖြစ်လာမှာကို တားဆီးနိုင်လိမ့်မယ်လို့မျှော်လင့်ပြီး နိုင်ငံတကာအဖွဲ့အစည်းတစ်ခု တည်ထောင်ခဲ့ကြတာပဲ ဖြစ်ပါတယ်။

ဒါ့အပြင် ကုလသမဂ္ဂတည်ထောင်ခဲ့ရတဲ့ ရည်ရွယ်ချက်တွေထဲမှာ ဆိုရင် ကုလသမဂ္ဂပဋိညာဉ်အရ ငြိမ်းချမ်းရေးနဲ့ လုံခြုံရေး၊ လူ့အခွင့်အရေး၊ တရားဥပဒေစိုးမိုးရေး၊ ဖွံ့ဖြိုးတိုးတက်မှုဆိုတဲ့ ကဏ္ဍကြီး လေးရပ်လည်း ပါဝင်နေပါတယ်။ ဒီရည်မှန်းချက်တွေဟာ လူသားတွေအတွက် အလိုအပ်ဆုံး အခြေခံအချက်တွေဖြစ်တယ်ဆိုတာကို နိုင်ငံတွေက လက်ခံထားကြပြီးဖြစ်ပါတယ်။ ဒါကြောင့်လည်း ကမ္ဘာ့နိုင်ငံတိုင်းက ကုလသမဂ္ဂမှာပါဝင်ပြီး လက်တွဲဆောင်ရွက်နေကြပါတယ်။

ကုလသမဂ္ဂအဖွဲ့ကြီးဟာ နိုင်ငံတကာအဖွဲ့အစည်းကြီးဖြစ်တာနဲ့အညီ အဖွဲ့ဝင် နိုင်ငံအားလုံးကိုယ်စား၊ လူသားအားလုံးကိုယ်စား ကုလသမဂ္ဂပဋိညာဉ်ပါ ရည်မှန်းချက်တွေ အောင်မြင်အောင် ပူးပေါင်းလက်တွဲလုပ်ဆောင် နေရတာဖြစ်ပါ တယ်။ ဒါပေမယ့် ပြောင်းလဲနေတဲ့ နိုင်ငံတကာအခြေအနေတွေအောက်မှာ ကုလသမဂ္ဂအဖွဲ့ကြီးရဲ့ ရပ်တည်ချက်၊ လုပ်ဆောင်ချက်တွေဟာ မူလရည်မှန်းချက်တွေအတိုင်း အဖွဲ့ဝင်နိုင်ငံတိုင်းအပေါ် အကျိုးပြုနိုင်ရဲ့လားဆိုတာ ဆွေးနွေးအဖြေရှာဖို့ အချိန်ရောက်နေပါပြီ။

## ငြိမ်းချမ်းရေးနှင့် လုံခြုံရေးအခြေအနေ

ကမ္ဘာ့ငြိမ်းချမ်းရေးနဲ့လုံခြုံရေးကိုထိန်းသိမ်းဖို့ အဓိကဦးတည်ချက်နဲ့ဖွဲ့စည်း တည်ထောင် ခဲ့တဲ့ ကုလသမဂ္ဂအဖွဲ့ကြီးဟာ နှစ်ပေါင်း ၇၀ ကျော်ကြာတဲ့အချိန်မှာ ကုလသမဂ္ဂပဋိညာဉ်ပါ ပြဋ္ဌာန်းချက်တွေနဲ့အညီ ဘယ်လောက်အတိုင်းအတာအထိ အောင်မြင်ခဲ့သလဲ၊ လက်ရှိအချိန်မှာ ကုလသမဂ္ဂအဖွဲ့ကြီးရဲ့ ရပ်တည်ချက်အနေအထား ဘယ်လိုရှိနေသလဲ ဆိုတာ ဒီကနေ့ဖြစ်နေတဲ့ နိုင်ငံတကာအရေးတွေနဲ့ ကုလသမဂ္ဂအဖွဲ့ကြီးရဲ့လုပ်ရပ်တွေကို ချိန်ထိုးကြည့်ရင် အဖြေထုတ်နိုင်ပါလိမ့်မယ်။ ကုလသမဂ္ဂအဖွဲ့ကြီးရဲ့သက်တမ်း နှစ်ပေါင်း ၇၀ ကျော်အတွင်းမှာ ကိုလိုနီနယ်ချဲ့မှုတွေကို ကာကွယ်နိုင်ခဲ့ပြီး နောက်ထပ်ကမ္ဘာစစ်ကိုလည်း ကာကွယ်နိုင်ခဲ့ပါတယ်။ လူ့အခွင့်အရေးမြှင့်တင်မှု၊ လူသားချင်းစာနာထောက်ပံ့မှု၊ ငြိမ်းချမ်းရေးထိန်းသိမ်းမှု၊ ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းတွေမှာ အောင်မြင်ရရှိခဲ့တာတွေ ရှိပါတယ်။

ဒါပေမယ့်လည်း (၂၁) ရာစုကမ္ဘာ့အခြေအနေတွေဟာ (၂၀) ရာစု အခြေအနေတွေနဲ့ များစွာကွာခြားနေပါပြီ။ ဒီမိုကရေစီအသွင်ကူးပြောင်းမှုတွေ ရှိနေပေမယ့် တစ်ဖက်မှာ ခေတ်သစ်ကိုလိုနီအသွင်တွေ ပေါ်ပေါက်လာနေပါတယ်။ သိပ္ပံနဲ့နည်းပညာ တိုးတက်လာမှုကြောင့် ကမ္ဘာကြီးဟာ ဂလိုဘယ်လိုက်ဇေးရှင်းဖြစ်လာပြီး ပြဿနာအသစ် တွေနဲ့ရင်ဆိုင်နေကြရပါတယ်။ ကိုယ်ကျိုးစီးပွားကိုပဲ အဓိကထားလာတဲ့ အင်အားကြီးနိုင်ငံတွေရဲ့ လွှမ်းမိုးမှုနဲ့ ခေတ်သစ်ကိုလိုနီပုံစံတွေကြောင့် နိုင်ငံတကာ တင်းမာမှုတွေနဲ့ နိုင်ငံတွေအကြား စစ်ပွဲတွေ ဖြစ်နေကြပါတယ်။

နိုင်ငံငယ်တွေဟာ အင်အားကြီးနိုင်ငံတွေရဲ့ ကြားခံစစ်တလင်းတွေ ဖြစ်နေပါတယ်။ အင်အားကြီးနိုင်ငံတွေရဲ့ လွှမ်းမိုးမှု၊ စွက်ဖက်မှု၊ အကျပ်ကိုင်မှုနဲ့ အသုံးချခံရမှုတွေကြောင့် နိုင်ငံငယ်တွေအတွက် တရားမျှတမှုနဲ့ လုံခြုံမှုမရှိတော့တဲ့ အခြေအနေဖြစ်လာနေပါတယ်။ အခုဆို နျူကလီးယားလက်နက်တွေ အသုံးပြုနိုင်တဲ့ အခြေအနေအထိ တင်းမာမှုတွေဖြစ်နေတာကိုကြည့်ရင် ကုလသမဂ္ဂရဲ့အခန်းကဏ္ဍဟာ ထင်ထားတာထက် ပိုပြီးမှေးမှိန်လာနေတာကို တွေ့ကြရမှာပါ။

## နိုင်ငံငယ်များအား ကိုယ်စားပြုမှု

ကုလသမဂ္ဂအဖွဲ့ကြီးက တန်ဖိုးထားတဲ့ လူ့အခွင့်အရေးတွေဟာ နိုင်ငံကြီးတွေနဲ့ ဓနဥစ္စာတောင့်တင်းတဲ့ အဖွဲ့အစည်းကြီးတွေက နိုင်ငံရေးလက်နက်အဖြစ် အသုံးချနေကြပါတယ်။ ဒီမိုကရေစီနဲ့ မတူကွဲပြားမှုကို လေးစားလိုက်နာဖို့ ဆော်ဩနေတဲ့ ကုလသမဂ္ဂအဖွဲ့ကြီး ကိုယ်တိုင်က အဖွဲ့ဝင်နိုင်ငံအားလုံးအပေါ် ကြီးငယ်မရွေး တစ်ပြေးညီ ဒီမိုကရေစီနဲ့ မတူကွဲပြားမှုရဲ့ အနှစ်သာရတွေကို လိုက်နာမကျင့်သုံးတာကို တွေ့နေရပါတယ်။ အင်အားကြီးရင်တစ်မျိုး၊ အင်အားငယ်ရင် တစ်မျိုးဆိုတဲ့ မမျှတတဲ့ဘက်လိုက်မှုတွေနဲ့ ဦးဆောင်နေတဲ့အတွက် ဒီကနေ့နိုင်ငံတကာမှာ စိုးရိမ်ဖွယ်တင်းမာမှုတွေနဲ့ ရင်ဆိုင်နေကြရပါတယ်။

ငြိမ်းချမ်းရေးနဲ့ လုံခြုံရေးထိန်းသိမ်းတဲ့ ကုလသမဂ္ဂလုံခြုံရေးကောင်စီအဖွဲ့ ရှိနေပါလျက် ကမ္ဘာတစ်ဝန်းမှာ ငြိမ်းချမ်းရေးနဲ့လုံခြုံရေးကို ထိခိုက်စေတဲ့ဖြစ်စဉ်တွေ စဉ်ဆက်မပြတ်ဖြစ်နေတဲ့အတွက် အဲဒီအကျိုးဆက်တွေက အခြားနိုင်ငံငယ်တွေနဲ့ လူထုအတွက် နိုင်ငံရေး၊ စီးပွားရေးတွေ အပြင် ပညာရေး၊ ကျန်းမာရေးနဲ့ လူမှုရေးအဆုံး ထိခိုက်နစ်နာနေကြရပါတယ်။ ငြိမ်းချမ်းရေးနဲ့ လုံခြုံရေးကို ခြိမ်းခြောက်နေမှုတွေနဲ့ပတ်သက်လို့ ၂၀၀၄ ခုနှစ်က ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် ကိုဖီအာနန်က အဆင့်မြင့်အဖွဲ့တစ်ဖွဲ့ ဖွဲ့စည်းပေးခဲ့ပါတယ်။ အဲဒီအဖွဲ့ရဲ့ အစီရင်ခံစာအရ ငြိမ်းချမ်းရေးနဲ့

**ကုလသမဂ္ဂအဖွဲ့ကြီးက တန်ဖိုးထားတဲ့ လူ့အခွင့်အရေးတွေဟာ နိုင်ငံကြီးတွေနဲ့ ဓနဥစ္စာတောင့်တင်းတဲ့ အဖွဲ့အစည်းကြီးတွေက နိုင်ငံရေးလက်နက်အဖြစ် အသုံးချနေကြပါတယ်။ ဒီမိုကရေစီနဲ့ မတူကွဲပြားမှုကို လေးစားလိုက်နာဖို့ ဆော်ဩနေတဲ့ ကုလသမဂ္ဂအဖွဲ့ကြီး ကိုယ်တိုင်က အဖွဲ့ဝင်နိုင်ငံအားလုံးအပေါ် ကြီးငယ်မရွေး တစ်ပြေးညီ ဒီမိုကရေစီနဲ့ မတူကွဲပြားမှုရဲ့ အနှစ်သာရတွေကို လိုက်နာမကျင့်သုံးတာကို တွေ့နေရပါတယ်။ အင်အားကြီးရင်တစ်မျိုး၊ အင်အားငယ်ရင် တစ်မျိုးဆိုတဲ့ မမျှတတဲ့ဘက်လိုက်မှုတွေနဲ့ ဦးဆောင်နေတဲ့အတွက် ဒီကနေ့နိုင်ငံတကာမှာ စိုးရိမ်ဖွယ်တင်းမာမှုတွေနဲ့ ရင်ဆိုင်နေကြရပါတယ်**

လုံခြုံရေးကို ခြိမ်းခြောက်နေတဲ့ အချက် ခြောက်ချက်ကတော့ -

(က) ဆင်းရဲမွဲတေမှု၊ ကူးစက်ရောဂါများနဲ့ သဘာဝပတ်ဝန်းကျင် ပျက်စီးယိုယွင်းလာမှု အပါအဝင် စီးပွားရေးနဲ့ လူမှုရေးဆိုင်ရာ ခြိမ်းခြောက်မှုများ၊
( ခ ) နိုင်ငံများအကြား ပဋိပက္ခများ၊
(ဂ) ပြည်တွင်းပဋိပက္ခများ၊
(ဃ) နျူကလီးယား၊ ဓာတုနှင့် ဇီဝလက်နက်များနှင့် အဖျက်စွမ်းအားကြီးလက်နက်များ၊
( င ) အကြမ်းဖက်မှု၊
( စ ) နယ်စပ်ဖြတ်ကျော်မှုခင်းများ။

အထက်ဖော်ပြပါ အချက်တွေအားလုံးဟာ ကမ္ဘာမှာ လက်ရှိဖြစ်နေဆဲဖြစ်စဉ်တွေဖြစ်ပြီး ယခင်ကထက် ပိုမိုဆိုးရွားနေပါတယ်။ အစီရင်ခံစာမှာမပါပေမယ့် ကမ္ဘာ့ငြိမ်းချမ်းရေးကို ခြိမ်းခြောက်နေတဲ့ဖြစ်စဉ်ကတော့ အင်အားကြီးနိုင်ငံတွေရဲ့လွှမ်းမိုးမှုနဲ့ ခေတ်သစ်ကိုလိုနီပုံစံပဲဖြစ်ပါတယ်။ ဒီလိုဖြစ်စဉ်တွေအရ နိုင်ငံငယ်တွေအပေါ် ကုလသမဂ္ဂရဲ့ ကာကွယ်နိုင်စွမ်း၊ ဖြေရှင်းပေးနိုင်စွမ်း၊ သမာသမတ်ကျမှုနဲ့ ပဋိညာဉ်စာတမ်းပါ ရည်ရွယ်ချက်တွေအပေါ်မှာ မေးခွန်းထုတ်စရာဖြစ်နေပါပြီ။ အထူးသဖြင့် လုံခြုံရေးကောင်စီရဲ့ ရပ်တည်ချက်အပေါ် သုံးသပ်ဖို့ လိုနေပါတယ်။

## လုံခြုံရေးကောင်စီ

ကုလသမဂ္ဂလုံခြုံရေးကောင်စီဟာ ငြိမ်းချမ်းရေးနဲ့လုံခြုံရေး အတွက် အဓိက တာဝန်ယူထားရတဲ့ အဖွဲ့ဖြစ်ပါတယ်။ လုံခြုံရေးကောင်စီအဖွဲ့ဝင်နိုင်ငံ ၁၅ နိုင်ငံအနက် အမြဲတမ်းအဖွဲ့ဝင်နိုင်ငံ ငါးနိုင်ငံနဲ့ အလှည့်ကျအဖွဲ့ဝင်နိုင်ငံ ၁၀ နိုင်ငံပါဝင်ပါတယ်။ အမြဲတမ်းမဟုတ်တဲ့ အဖွဲ့ဝင်နိုင်ငံတွေကို အလှည့်ကျရွေးချယ်ခန့်ထားပေမယ့် အဆုံးအဖြတ်အတွက် အခရာကျတဲ့ ဗီတိုအာဏာကိုတော့ အမြဲတမ်းအဖွဲ့ဝင်နိုင်ငံတွေဖြစ်တဲ့ အမေရိကန်၊ ရုရှား၊ တရုတ်၊ ဗြိတိန်နဲ့ ပြင်သစ်နိုင်ငံတို့ပဲ အသုံးပြု ခွင့်ရရှိထားပါတယ်။ အဲဒီ ငါးနိုင်ငံစလုံးဟာ ဒုတိယကမ္ဘာစစ်တုန်းက စစ်နိုင်တဲ့နိုင်ငံတွေဖြစ်ပြီး အခုလည်း အင်အားကြီးနိုင်ငံတွေ ဖြစ်ပါတယ်။ လုံခြုံရေးကောင်စီမှာ ဗီတိုအာဏာအသုံးပြုနိုင်တဲ့ အမြဲတမ်းအဖွဲ့ဝင် ငါးနိုင်ငံမှာ အမေရိကန်၊ ဗြိတိန်နဲ့ ပြင်သစ်တို့က နေတိုးအဖွဲ့ဝင်နိုင်ငံတွေ ဖြစ်ပါတယ်။ အနောက်အုပ်စုနိုင်ငံတွေပါ။ ရုရှားနဲ့ တရုတ်နိုင်ငံတွေက သူတို့ရဲ့ ပြိုင်ဘက်နိုင်ငံတွေလို့လည်း ဆိုလို့ရပါတယ်။ အဲဒီ ငါးနိုင်ငံစလုံးက နျူကလီးယားလက်နက် ပိုင်ဆိုင်ထားကြပါတယ်။

ကမ္ဘာ့အရေးတွေမှာ အရေးပါတဲ့ဆုံးဖြတ်ချက်တွေချမှတ်နိုင်တဲ့ လုံခြုံရေးကောင်စီဟာ အခုဆို ကမ္ဘာမှာဖြစ်နေတဲ့ တင်းမာမှုတွေ၊ စစ်ပွဲတွေနဲ့ ကမ္ဘာ့အရေးအခင်းတွေမှာ ထိရောက်တဲ့ ဆွေးနွေးညှိနှိုင်းမှုတွေ မလုပ်ဆောင်နိုင်သလို မျှတတဲ့ဆုံးဖြတ်ချက်တွေ မချမှတ်နိုင်တာ တွေ့နေရပါတယ်။ အထူးသဖြင့် အင်အားကြီး နိုင်ငံတွေနဲ့ပတ်သက်တဲ့ အရေးကိစ္စမှန်သမျှမှာ လုံခြုံရေးကောင်စီဟာ ထိရောက်တဲ့လုပ်ဆောင်နိုင်မှုမရှိတာ တွေ့ရပါတယ်။ ဥပမာ – အီရတ်၊ ဆီးရီးယားနဲ့ ယူကရိန်းအရေးတွေမှာ တွေ့နိုင်ပါတယ်။ ဒါဟာ လုံခြုံရေးကောင်စီရဲ့ လုပ်ပိုင်ခွင့်နဲ့ အင်အားကြီး နိုင်ငံတွေရဲ့လုပ်ပိုင်ခွင့်အကြား အာဏာပြိုင်ဆိုင်မှု တစ်ရပ်လို့ သုံးသပ်ရမှာပါ။

လုံခြုံရေးကောင်စီရဲ့ စွမ်းဆောင်ရည်ကို အကန့်အသတ်ဖြစ်စေတဲ့ အချက်တွေထဲမှာဆိုရင် မျှတတဲ့ဆုံးဖြတ်ချက်ဖြစ်ဖို့ အခက်အခဲပဲ ဖြစ်ပါတယ်။ လုံခြုံရေးကောင်စီအနေနဲ့ ၎င်းရဲ့ ဆုံးဖြတ်ချက်တွေကို လိုက်နာဖို့ တွန်းအားပေးရာမှာ အရေးယူပိတ်ဆို့တဲ့နည်း ဒါမှမဟုတ် စစ်ရေးနည်းလမ်းတွေကို အသုံးချနိုင်ပေမယ့် အမြဲတမ်း အဖွဲ့ဝင်နိုင်ငံတွေက ဗီတိုအာဏာသုံးလာတဲ့အချိန်မှာ ထိရောက်မှုနဲ့ မျှတမှုမရှိတာကို တွေ့ရပါတယ်။

ဗီတိုအာဏာပိုင်တဲ့နိုင်ငံတွေကလည်း ၎င်းတို့ရဲ့ အကျိုးစီးပွားနဲ့ ယှဉ်ပြီး ဆုံးဖြတ်ကြလေ့ရှိတာကြောင့် နိုင်ငံငယ်တွေအနေနဲ့ မျှတတဲ့ ဆုံးဖြတ်ချက်ရဖို့ဆိုတာ အလွန် ခဲယဉ်းပါတယ်။ ဒုတိယအချက်ကတော့ လုံခြုံရေးကောင်စီအပေါ် အနောက်အင်အားကြီးနိုင်ငံတွေရဲ့ လွှမ်းမိုးမှုပဲ ဖြစ်ပါတယ်။ ကုလသမဂ္ဂမှာ ပူးပေါင်းဆောင်ရွက်မှုနဲ့ ကိုယ်စားပြုမှု ရှိတယ်ဆိုပေမယ့် အများအားဖြင့် အနောက်အုပ်စုတွေက လွှမ်းမိုးထားကြပါတယ်။ ဥရောပနဲ့ အမေရိကန်တို့က ကုလသမဂ္ဂကိုလွှမ်းမိုးပြီး ၎င်းတို့ရဲ့ အကျိုးစီးပွားကို ဖော်ဆောင်ကြတာဖြစ်လို့ ကုလသမဂ္ဂနဲ့ ၎င်းရဲ့ အဖွဲ့အစည်းတွေဟာ အနောက်အုပ်စုရဲ့ နိုင်ငံရေးလက်နက်တစ်ခုသဖွယ် ဖြစ်လာပါတယ်။ ဒါဟာ လုံခြုံရေး ကောင်စီကို လမ်းကြောင်းလွဲစေတဲ့ ကိုယ်စားပြုမှုမမျှတခြင်းနဲ့ ဗီတိုအာဏာပေးထားမှု မမှန်ကန်ခြင်းရဲ့ အကျိုးဆက်တွေပဲဖြစ်ပါတယ်။

## ကုလသမဂ္ဂပြုပြင်ပြောင်းလဲရေး

ကုလသမဂ္ဂပြုပြင်ပြောင်းလဲရေးဟာ အခုမှဖြစ်လာတဲ့ အယူအဆတော့ မဟုတ်ပါဘူး။ ၁၉၉၀ ပြည့်နှစ်များကတည်းက ကုလသမဂ္ဂပြုပြင်ပြောင်းလဲရေးပြု လုပ်ဖို့ တောင်းဆိုမှုတွေ ရှိခဲ့ပါတယ်။ ဒါပေမယ့် ကုလသမဂ္ဂပြုပြင်ပြောင်းလဲရေးဟာ

*စာမျက်နှာ ၁၇ သို့*

## လုပ်ငန်းခွင် အကြိုမူလတန်း ဆရာအတတ်ပညာသင်တန်း PPTT အမှတ်စဉ် (၈/၂၂) သင်တန်းဆင်း

**တောင်ငူ အောက်တိုဘာ ၁၈**

ပဲခူးတိုင်းဒေသကြီး ဆရာအတတ်ပညာဦးစီးဌာန တောင်ငူပညာရေး ဒီဂရီကောလိပ်၌ အောက်တိုဘာ ၁၇ ရက်က လုပ်ငန်းခွင် အကြိုမူလတန်း ဆရာအတတ်ပညာသင်တန်း PPTT အမှတ်စဉ် (၈/၂၂) သင်တန်းဆင်းပွဲနှင့် ပညာ ရေးဘွဲ့(စာပေးစာယူ) အမှတ်စဉ် (၂/၂၂) သင်တန်းကြိုဆိုပွဲ အခမ်းအနားကျင်းပခဲ့ကြောင်း သိရသည်။



အခမ်းအနားတွင် တောင်ငူပညာရေး ဒီဂရီကောလိပ်မှ သင်တန်းသား သင်တန်းသူများက မြကျွန်းညိုညို တက္ကသိုလ် သီချင်းဖြင့် သီဆိုဖွင့်လှစ်ပြီး တောင်ငူပညာရေးဒီဂရီ ကောလိပ်ကျောင်းအုပ်ကြီး ဒေါ်စန်းစန်းမြင့်က အမှာစကားပြောကြားကာ ဒုတိယကျောင်းအုပ်ကြီး ဒေါ်ဝင်းဝင်းမာက သင်တန်းဆိုင်ရာများ ရှင်းလင်းတင်ပြသည်။

ယင်းနောက် သင်တန်းသား သင်တန်းသူများက ဦးရွှေရိုးနှင့်ဒေါ်မိုးအကဖြင့် ဖျော်ဖြေပြီး တောင်ငူပညာရေး ဒီဂရီကောလိပ် ကျောင်းသီချင်းဖြင့် သီဆိုဖျော်ဖြေခဲ့ကြသည်။

အဆိုပါသင်တန်းကို စက်တင်ဘာ ၁ ရက်မှ အောက်တိုဘာ ၃၁ ရက် အထိ ၆၁ ရက်ကြာ ဖွင့်လှစ်သင်ကြားလျက်ရှိပြီး သင်တန်းသား ၄၆၉ ဦးအား မူလတန်းဆရာ အတတ်ပညာ လက်မှတ်များ ပေးအပ်မည်ဖြစ်ပြီး ပညာရေးဘွဲ့ (စာပေးစာယူ) အမှတ်စဉ် (၂/၂၂) ပထမနှစ် သင်တန်းကို သင်တန်းသား ၄၉၁ ဦး တက်ရောက်လျက်ရှိပြီး သင်တန်းကာလ အနေဖြင့် စက်တင်ဘာ ၂၀ ရက်မှ နိုဝင်ဘာ ၂၃ ရက်အထိ ဖွင့်လှစ်သင်ကြားမည်ဖြစ်ကြောင်း၊ သင်တန်း ပြီးဆုံးပါက ပညာရေးဘွဲ့ (B.Ed) လက်မှတ်ကို ပေးအပ်ချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။ **ခရိုင် (ပြန်/ဆက်)**

## ကျောက်ဆည်မြို့နယ်၌ စိုက်ပျိုးရေပေးဝေနေသည့် ရေပြွန်များကို ပြန်လည်ပြုပြင်ပေး

**ကျောက်ဆည် အောက်တိုဘာ ၁၈**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ် ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ စိုက်ပျိုးသီးနှံများ အောင်မြင်စွာ ရေပေးဝေနိုင်ရေး ရေကျအဆောက်အအုံများနှင့် ပျက်စီးနေသည့်ရေပြွန်များကို ပြန်လည်ပြုပြင်ပေးခြင်း၊ မြောင်းကြမ်းပြင်များတွင် ပို့ကျလျက်ရှိသော သဲနုန်းများကို တူးဖော်ဆယ်ယူပေးခြင်း လုပ်ငန်းများဆောင်ရွက်လျက်ရှိရာ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် မင်းရဲရေမြောင်း၌ ပျက်စီးနေသည့် ရေပြွန်ငါးလုံးကို သံကူကွန်ကရစ် ရေပေးပြွန်များဖြင့် အစားထိုး ပြန်လည်ပြုပြင်ပေးပြီးဖြစ်၍ သီးနှံမျိုးစုံ ၂၁၁ ဧကအတွက် စိုက်ပျိုးရေ ပြည့်ဝစွာ ပေးဝေနိုင်ပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ ပျက်စီးနေသည့်ရေပေးပြွန်များမှာ ပြည်တော်သာကျေးရွာနှင့် ပေါင်လောင်ကျေးရွာအနီး၊ ပေတိုင်အမှတ် အာဒီ(၉+၈၀၀)နှင့် (၁၂+၇၀၀)အကြားရှိ ရေပြွန်များဖြစ်ပြီး ခွင့်ပြုငွေကျပ်သန်း ၃၅ ဒသမ ၀၀၀ဖြင့် မြို့နယ်ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ တာဝန်ယူပြီး အရှည် ၁၂ ပေ၊ အကျယ်ခြောက်လက်မ သံကူကွန်ကရစ် ရေပြွန်ငါးလုံးဖြစ်ကြောင်း၊ ရေပြွန်များ ရေရှည်ခိုင်မာရေးအတွက် ရေပြွန်ထိပ် နဖူးစည်းများတွင် ကျောက်သားနံရံစီခြင်းနှင့် စိုက်ပျိုးရေများ လိုအပ်သည့်အချိန်တွင် လိုအပ်သလို ထိန်းညှိပေးနိုင်ရေး ရေထိန်းတံခါးများပါ တပ်ဆင်ပေးခဲ့ကြောင်း သိရသည်။ **သက်မောင်(ကျောက်ဆည်)**

## ပုသိမ်ကြီးမြို့နယ်၌ အုပ်စုပန်းချီပြပွဲ ကျင်းပ

**အောင်မြေသာစံ အောက်တိုဘာ ၁၈**

မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ်၌ ပန်းချီဆရာ ဆရာမများ၏ စုပေါင်း အုပ်စု ပန်းချီပြပွဲဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက မန္တလေးအောင်မြေသာစံမြို့နယ်ရှိ မန္တလေးတောင်ပန်းချီပြခန်း၌ ကျင်းပသည်။

အခမ်းအနားတွင် ပန်းချီဆရာကြီး ဦးခင်မောင်သန်း၊ ပန်းချီဆရာကြီး ဦးဇော်ဝင်း (သစ်ထွင်း )၊ ပန်းချီဆရာမကြီး ဒေါ်ချိုချိုအောင်၊ ပန်းချီဆရာကြီး ဦးသာဆိုင်တို့က ပန်းချီပြပွဲနှင့်ပတ်သက်၍ မှာတာစကားပြောကြားပြီး အခမ်းအနားကို ဖွင့်လှစ်ပေးသည်။ အဆိုပါပြပွဲတွင် ပန်းချီ ဆရာ ဆရာမ ၂၅ ဦး၏ပန်းချီကား ၅၅ ကားကိုပြသထားပြီး ရေဆေး၊ ဆီဆေး အခရိုင်လစ်၊ ပန်းချီကားများပါဝင်ပြသထားသည်။ ပြပွဲကို အောက်တိုဘာ ၁၈ ရက်မှ ၂၀ ရက်အထိ နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ပြသထားမည်ဖြစ်ပြီး မည်သူမဆို လာရောက်လေ့လာ ကြည့်ရှုနိုင်ကြောင်း သိရသည်။ **ခင်ခင်ဝင်း(ပညာရေး)**

*စာမျက်နှာ ၁၆ မှ*

ဒီကနေ့အထိ လက်တွေ့ဖြစ်မလာသေးပါဘူး။ ပြောင်းလဲရေးပြုလုပ်ဖို့ဆိုတာ ရှုပ်ထွေးမှုတွေ၊ အပြန်အလှန်ချိတ်ဆက်နေတဲ့ ပြဿနာတွေနဲ့ စိန်ခေါ်မှုတွေက များပြားပါတယ်။ ကုလသမဂ္ဂပြုပြင်ပြောင်းလဲဆိုတဲ့ ရည်ရွယ်ချက်မှာကိုပဲ ကွဲပြားမှုတွေ ရှိနေပါတယ်။

ကုလသမဂ္ဂက အကောင်အထည်ဖော်နေတဲ့ ၂၀၃၀ ရည်မှန်းချက်တွေ အောင်မြင်ဖို့အတွက် ကုလသမဂ္ဂရဲ့ ဖွဲ့စည်းပုံ၊ လုပ်ငန်းတာဝန်၊ ရန်ပုံငွေရရှိမှု၊ အုပ်ချုပ်ရေးစနစ်နဲ့ မိတ်ဖက်အဖွဲ့အစည်းတွေနဲ့ ချိတ်ဆက်မှု စတဲ့ပြုပြင်ပြောင်းလဲရေးအတွက် အဆိုပြုထားတာတွေလည်း ရှိပါတယ်။ လက်တွေ့မှာတော့ ကုလသမဂ္ဂပြုပြင်ပြောင်းလဲရေးဟာ ၂၀၃၀ ရည်မှန်းချက်အောင်မြင်ရေးဆိုတာထက် ပိုမိုကျယ်ပြန့်ပါတယ်။ ဒါ့အပြင် ကုလသမဂ္ဂပဋိညာဉ်စာတမ်းထဲမှာ မဆီလျော်တော့တဲ့ အကြောင်းအရာတွေ ပယ်ဖျက်ဖို့၊ ပြင်ဆင်ဖို့ဆိုတာတွေလည်း ပါဝင်ပါတယ်။

ကုလသမဂ္ဂအဖွဲ့ကြီး ပြုပြင်ပြောင်းလဲရေးနဲ့ပတ်သက်လို့ လက်ရှိအတွင်းရေးမှူးချုပ် အန်တိုနီယို ဂူတာရက်စ်က "ပြုပြင်ပြောင်းလဲရေးရဲ့ ရည်ရွယ်ချက်က ရှင်းပါတယ်၊ လုပ်ငန်းစဉ်တွေထက် လူသားတွေအရေးကို ပိုမိုအလေးထားဖို့၊ ပိုသွက်လက်ပြီး ထိရောက်လာဖို့နဲ့ တန်းတူညီမျှမှု၊ မတူကွဲပြားမှုတွေနဲ့ ဂုဏ်သိက္ခာရှိတဲ့ လုပ်ငန်းခွင်တစ်ခု တည်ဆောက်ဖို့ပါ" လို့ဆိုပါတယ်။ သူ့ရဲ့စကားမှာကိုပဲ ကုလသမဂ္ဂအဖွဲ့ကြီးရဲ့အခြေအနေကို မြင်နိုင်ပါတယ်။ လုံခြုံရေးကောင်စီရဲ့ တရားမျှတမှုမရှိတဲ့ အခြေအနေနဲ့ပတ်သက်လို့ ပြီးခဲ့တဲ့ စက်တင်ဘာ ၂၆ ရက် ကုလသမဂ္ဂ အထွေထွေညီလာခံမှာ ဖွံ့ဖြိုးဆဲနိုင်ငံတွေက ပြောကြားခဲ့ကြပါတယ်။ ဒီတော့ နိုင်ငံတကာအဖွဲ့ အစည်းကြီးတစ်ခုရဲ့ လုပ်ဆောင်မှုဟာ တရားမျှတမှုမရှိဘူးဆိုတဲ့ အရင်းခံအကြောင်းရင်းတွေကိုဖြေရှင်းကြဖို့ အချိန်ရောက်နေပါပြီ။

ကုလသမဂ္ဂပြုပြင်ပြောင်းလဲရေးလုပ်ဖို့အတွက် ၂၀၀၄ ခုနှစ်က ဖွဲ့စည်းခဲ့တဲ့ Group of Four (G4s) (ဘရာဇီး၊ ဂျာမနီ၊ အိန္ဒိယနဲ့ ဂျပန်) က လုံခြုံရေးကောင်စီမှာ အမြဲတမ်းအဖွဲ့ဝင်နိုင်ငံတွေနဲ့ အမြဲတမ်းမဟုတ်တဲ့အဖွဲ့ဝင်နိုင်ငံတွေ တိုးချဲ့ဖွဲ့စည်းဖို့ တောင်းဆိုခဲ့ကြပါတယ်။ G4s အဖွဲ့ဝင်နိုင်ငံတွေကလည်း လုံခြုံရေးကောင်စီမှာ အမြဲတမ်းအဖွဲ့ဝင်နိုင်ငံတွေအဖြစ် ပါဝင်ဖို့ ဖြစ်ပါတယ်။

G4s နိုင်ငံ လေးနိုင်ငံအနက်က ဂျာမနီနဲ့ဂျပန်က ဒုတိယကမ္ဘာစစ်မှာ စစ်ရှုံးခဲ့တဲ့နိုင်ငံတွေ ဖြစ်ပါတယ်။ သူတို့က အမေရိကန်ရဲ့ မဟာမိတ်တွေ ဖြစ်ပါတယ်။ အိန္ဒိယ ကတော့ နျူကလီးယားလက်နက်ပိုင်ဆိုင်တဲ့ အင်အားကြီးနိုင်ငံဖြစ်ပါတယ်။ အဲဒီ G4s အဖွဲ့ဝင်နိုင်ငံတွေက ပြီးခဲ့တဲ့ စက်တင်ဘာ ၂၃ ရက်က လုံခြုံရေးကောင်စီပြင်ဆင် ဖွဲ့စည်းရေးဟာ အရေးတကြီးလိုအပ်ချက်ဖြစ်တယ်လို့ ပြောကြားခဲ့ပါသေးတယ်။

G4s အဖွဲ့မတိုင်မီ ၁၉၉၃ ခုနှစ်က လုံခြုံရေးကောင်စီအဖွဲ့ဝင်ဆိုင်ရာနဲ့ လုံခြုံရေးကောင်စီရဲ့ အခြားကိစ္စတွေနဲ့ပတ်သက်တာတွေ စဉ်းစားဖို့အတွက် ကုလသမဂ္ဂ အထွေထွေညီလာခံက Open-ended Working Group ကို ဖွဲ့စည်းပေးခဲ့ပါတယ်။ ၂၀၀၃ ခုနှစ် စက်တင်ဘာလမှာ လုံခြုံရေးကောင်စီအနေနဲ့ အနာဂတ်မှာရင်ဆိုင်ရနိုင်တဲ့ စိန်ခေါ်မှုတွေကို သုံးသပ်ဖို့အတွက် အဆင့်မြင့်အဖွဲ့တစ်ဖွဲ့ကို ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ကိုဖီအာနန်က ဖွဲ့ပေးခဲ့ပါတယ်။ ဒါပေမယ့် တိုးတက်မှုအခြေအနေကတော့ ဒီကနေ့အထိ မတွေ့ရသေးပါဘူး။ အင်အားကြီးနိုင်ငံတွေရဲ့ အာဏာလွန်ဆွဲမှုအောက်မှာ လုံခြုံရေးကောင်စီပြုပြင်ပြောင်းလဲရေး တိုးတက်မှုမရှိတာ အံ့သြစရာတော့ မဟုတ်ပါဘူး။

### အာဏာလွန်ဆွဲမှုအောက်

ကုလသမဂ္ဂပြုပြင်ပြောင်းလဲဖို့ဆိုရာမှာ ဆက်စပ်အဖွဲ့အစည်းတွေ ပြောင်းလဲရေးအပါအဝင် မျှတတဲ့ကိုယ်စားပြုမှု၊ ဒီမိုကရေစီနဲ့ မတူကွဲပြားမှု၊ ပွင့်လင်းမြင်သာမှု၊ ရန်ပုံငွေရရှိမှု၊ အုပ်ချုပ်ရေးစနစ် ဆိုတာတွေလည်း ပါဝင်ပါတယ်။ ဒီလိုပြောင်းလဲမှုမှာ လက်ရှိဗီတိုအာဏာ ရရှိထားတဲ့ နိုင်ငံကြီးတွေရဲ့ အကျိုးစီးပွားတွေနဲ့ အမြဲတမ်းအဖွဲ့ဝင်မဟုတ်တဲ့ စီးပွားရေး၊ စစ်ရေးအင်အားကြီး နိုင်ငံတွေရဲ့ အကျိုးစီးပွားတွေက လွန်ဆွဲနေကြပါတယ်။

ကုလသမဂ္ဂအဖွဲ့ကြီး ပြုပြင်ပြောင်းလဲဖို့ အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်က "ဒီကနေ့ ကမ္ဘာရဲ့ လိုအပ်ချက်တွေကို ပိုမိုကောင်းမွန်စွာ တုံ့ပြန်နိုင်အောင် ဒီအဖွဲ့အစည်းကို ပိုပြီးပါဝင်လာစေဖို့ အချိန်တန်နေပါပြီ" လို့ ပြောကြားခဲ့ပါတယ်။ ဂျိုးဘိုင်ဒင်မတိုင်ခင် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်ကလည်း နိုင်ငံတကာအဖွဲ့အစည်းကြီးဖြစ်တဲ့ ကုလသမဂ္ဂအဖွဲ့ကြီးကို ပြုပြင်ပြောင်းလဲဖို့လိုအပ်ကြောင်း ၂၀၁၇ ခုနှစ် စက်တင်ဘာ ၁၈ ရက်က ပြောခဲ့ဖူးပါတယ်။

ဒါပေမယ့် သူတို့ရဲ့ ပြောကြားချက်တွေဟာ လူသားတွေနဲ့ ကမ္ဘာကြီးရဲ့ ငြိမ်းချမ်းရေး၊ လုံခြုံရေး၊ လူ့အခွင့်အရေး၊ တရားမျှတမှု၊ တန်းတူညီမျှမှုဆိုတဲ့ ကုလသမဂ္ဂပဋိညာဉ်စာတမ်းမှာပါတဲ့ အနှစ်သာရတွေကို လိုလားတာလား၊ အမေရိကန်နိုင်ငံရဲ့ အကျိုးစီးပွားထင်တိုင်းမပေါက်လို့ ပြုပြင်ပြောင်းလဲချင်တာလား ဆိုတာလည်း ဆန်းစစ်ကြရပါလိမ့်မယ်။ ဒါနဲ့ပတ်သက်လို့ အိန္ဒိယနိုင်ငံခြားရေးဝန်ကြီး ဆူဘရာဟန်ရမ်ဂျိုင်ရှန်ကာ ပြောကြားတာကတော့ ရှင်းပါတယ်။ ကုလသမဂ္ဂပြုပြင်ပြောင်းလဲရေး ကြိုးပမ်းအားထုတ်မှုတွေကို ရိုးရိုးသားသားလုပ်ဆောင်ဖို့ လိုအပ်ကြောင်း၊ မိမိတို့ရဲ့ အနာဂတ်ကို စဉ်းစားချင့်ချိန်တဲ့ညီလာခံတွေမှာ ကမ္ဘာ့တိုက်ကြီးတွေနဲ့ ဒေသတွေအားလုံးရဲ့ သဘောထားတွေကို ငြင်းဆန်ခံရတာဟာ တော်တော်လေး မတရားဘူးလို့ မြင်နေကြပါတယ်လို့ ဆိုလိုက်ခြင်းပါပဲ။

တရုတ်နိုင်ငံတော်ကောင်စီဝင် နိုင်ငံခြားရေးဝန်ကြီးဝမ်ယိက ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလအတွင်းက ပြောကြားရာမှာတော့ လုံခြုံရေးကောင်စီကို တရားနည်းလမ်းတကျနဲ့ လိုအပ်တဲ့ပြုပြင်ပြောင်းလဲမှုတွေလုပ်ဖို့ အမြဲတမ်းထောက်ခံပြီး ဒီအတွက်လည်း အစဉ်တစိုက်အပြုသဘောဆောင်တဲ့ ကြိုးပမ်းမှုတွေ ပြုလုပ်နေခဲ့ကြောင်း၊ လုံခြုံရေးကောင်စီ ပြုပြင်ပြောင်းလဲရာမှာ ဖွံ့ဖြိုးဆဲနိုင်ငံတွေရဲ့ ကိုယ်စားပြုမှုနဲ့ ပြောရေးဆိုခွင့်ကို ဦးစားပေးတိုးဖြည့်ရမှာဖြစ်ပြီး ပိုမိုများပြားတဲ့နိုင်ငံတွေ အထူးသဖြင့် လုံခြုံရေးကောင်စီရဲ့ ဆုံးဖြတ်ချက်တွေမှာ နိုင်ငံငယ်နဲ့ အလတ်စားနိုင်ငံတွေ ပိုမိုပါဝင်ဖို့ အခွင့်အလမ်းရှိစေရမှာဖြစ်ကြောင်း ပြောကြားခဲ့ပါတယ်။

ကုလသမဂ္ဂနဲ့လုံခြုံရေးကောင်စီ ပြုပြင်ပြောင်းလဲရာမှာ ဗီတိုအာဏာပိုင်တဲ့ အင်အားကြီးနိုင်ငံတွေကလည်း သူတို့လိုလားချက်၊ သူတို့အမြင်နဲ့ ပြောင်းလဲနေချင်ကြသလို ဗီတိုအာဏာမရသေးတဲ့ အင်အားကြီးနိုင်ငံတွေနဲ့ နိုင်ငံငယ်တွေကလည်း ဗီတိုအာဏာရရှိရေး၊ ကိုယ်စားပြုရေး၊ တန်းတူရည်တူရှိရေး၊ တရားမျှတမှုရှိရေး စတဲ့ ရည်မှန်းချက်အမျိုးမျိုးနဲ့ ပြောင်းလဲချင်ကြပါတယ်။ ဒီကနေ့လို အင်အားကြီးနိုင်ငံတွေအကြား ကိုယ်ကျိုးစီးပွားဖော်ဆောင်ရေး ပြိုင်ဆိုင်မှု ပြင်းထန်နေချိန်မှာ ဗီတိုအာဏာပိုင်ဆိုင်ထားတဲ့ နိုင်ငံတွေအနေနဲ့ လုံခြုံရေးကောင်စီအတွင်း သူတို့ရဲ့လုပ်ပိုင်ခွင့် လျော့ကျစေမယ့် ဒါမှမဟုတ် သူတို့လုပ်ပိုင်ခွင့်ကို အကန့်အသတ်ဖြစ်စေမယ့် ပြောင်းလဲမှုတွေ၊ သူတို့ကို ခြေရာချင်းတိုင်းလာမယ့် ဗီတိုအာဏာပိုင်နိုင်ငံတွေ တိုးလာစေမယ့် ပြုပြင်ပြောင်းလဲရေးတွေလုပ်ဖို့ဆိုတာ စိတ်ကူးယဉ်ဆန်လွန်းလှပါတယ်။

အင်အားကြီးနိုင်ငံတွေရဲ့ အာဏာလွန်ဆွဲမှုတွေအကြား ကမ္ဘာ့နိုင်ငံရေးဇာတ်ခုံမှာ ထင်သလောက်ခရီးမပေါက်တော့တဲ့ ကုလသမဂ္ဂနဲ့ လုံခြုံရေးကောင်စီကို ရည်ရွယ်ချက်မှန်မှန်နဲ့မပြောင်းလဲနိုင်ခဲ့ရင် ဖြစ်လာမယ့် စိန်ခေါ်မှုအသစ်တွေနဲ့ အကျိုးဆက်တွေက နိုင်ငံတကာအဖွဲ့အစည်းကြီးဖြစ်တဲ့ ကုလသမဂ္ဂအတွက် ပိုမိုခက်ခဲကြမ်းတမ်းလာပါလိမ့်မယ်။ ။

**ကိုးကား -**

၁။ THE FUTURE WE WANT THE UN SYSTEM WE NEED၊ United Nations 2016

၂။ United Nations Security Reform၊ March 2022၊ https://www.mofa.go.jp/ files/ 100059111.pdf

၃။ https://www.thehindu.com/news/international/india-japan-brazil-germany-dissatisfied-with-lack-of-progress-in-un-reform/article65926668.ece

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၉-၁၀-၂၀၂၂

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၁၉၇၀ | ၂၀၁၅ | ၂၀၁၀ | ၁၉၈၀ | ၂၀၁၅ | ၂၀၃၅ | ၂၀၂၅ | ၂၀၀၀ | ၂၀၉၅ | ၂၁၁၀ | ၂၀၀၅ | ၂၀၁၅ | ၂၀၅၀ | ၂၀၅၀ | ၂၀၅၅ | ၂၂၇၅ | ၂၇၇၀ |
| 95 Ron | ၂၀၄၀ | ၂၀၈၅ | ၂၀၈၅ | ၂၀၄၅ | ၂၀၈၅ | ၂၁၀၅ | ၂၀၉၀ | ၂၀၇၀ | ၂၁၆၅ | ၂၁၈၀ | ၂၀၇၅ | ၂၀၉၀ | ၂၁၂၀ | ၂၁၂၀ | ၂၁၂၅ | ၂၃၄၀ | ၂၈၅၅ |
| HSD (500 ppm) | ၂၇၀၅ | ၂၇၆၅ | ၂၇၆၀ | ၂၇၂၀ | ၂၇၆၀ | ၂၇၈၀ | ၂၇၈၀ | ၂၇၄၅ | ၂၈၆၀ | ၂၈၅၅ | ၂၇၅၅ | ၂၇၆၀ | ၂၇၉၅ | ၂၈၀၀ | ၂၈၀၀ | ၃၀၂၀ | ၃၄၈၅ |
| HSD (50 ppm) | ၂၇၉၀ | ၂၈၄၀ | ၂၈၃၅ | ၂၈၀၀ | ၂၈၃၅ | ၂၈၆၀ | ၂၈၅၅ | ၂၈၂၀ | ၂၉၃၅ | ၂၉၃၀ | ၂၈၃၀ | ၂၈၄၀ | ၂၈၇၀ | ၂၈၇၅ | ၂၈၇၅ | ၃၀၉၅ | ၃၅၂၀ |
| HSD (10 ppm) | ၂၇၉၀ | ၂၈၄၀ | ၂၈၃၅ | ၂၈၀၀ | ၂၈၃၅ | ၂၈၆၀ | ၂၈၅၅ | ၂၈၂၀ | ၂၉၃၅ | ၂၉၃၀ | ၂၈၃၀ | ၂၈၄၀ | ၂၈၇၀ | ၂၈၇၅ | ၂၈၇၅ | ၃၀၉၅ | ၃၅၂၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၈၇၂ | ၁၉၄၃ |
| 95 Ron | ၁၉၃၉ | ၂၀၁၁ |
| HSD (500 ppm) | ၂၅၉၈ | ၂၆၈၀ |
| HSD (50 ppm) | ၂၆၆၉ | ၂၇၅၂ |
| HSD (10 ppm) | ၂၆၆၉ | ၂၇၅၂ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၀၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

# မြန်မာနိုင်ငံမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ဆန်တင်ပို့ရာ၌ ဆန်အရည်အသွေးကိုကြပ်မတ်စစ်ဆေးမှုဖြင့် တောင်သူ၊ စက်ပိုင်၊ ကုန်သည်နှင့် ကုမ္ပဏီများ အဆင်ပြေသော နှစ်တစ်နှစ်အဖြစ်ရပ်တည်

**ရန်ကုန် အောက်တိုဘာ ၁၈**

မြန်မာနိုင်ငံမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ကုမ္ပဏီ ၃၀ ကျော်မှ ဆန်တင်ပို့လျက်ရှိရာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ပြည်ပပို့ကုန်ဆန်အရည်အသွေးကို စစ်ဆေးကြပ်မတ်မှုဖြင့် မြန်မာ့ဆန်အရည်အသွေးကို ထိန်းချုပ်နိုင်မှုကြောင့် ယခုနှစ်ပြည်ပသို့ ဆန်တင်ပို့မှုတွင် စိုက်ပျိုးတောင်သူ၊ စက်ပိုင်၊ ကုန်သည်နှင့် ကုမ္ပဏီများ အဆင်ပြေသော နှစ်တစ်နှစ်အဖြစ် ရပ်တည်လျက်ရှိကြောင်း သိရသည်။

**ပို့ကုန်ကဏ္ဍမြင့်တက်လာ**

ယခင်က ကုမ္ပဏီများစုပေါင်း၍ ပြည်ပသို့ ဆန်တင်ပို့ရာ၌ အရည်အသွေးလျော့သော ဆန်များ ရောနှော ပါဝင်တတ်မှုကြောင့် အရည်အသွေး ကောင်းတင်ပို့သောကုမ္ပဏီများ နစ်နာမှုများစွာ ကြုံတွေ့ခဲ့ရပြီး ယခုအခါ သက်ဆိုင်ရာဝန်ကြီးဌာနမှ ကြပ်မတ်ဆောင်ရွက်မှုဖြင့် တင်ပို့သောဆန်အိတ်အတွင်း ကုမ္ပဏီအမှတ်တံဆိပ်ကို ထည့်သွင်းထားခြင်း၊ ဆန်အရည်အသွေး အထူးဂရုပြုစစ်ဆေးခြင်းနှင့် ထွက်ရှိသောဆန်များမှာ ကြိတ်ခွဲမှု ကောင်းမွန်သော တန်းမြင့်ဆန်များ ဖြစ်ခြင်းတို့ကြောင့် ဘင်္ဂလားဒေ့ရှ်အပါအဝင် ပြည်ပပို့ကုန်ဆန်များ အရည်အသွေးကောင်းမွန်သည့်အတွက် ဆန်တင်ပို့မှုတွင် ပို့ကုန်ကဏ္ဍ မြင့်တက်လာခြင်းဖြစ်သည်။

ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး (အရှေ့/ အနောက်)၊ ဧရာဝတီတိုင်းဒေသကြီးနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် မိုးစပါးများ ထွက်ရှိပြီဖြစ်ရာ သက်ရင့်မျိုးဖြစ်သော ရတနာတိုးနှင့် မနောသုခဆန်များ ပြည်တွင်းဈေးကွက်အတွင်း အဝင်များ၍ အရောင်းအဝယ်ဖြစ်လျက်ရှိပြီး ဘုရင့်နောင်



ဆန်စပါး ကုန်စည်ဒိုင်သို့ ဆင်းသုခနှင့် ရတနာတိုး တစ်ရက်လျှင် ဆန်အိတ်တစ်သိန်းခန့် ဝင်ရောက်လျက်ရှိသည်။ နယ်စုံမှ ထွက်ပေါ်လာသော မိုးစပါးတို့တွင် အချို့မှာ တစ်ဧကတင်းရာကျော် အထွက်နှုန်းကောင်းခဲ့ပြီး အချို့မှာမိုးကြောင့် အထွက်နှုန်းလျော့မှုများရှိခဲ့သော်လည်း ပျမ်းမျှအားဖြင့် တစ်ဧကလျှင်တင်း (၇၀/၈၀) ထက် မလျော့ကြောင်း သိရသည်။ သက်ရင့်စပါးဖြစ်သော မနောသုခနှင့် ရတနာတိုးစပါးကို အောင်မြင်စွာ ရိတ်သိမ်းနိုင်ခဲ့ကာ ဥရောပဈေးကွက်ဝင် ကရင်မဆန်များ ဘုရင့်နောင်ကုန်စည်ဒိုင်သို့ အောက်တိုဘာလကုန်ပိုင်းတွင် လှိုင်လှိုင်ဝင်ရောက်လာမည်ဖြစ်သည်။

**ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ တိုက်ရိုက်တင်ပို့လျက်ရှိ**

ဧရာဝတီတိုင်းဒေသကြီးမှ ထွက်ရှိသော ဆန်စပါးသုံးပုံနှစ်ပုံကို ရန်ကုန်မြို့ ကုန်စည်ဒိုင်များထက် ပုသိမ်ကုန်စည်ဒိုင်သို့ တင်ပို့လျက်ရှိရာ ပြည်ပတင်ပို့ခွင့်ရရှိထားသော ကုမ္ပဏီများအနေဖြင့် ပုသိမ်မြို့မှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ တစ်ပိုင်တစ်နိုင်တိုက်ရိုက် တင်ပို့လျက်ရှိသည်။

**ဈေးကွက်ခိုင်မာမှုရရှိ**

ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ ဆန်အဝယ်လိုက်မှုကြောင့် ဝယ်ယူသော ဆန်အမျိုးအစားများ ပြည်တွင်းဈေးကွက်၌ အရောင်းအဝယ် ကောင်းလျက်ရှိပြီး ဝယ်ယူသွားသောဆန်အတွက် တစ်ပတ်၊ ၁၀ ရက် ငွေစောင့်ဆိုင်းရမှုမရှိဘဲ ငွေလက်ငင်းစနစ်ဖြင့် ဝယ်ယူရောင်းချနိုင်ခြင်း၊ ဆန်စပါး ရောင်းဝယ်မှုတွင် ဘဏ်များနှင့် ချိတ်ဆက်ဆောင်ရွက်မှု အားကောင်းခြင်းတို့ကြောင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ဆန်တင်ပို့ခွင့်ရရှိထားသော ကုမ္ပဏီ ၃၀ ကျော်မှာ ဈေးကွက်ခိုင်မာမှုကို ရရှိလျက်ရှိသည်။

“ဒီနှစ်ဆန်တင်ပို့ရောင်းချရာမှာ ငွေလက်ငင်းဈေးကွက်ပုံစံနဲ့ ရောင်းချရတာဖြစ်တဲ့အတွက် အားလုံးအဆင်ပြေကြတယ်။ ပြီးတော့စီးပွားရေးနဲ့ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနကလည်း ပို့ကုန်ဆန်အရည်အသွေးကို ကြပ်မတ်စစ်ဆေးတယ်။ ပို့ကုန်ဆန်အိတ်တွေမှာ ကုမ္ပဏီအမှတ်အသားကို ထည့်ပေးထားတာကြောင့် တင်ပို့တဲ့နိုင်ငံမှာ တစ်ခုခုဖြစ်ရင် ဘယ်ကုမ္ပဏီဆိုတာသိနိုင်အောင် ဝန်ကြီးဌာနက ဆောင်ရွက်ထားတဲ့အတွက် အရည်အသွေးကို ထိန်းချုပ်ပြီးသား ဖြစ်စေပါတယ်။ မိုးစပါးအထွက်နှုန်းကောင်းပြီး ကြိတ်ခွဲလို့ရတဲ့ တန်းမြင့်ဆန်တွေကို ပြည်ပကိုတင်ပို့ခွင့်ရရှိတဲ့အတွက် ဒီနှစ်ဟာတောင်သူကစပြီး ပို့ကုန်တင်ပို့တဲ့ ကုမ္ပဏီတွေအားလုံး အဆင်အပြေဆုံး နှစ်တစ်နှစ်လို့ဆိုရမှာပါ” ဟု ဘုရင့်နောင်ဆန်စပါး ကုန်စည်ဒိုင်မှ အတွင်းရေးမှူး ဦးသန်းဦး က ပြောသည်။

**ငွေကြေးအခက်အခဲများမရှိ**

ပြည်တွင်းစပါးဈေး အစိုတင်း တစ်ရာလျှင် ငွေကျပ် ၁၀ သိန်း၊ အခြောက်တင်း တစ်ရာလျှင် ငွေကျပ် ၁၂ သိန်း ရရှိသောကြောင့် စိုက်ပျိုးတောင်သူများအဆင်ပြေခဲ့သည်။ ပြည်တွင်း ဆန်စပါးဝယ်ယူခြင်းနှင့် ပြည်ပပို့ကုန်တွင်လည်း အကျိုးအမြတ်ရရှိလျက်ရှိကာ ငွေကြေးကဏ္ဍတွင် ပို့ကုန်ပစ္စည်းများ သင်္ဘောတင်ပြီးပါက ထုတ်ယူနိုင်ရန် ဘဏ်များနှင့် ချိတ်ဆက်၍ စီမံဆောင်ရွက်ထားသည်။ ယမန်နှစ်ကဲ့သို့ ငွေကြေးအခက်အခဲများ မရှိသည့်အတွက် Exporter များအနေဖြင့် ဆန်နှင့် ဆန်ကွဲကို တရုတ်၊ ဖိလစ်ပိုင်၊ ဘင်္ဂလားဒေ့ရှ်နှင့် ဥရောပနိုင်ငံ အချို့သို့ တင်ပို့ရာ၌ အဆင်ပြေလျက်ရှိသည်။

**ညိမ်းသူ(သတင်းစဉ်)၊ ဓာတ်ပုံ-ကနူး**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၁၉-၁၀-၂၀၂၂ ဗုဒ္ဓဟူးနေ့

**MRTV HD**

- ၀၆:၀၀ တောင်တန်းသာသနာပြုဆရာတော် ဘုရားကြီး၏ ပရိတ်တရားတော် (ဝဋ္ဋသုတ်)
- ၀၇:၀၀ နံနက်ခင်းသတင်း
- ၀၈:၃၅ (၂၃)ကြိမ်မြောက်မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ
- ၀၉:၃၀ စိုက်ပျိုးရေးရာအဖြေရှာ
- ၀၉:၄၀ ချစ်စရာ့ပန်းလွှန်(CBT)
- ၁၀:၀၀ သတင်းထဲကသတင်း
- ၁၁:၃၀ ရှုဖွယ်စုံလင်အာဆီယံအစီအစဉ်
- ၁၂:၃၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'ချစ်ပန်းရနံ့လွင့်ပျံ့အမုန်း' (အပိုင်း-၁၉)
- ၁၃:၃၀ သီချင်းကြီးပဒေသာ
- ၁၃:၅၀ MRTV National News
- ၁၄:၀၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'အချစ်ဆိုသည်မှာ' (အပိုင်း-၁၃+၁၄)
- ၁၅:၃၀ မျိုးဂုဏ်တင့်စေဆိုကရေးတီးအမွေ
- ၁၆:၃၅ အသိပညာနှင့်အမှန်တရား
- ၁၇:၂၅ ခေတ်အလိုက်ကြေးမုံပြင်
- ၁၇:၄၀ မြို့တော်နေပြည်တော်က ကျောက်စိမ်းဥယျာဉ်
- ၁၈:၀၀ ပြည်တွင်းသတင်း
- ၁၈:၃၅ (၃၈)ဖြာမင်္ဂလာ (ဦးနန်းဝင်းရေးသားပူဇော်တင်ဆက်သည်) 'သမဏာနဉ္စဒဿနံ'
- ၁၉:၃၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'ချစ်ပန်းရနံ့လွင့်ပျံ့အမုန်း' (အပိုင်း-၂၇)
- ၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- ၂၁:၀၀ သံစဉ်ချိုမြမြန်မာတေးအလှ
- ၂၁:၃၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'အချစ်ဆိုသည်မှာ' (အပိုင်း-၄၀) (ဇာတ်သိမ်းပိုင်း)

**mitv**

- 07:02 Evergreen Classic: Te Ja Su Ne Ma (Tekkatho Lei Lei)
- 07:10 Myanmar Traditional Cart Business
- 07:31 Myanmar Guitarist
- 07:54 Kid's Home
- 08:01 News
- 08:28 Ancient Historical Kakku Pagoda
- 08:36 Reflected Glory
- 09:01 Myanmar Traditional Instruments (MYANMA OBOE)
- 09:27 Myanmar Puppeteers (Zawgyi Dance)
- 09:36 Let's Taste Delicious Insects: Choice Mixed Insects and Lettuce Salad & Red Ant and Soy Bean Paste Curry
- 09:55 The Art of Making Paper Toys
- 10:01 News
- 10:27 Unique Art of Stucco Work
- 10:44 Myanmar Invites You
- 11:01 Graffiti: Character Art

**MRTV NRC**

- **အရှေ့ပိုးကရင် (၀၆:၀၀ မှ ၀၇:၀၀)** မုလအိ(အပိုင်း-၁)
- **ချင်း (လိုင်ဇိုး) (၀၇:၀၀ မှ ၀၈:၀၀)** ပြောင်းဖူးခြောက်ပြုတ်နည်း
- **ချင်း (ချိုး) (၀၈:၀၀ မှ ၀၉:၀၀)** ဘုံတလာရေတံခွန်အကြောင်း
- **မွန် (၀၉:၀၀ မှ ၁၁:၀၀)** အလှဖြာဝေရာမည်မြေ
- **ရခိုင် (၁၁:၀၀ မှ ၁၃:၀၀)** ကောန့်ပျိုင်နှင့်ရွှေဖရုံသီးချက်
- **ရှမ်း (၁၃:၀၀ မှ ၁၅:၀၀)** လူသားတို့ရဲ့ကျေးဇူးရှင်(များ)
- **ဝ (၁၅:၀၀ မှ ၁၇:၀၀)** ခေါက်ဆွဲချက်ပြုလုပ်နည်း
- **ကချင် (၁၇:၀၀ မှ ၁၉:၀၀)** ပူတာအိုသို့အလည်တစ်ခေါက်
- **ကယား (၁၉:၀၀ မှ ၂၁:၀၀)** ကယားမျိုးနွယ်စုတို့ရဲ့ဝတ်စားဆင်ယင်မှု
- **ပကိုးကရင် (၂၁:၀၀ မှ ၂၂:၀၀)** ပြောင်းမြစ်မုန့်ဟင်းခါးချက်စားရအောင်
- **အနောက်ပိုးကရင် (၂၂:၀၀ မှ ၂၃:၀၀)** ကရင်စာပေစကားပြောကြရအောင် (အပိုင်း-၆)

**MRTV NEWS**

- ၀၆:၀၀ အဖွင့်၊ တေးသီချင်း
- ၀၆:၄၀ အားကစားသတင်း
- ၀၈:၃၀ နိုင်ငံတကာသတင်း (LIVE)
- ၀၈:၃၅ ချစ်စရာ့....ပန်းလွှန်
- ၀၉:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၁:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၄:၀၀ MRTV National News
- ၁၅:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၇:၃၀ နိုင်ငံတကာသတင်း (LIVE)
- ၁၉:၀၀ ပြည်တွင်းသတင်း (LIVE)
- ၂၀:၀၀ ပြည်တွင်းသတင်း (LIVE)
- ၂၁:၀၀ ပြည်တွင်းသတင်း (LIVE)

**MRTV PARLIAMENT**

- ၀၉:၀၀ အဖွင့်၊ အလံ
- ၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'အုပ်ထိန်းခွင့်ဆိုင်ရာဥပဒေ'
- ၁၀:၀၀ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်သတင်းများ
- ၁၀:၃၀ ဥပဒေဆိုင်ရာ သိမှတ်ဖွယ်ရာ ဆွေးနွေးခန်း (အပိုင်း-၁)
- ၁၁:၀၀ PR SYSTEM (အပိုင်း-၁)
- ၁၁:၃၀ အတွေးအမြင် (အပိုင်း-၁)

**MRTV FARMERS'**

- ၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက်
- ၀၆:၀၂ တောင်သူလယ်သမားရေးရာသတင်း
- ၀၇:၀၀ ကြံဖတ်မှသည်ကုန်ချောနစ်မျိုးဆီသို့
- ၀၇:၃၀ အသားတိုးကြက်မွေးမြူရေးမှသည် ကျေးလက်ပြည်သူများ ဝင်ငွေတိုးပွားရေးဆီသို့
- ၀၇:၅၀ ပြည်ထောင်စုနယ်မြေမှနေချင်စဖွယ် ကျေးရွာများ
- ၀၈:၂၀ ခေတ်မီမီအရည်အသွေးကောင်းရောင်းပန်းလှ
- ၀၉:၂၀ လူသားနှင့်ကမ္ဘာ့ဘေးကင်းစေဖို့ဇဗဇ စနစ်ဖြင့် မောင်းနှင်ကြပါစို့
- ၀၉:၂၀ အစားထိုးသီးနှံစိုက်ပျိုးရေး မျိုးစေ့ပျိုးပင်ပံ့ပိုးကူညီပေး

**MRTV SPORTS**

- ၀၆:၀၀ အဖွင့်
- ၀၆:၃၀ အခြေခံအားကစားနည်းစနစ်များ
- ၀၇:၀၀ Sports News
- ၀၇:၃၀ Soccer View/ Weekly Sports Info/ Sports Diary/ Weekly MNL Review
- ၀၇:၄၅ အားကစားလောကထဲက သူတို့အကြောင်း
- ၀၈:၀၀ ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
- ၂၀:၀၀ ပြည်တွင်းသတင်း

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၅)နာရီ (၆)ကြိမ်နှုန်း (၂၄)နာရီ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

SCAN ME

www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal

# တိုင်ဖွန်းမုန်တိုင်း "နီးစတ်" အားလျော့သွားနိုင်သည်ဟုခန့်မှန်း

**နေပြည်တော် အောက်တိုဘာ ၁၈**

ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်များအရ တောင်တရုတ်ပင်လယ်ပြင်တွင် ဖြစ်ပေါ်နေသော တိုင်ဖွန်းမုန်တိုင်း "နီးစတ်" သည် အနောက်တောင်ဘက်သို့ ရွေ့လျားခဲ့ပြီး တရုတ်နိုင်ငံ ဟိုင်နန်ကျွန်း၏ အရှေ့တောင်ဘက် ရေမိုင် ၂၀၀ မိုင်ခန့်အကွာ ပင်လယ်ပြင်ကိုဗဟိုပြုနေသည်။ အဆိုပါ တိုင်ဖွန်းမုန်တိုင်း "နီးစတ်" သည် အနောက်-အနောက်တောင်ဘက်သို့ ရွေ့လျားနိုင်ပြီး အောက်တိုဘာ ၁၉ ရက်နေ့တွင် အားကောင်းသော အပူပိုင်းမုန်တိုင်း "နီးစတ်" အဖြစ်သို့ အားလျော့သွားနိုင်သည်ဟု ခန့်မှန်းရသည်။

ဘင်္ဂလားပင်လယ်အော် အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။

မိုး/ဇလ

# ပြည်သူ့ကြားက ပြည်သူ့စကား အစီအစဉ် ထုတ်လွှင့်မည်

**နေပြည်တော် အောက်တိုဘာ ၁၈**

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများအား သဇင် FM ၏ "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်မှ **"မုံရွာမြို့အတွင်း PDF အမည်ခံ အကြမ်းဖက်သမားများ၏ ရမ်းသမ်းပစ်ခတ်မှုကြောင့် သံဃာတော် တစ်ပါး ထိခိုက်ဒဏ်ရာရရှိပြီး အမျိုးသားနှစ်ဦး သေဆုံး"** ခေါင်းစဉ်ဖြင့် အောက်တိုဘာ ၁၉ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်သည်။

လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **"ကျိုက်ထီးရိုးဆံတော်ရှင် စေတီတော်မြတ်ကြီး၊ ကင်မွန်းချောင်းတောင်တက်ကားဂိတ်အား KNLA တပ်မဟာ (၁) နှင့် NUG၊ CRPH တို့၏ လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်သမားများက လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် အကြောင်းမဲ့ ပစ်ခတ်တိုက်ခိုက်မှုကြောင့် အပြစ်မဲ့ပြည်သူများ ထိခိုက်သေဆုံးသည့် ဖြစ်စဉ်"** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၉၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၁၈ - ၁၀ - ၂၀၂၂

**ရွှေ**

| | | |
|---|---|---|
| အကယ်ဒမီမီးလင်းရွှေအဖွင့်ဈေး | တစ်ကျပ်သား ကျပ် | ၁၉၄၄၀၀၀ |
| အကယ်ဒမီမီးလင်းရွှေအပိတ်ဈေး | တစ်ကျပ်သား ကျပ် | ၁၉၅၀၀၀၀ |
| ကမ္ဘာ့ရွှေဈေးအဖွင့်ဈေး | တစ်အောင်စ အမေရိကန်ဒေါ်လာ | ၁၆၅၀ |
| ကမ္ဘာ့ရွှေဈေးအပိတ်ဈေး | တစ်အောင်စ အမေရိကန်ဒေါ်လာ | ၁၆၅၆ |

(ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းမှ ရယူပါသည်)

**စက်သုံးဆီ(လက်လီဈေးနှုန်းများ)**

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၆၇၅ ကျပ် | ၂၇၃၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၇၆၀ ကျပ် | ၂၈၁၀ ကျပ် |
| အောက်တိန်း ၉၂ | ၁၉၅၅ ကျပ် | ၂၀၀၅ ကျပ် |
| အောက်တိန်း ၉၅ | ၂၀၂၅ ကျပ် | ၂၀၇၀ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၂၁၀၀ . ၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၂၀၆၆ . ၀ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၄၇၇ . ၅ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၅၅ . ၁၄၀ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၄၀၈ . ၈ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၄၄၅ . ၂၉ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၉၁ . ၆၉ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၅ . ၅၀၂ |

(မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ရယူပါသည်)

**ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉၄၀၀ | ၉၄၀၀ | ၁၀၄၇ | ၉၇၅၄၁၀၀ |
| MTSH | ၃၅၀၀ | ၃၄၅၀ | ၁၀၄၃၂ | ၃၆၁၄၂၅၀၀ |
| MCB | ၇၈၀၀ | ၇၈၀၀ | ၁၂ | ၉၃၆၀၀ |
| FPB | ၂၁၀၀၀ | ၂၁၀၀၀ | ၄၄ | ၉၂၄၀၀၀ |
| TMH | ၀ | ၀ | ၀ | ၀ |
| EFR | ၂၇၅၀ | ၂၇၅၀ | ၂ | ၅၅၀၀ |
| AHP | ၅၁၀၀ | ၅၁၀၀ | ၉၀ | ၄၅၉၀၀၀ |

ညီညီ - စုစည်းသည်

**မြန်မာ့အလင်း**

**စာတည်းမှူးချုပ်** - အောင်နိုင်ဦး
**ခေတ္တစာတည်းမှူး** - မြင့်စိုး
**သတင်းထောက်မှူး** - ခင်ရတနာ
**စာတည်းများ** - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
**ဘာသာပြန်စာတည်း** - ခြူးစန္ဒီနွေး၊ တင်လင်းအောင်
**အကြီးတန်းသတင်းထောက်များ** - ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)
**အငယ်တန်းသတင်းထောက်များ** - ဝေသူနွယ်၊ ဇော်ဝိုင်းအောင်၊ ခင်ဖြူထွေး
**ဓာတ်ပုံသတင်းထောက်** - တင်စိုး
**သုတေသန** - အိအိခင်နှင့် အဖွဲ့
**စာပြင်** - အေးအေးမိုးလှိုင်နှင့် အဖွဲ့
**စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** - သန်းထွန်းအောင်နှင့် အဖွဲ့
**အီးမေးနှင့် အွန်လိုင်း** - သက်လွင်ဦးနှင့် အဖွဲ့
**ထုတ်ဝေခြင်းအမှတ်** - (၀၁၀၉၃)
**ပုံနှိပ်ခြင်းအမှတ်** - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၃၊ **ရန်ကုန်ရုံးခွဲ-** အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ **စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

# ပြတိုက်ပညာရပ်ဖြန့်ဖြူးပေးရာ ဘွဲ့လွန်ပြတိုက်ပညာ ဒီပလိုမာသင်တန်း

**သီသီသောင်း**

**ပြတိုက်များသည် အရေးကြီးသော ပညာရေးပတ်ဝန်းကျင်များဖြစ်ပြီး သင်ယူလေ့လာမှုဆိုင်ရာ အလားအလာများစွာကို ရယူနိုင်သည့် ပညာဘဏ်တိုက် နေရာဌာန တစ်ခုဖြစ်ပေသည်။ ပြတိုက်ပညာရေးသင်ယူခြင်းမှာ ဘောင်အကန့်အသတ်မရှိပါ။ ပြတိုက်များတွင် ပြသထားသော ယဉ်ကျေးမှု အမွေအနှစ် ပြသပစ္စည်းစုဆောင်းမှုများသည် ပညာရပ်ဆိုင်ရာ လေ့လာသင်ယူကြသည့် ကျောင်းသားများအား အတိတ်ကာလဆီမှ လူသားများ၏ တီထွင်ဖန်တီးမှုများ၊ အချိန်ကာလ၊ နေရာများ၊ အဖြစ်အပျက်များ သို့မဟုတ် ရုပ်ပိုင်းဆိုင်ရာ ထိတွေ့နိုင်သော ချိတ်ဆက်မှုများကို ပေးစွမ်းနိုင်ပြီး လူ့သမိုင်းနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၏ ဆင့်ကဲဖြစ်စဉ်ကို သင်ယူမှတ်သားရရှိ ခံစားနိုင်စေသည့်နေရာဖြစ်ပါသည်။**

ပြတိုက်များတွင် ပညာရပ်ဆိုင်ရာ လေ့လာသင်ယူခြင်းသည် ယဉ်ကျေးမှု အမွေအနှစ် ဝတ္ထုပစ္စည်းများ၏ သမိုင်းတန်ဖိုးကို နားလည်ရန်၊ မတူကွဲပြားသော ယဉ်ကျေးမှုများကို လေးစားရန်နှင့် ဓလေ့ထုံးတမ်းယဉ်ကျေးမှုပေါင်းစုံကို သိရှိနားလည်ရန် ကူညီပေးပေသည်။ ပြတိုက်များကို စူးစမ်းလေ့လာခြင်းသည် ကျောင်းသားများအား အသိပညာဆည်းပူးခြင်း လုပ်ငန်းစဉ်တွင် တက်ကြွစွာ ပါဝင်လုပ်ဆောင်စေကာ ကျောင်းသားများ၏ စိတ်ကူးစိတ်သန်းများနှင့် စိတ်ခံစားမှုများကို ပုံဖော်ပြစေနိုင်ပါသည်။ ပြတိုက်များကို ထိရောက်စွာ အသုံးပြုခြင်းဖြင့် ဘက်စုံလေ့လာသင်ယူနိုင်မှု၊ ဝေဖန်ပိုင်းခြားနိုင်သော တွေးခေါ်မှုစွမ်းရည်များ ဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် မျက်မှောက်ခေတ် ကာလ၏ ဘဝတစ်သက်တာ သင်ယူမှုစွမ်းရည်များကို ရယူနိုင်ရန် ပံ့ပိုးကူညီပေးပေသည်။

**လူ့အဖွဲ့အစည်းတွင်ပြတိုက်များ၏ အခန်းကဏ္ဍသည် အလွန်အရေးပါ**

အပြည်ပြည်ဆိုင်ရာ ပြတိုက်များကောင်စီ (COM –International Council of Museums) သည် ပြတိုက်နှင့် ပြတိုက်ပညာရှင်များ၏ တစ်ခုတည်းသော နိုင်ငံတကာအဖွဲ့အစည်း ဖြစ်ပါသည်။ ထိုအဖွဲ့အစည်းမှာ အသင်းဝင်ရောက်ရသည့် လွတ်လပ်သော အဖွဲ့အစည်းတစ်ခုဖြစ်ပြီး ပြတိုက်ပညာပေးရေးလုပ်ငန်း၊ ပြတိုက်ပညာရပ်အလိုက်သုတေသနပြုခြင်း၊ ပြတိုက်ပစ္စည်း ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ ပြတိုက်များ စဉ်ဆက်မပြတ် လည်ပတ်နိုင်ရေးနှင့် ခေတ်နှင့်အညီ ပြတိုက်ပညာရပ်ဆိုင်ရာ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး၊ လူထုဆက်ဆံရေးလုပ်ငန်းများကို အစဉ်တစိုက် လုပ်ကိုင်ပါသည်။ မျက်မှောက်ခေတ် ပြောင်းလဲလာသော လူ့အဖွဲ့အစည်းတွင် ပြတိုက်များ၏ အခန်းကဏ္ဍနှင့် ပြတိုက်ပညာရေး တိုးတက်ဖွံ့ဖြိုးရန် အခန်းကဏ္ဍသည် အလွန်အရေးပါပြီး စိန်ခေါ်မှုများစွာဖြင့် ကြုံတွေ့နေရပေသည်။

ပြတိုက်ပညာရပ်များကို စာတွေ့၊ လက်တွေ့ လေ့လာဆည်းပူးရာ ပြတိုက်များသည် ကမ္ဘာပေါ်ရှိ သဘာဝကပေးအပ်သော အမွေအနှစ်များ၊ လူသားများ၊ လူ့ယဉ်ကျေးမှုများက တည်ဆောက်ခဲ့သော အမွေအနှစ်များကို တစုတစည်းတည်း ခံစားကြည့်ရှုနိုင်သော၊ လက်ရှိပစ္စုပ္ပန်ကာလနှင့် အနာဂတ်ကာလကို ဆက်စပ်ဆင်ခြင်နိုင်သော၊ အကျိုးအမြတ်မယူဘဲ ပြည်သူလူထုကိုပညာပေးရန်၊ ဆက်လက်ရှင်သန်ရပ်တည်နိုင်ရန် ဆောင်ရွက်သော အဖွဲ့အစည်းလည်း ဖြစ်ပါသည်။

**မြန်မာတစ်နိုင်ငံလုံး၌ တစ်ခုတည်းသာရှိ**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်း သုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနအောက်ရှိ အမျိုးသားပြတိုက်(ရန်ကုန်)၌ ဖွင့်လှစ်သင်ကြားလျက်ရှိသည့် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်)မှ ဘွဲ့အပ်နှင်းသည့် ဘွဲ့လွန်ပြတိုက်ပညာဒီပလိုမာ (Post Graduate Diploma in Museology) P.G.D.M တစ်နှစ်သင်တန်းသည် ပြတိုက်ပညာရပ်ဖြန့်ဖြူးပေးရာ၊ ပြတိုက်ပညာရပ်ဆိုင်ရာ လူ့အရင်းအမြစ်မွေးထုတ်ပေးရာ၊ ပြတိုက်ပညာရပ်ဆိုင်ရာ ပညာများကို သင်ကြားပို့ချနေသည့် **မြန်မာတစ်နိုင်ငံလုံး၌ တစ်ခုတည်းသာရှိသည့် သင်တန်းလည်း ဖြစ်ပေသည်။**




ဘွဲ့လွန်ပြတိုက်ပညာဒီပလိုမာ တစ်နှစ်သင်တန်းကို ၂၀၀၂-၂၀၀၃ ပညာသင်နှစ် နိုဝင်ဘာ ၂၆ ရက်မှ စတင်၍ အမှတ်စဉ်(၁)ကို ဖွင့်လှစ်ခဲ့ရာ ၂၀၂၁-၂၀၂၂ ခုနှစ် ပညာသင်နှစ်တွင် အမှတ်စဉ် ၁၉ အထိ ဖွင့်လှစ်နိုင်ခဲ့ပြီး ဘွဲ့လွန်ပြတိုက်ပညာဒီပလိုမာ ရရှိပြီးသူဦးရေ ၃၁၅ ဦးနှင့် တက်ရောက်ဆဲ ၁၂ ဦး စုစုပေါင်း ၃၂၇ ဦးသာ ရှိနေပါသေးသည်။ သို့ဖြစ်ရာ မြန်မာနိုင်ငံအရပ်ရပ်ရှိပြတိုက်များတွင် တာဝန်ထမ်းဆောင်နေကြသည့် ပြတိုက်ဝန်ထမ်းများနှင့် ပြင်ပမှ ပြတိုက်ပညာရပ်ကို စိတ်ပါဝင်စား သင်ကြားတတ်မြောက်လိုသည့် မျိုးဆက်သစ်များ၊ ပြတိုက်လောကသို့ အသစ်ဝင်ရောက်လာမည့်သူများအတွက် ပြတိုက်ပညာရပ်များကို ကျွမ်းကျင်တတ်မြောက် သင်ကြားနိုင်စေရန် အခွင့်အလမ်းအနေဖြင့် ၂၀၂၂-၂၀၂၃ ပညာသင်နှစ်တွင် ဖွင့်လှစ်မည့် ဘွဲ့လွန်ပြတိုက်ပညာဒီပလိုမာသင်တန်း အမှတ်စဉ် (၂၀) ကို ၂၀၂၂ ခုနှစ် နိုဝင်ဘာလနောက်ဆုံးပတ်တွင် ဖွင့်လှစ်တော့မည်ဖြစ်ပါသည်။

**ဘွဲ့လွန်ပြတိုက်ပညာဒီပလိုမာသင်တန်း ဖွင့်လှစ်ရသည့် ရည်ရွယ်ချက်များမှာ-**

မြန်မာနိုင်ငံရှိပြတိုက်များ၏အခန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် နိုင်ငံတကာစံနှုန်းနှင့်ညီသည့် ပြတိုက်ပညာရပ်များ တိုးတက်ပြန့်ပွားစေရန်အတွက်၊ ဘွဲ့လွန်ပြတိုက် ပညာဒီပလိုမာသင်တန်း ဖွင့်လှစ်ရသည့် ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(၁) မြန်မာနိုင်ငံရှိ ပြတိုက်ပညာရပ်ဆိုင်ရာ နည်းပညာများကို စိတ်ပါဝင်စားသည့် မျိုးဆက်သစ်များသို့ လက်ဆင့်ကမ်း ပို့ချပေးရန်၊

(၂) မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များကို စနစ်တကျ စုဆောင်းခြင်း၊ ထိန်းသိမ်းခြင်း၊ ခင်းကျင်းပြသခြင်း၊ ပြတိုက်ပညာရပ်ဆိုင်ရာ ဈေးကွက်သုတေသနပြုခြင်း၊ ပညာပေးခြင်း စသည့် ပြတိုက်ပညာရပ်ဆိုင်ရာ နည်းပညာများကို စနစ်တကျ နားလည်တတ်မြောက်လာခြင်းဖြင့် ပြတိုက်များတွင် လက်တွေ့အသုံးချနိုင်ရန်၊

(၃) ပြတိုက်ပညာရပ်ဆိုင်ရာ ဘွဲ့၊ ဒီဂရီ၊ သင်တန်းများ စဉ်ဆက်မပြတ် ဖွင့်လှစ်နိုင်ခြင်းဖြင့် လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်နိုင်ရန်၊

(၄) ဘွဲ့လွန်ပြတိုက်ပညာဒီပလိုမာဘွဲ့ရရှိသူများထဲမှ ထူးချွန်ပြီး သင်ကြားရေးတွင် စိတ်ပါဝင်စားသူများအား ပြတိုက်ပညာရပ်ဆိုင်ရာ နည်းပြများအဖြစ် မွေးထုတ်ရန်၊

(၅) မြန်မာနိုင်ငံတွင် နောင်အနာဂတ်အတွက် ပြတိုက်ပညာရပ်ဆိုင်ရာ ပညာရှင်များ ပေါ်ထွက်လာခြင်းဖြင့် ပြတိုက်နယ်ပယ်၌ ပညာရှင်မျိုးဆက် မပြတ်စေရန်။

**ပြတိုက်ပညာသင်တန်းများပို့ချဖွင့်လှစ်မည့်နေရာ**

ဘွဲ့လွန်ပြတိုက်ပညာဒီပလိုမာသင်တန်းကို အမျိုးသားပြတိုက်(ရန်ကုန်) ၆၆/၇၄ ပြည်လမ်း ဒဂုံမြို့နယ်၌ ဖွင့်လှစ်သင်ကြားမည်ဖြစ်ပြီး ဘွဲ့လွန်ဒီပလိုမာဖြစ်သည်နှင့်အညီ ဘွဲ့တစ်ခုခုရရှိပြီးသည့် မည်သူမဆို တက်ရောက်နိုင်ပါသည်။

ဘွဲ့လွန်ပြတိုက်ပညာဒီပလိုမာသင်တန်းတွင် သင်ကြားမည့် ပထမနှစ်ဝက်၊ ဒုတိယနှစ်ဝက်အလိုက် ဘာသာရပ်သင်ရိုးများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

| | | |
|---|---|---|
| 1 | E 1001 | English |
| 2 | MU-5101/5201 | Museum Administration & Management |
| 3 | MU-5102/5202 | Museum Collection Management & Storage |
| 4 | MU-5103/5203 | Museology & Related Studies |
| 5 | MU-5104/5204 | Museum Exhibition Technology |
| 6 | MU-5105/5205 | Museum Conservation &Research |
| 7 | MU-5106/5206 | Museum Marketing, Museum Education & Public Relation |
| 8 | MU-5207 | Museum Tour Report, Dissertation |
| 9 | MU-5208 | Display |

အင်္ဂလိပ်စာဘာသာရပ်ကို ထည့်သွင်းသင်ကြားရသည်မှာ ပြတိုက်ပညာရပ်ဆိုင်ရာTerminology၊ ဝေါဟာရအသုံးချပုံများနှင့်Museol-ogy Field တွင် ပညာရပ်ကို ပိုမိုနားလည်နိုင်စေရေးအတွက် ထည့်သွင်းသင်ကြားပေးခြင်း ဖြစ်ပေသည်။

*စာမျက်နှာ ၂၁ သို့*

**✻ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနအောက်ရှိ အမျိုးသားပြတိုက်(ရန်ကုန်) ၌ ဖွင့်လှစ်သင်ကြားလျက်ရှိသည့် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်)မှ ဘွဲ့အပ်နှင်းသည့် ဘွဲ့လွန်ပြတိုက်ပညာဒီပလိုမာ (Post Graduate Diploma in Museology) P.G.D.M တစ်နှစ်သင်တန်းသည် ပြတိုက်ပညာရပ်ဖြန့်ဖြူးပေးရာ၊ ပြတိုက်ပညာရပ်ဆိုင်ရာ လူ့အရင်းအမြစ်မွေးထုတ်ပေးရာ၊ ပြတိုက်ပညာရပ်ဆိုင်ရာပညာများကို သင်ကြားပို့ချနေသည့် မြန်မာတစ်နိုင်ငံလုံး၌ တစ်ခုတည်းသာရှိသည့် သင်တန်းလည်းဖြစ်**

# အုတ်တွင်းမြို့နယ်၌ စပါးခြွေလှေ့စက်ဖြင့် မိုးစပါးစံကွက်ရိတ်သိမ်းခြင်း ကျင်းပ



**အုတ်တွင်း အောက်တိုဘာ ၁၈**

ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ် နတ်စင်ကုန်းကျေးရွာအုပ်စု ကွင်းအမှတ် (၃၃၅)/ ဦးပိုင်အမှတ် (၁၀) တောင်သူ ဦးတင်အုန်း၏ မိုးစပါးနှံကောက်မျိုးစေ့ထုတ်စံပြကွက်ခြွေလှေ့စက်ဖြင့် စံကွက်ရိတ်သိမ်းခြင်း အခမ်းအနားကို အောက်တိုဘာ ၁၇ ရက်က အဆိုပါ စံပြကွက်၌ ကျင်းပသည်။

အဆိုပါ အခမ်းအနားသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးညီညီနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ဆန်းဦးနှင့် ဝန်ထမ်းများ၊ သက်ဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြည့်ရှုအားပေးခဲ့သည်။

အုတ်တွင်းမြို့နယ်အနေဖြင့် ၂၀၂၂ ခုနှစ် မိုးစပါးမျိုးစေ့ထုတ် စိုက်ဧက ၂၅၀ရှိပြီး ယနေ့မှစတင်၍ မိုးစပါးမျိုးစေ့ထုတ် စံပြကွက် ခုနစ်ဧကအနက် သုည ဒသမ ၁၀ ဧကကို စပါးခြွေလှေ့စက်ဖြင့် စံကွက်ရိတ်သိမ်းခဲ့ရာ စပါးအစို ၁၄၈ ဒသမ ၄၄ တင်း၊ အခြောက် ၁၄၁ ဒသမ ၀၂ တင်း ထွက်ရှိခဲ့ကြောင်း မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

**အေမင်းရည်စော (ပြန်/ဆက်)**

# ဇလွန်မြို့နယ်အတွင်းရှိ သက်ကြီးဘိုးဘွားများအား လူမှုရေးပင်စင်ထောက်ပံ့ငွေ ပေးအပ်

**ဇလွန် အောက်တိုဘာ ၁၈**

ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ်အတွင်း အသက် ၈၅ နှစ်နှင့်အထက် သက်ကြီးဘိုးဘွားများအား လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာနမှ ၂၀၂၂ - ၂၀၂၃ ဘဏ္ဍာနှစ် ဒုတိယသုံးလပတ် (ဇူလိုင်၊ ဩဂုတ်၊ စက်တင်ဘာ) လများအတွက် လူမှုရေးပင်စင် ထောက်ပံ့ပေးအပ်ပွဲကို အောက်တိုဘာ ၁၇ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်ခဲ့သည်။

ထိုသို့ထောက်ပံ့ပေးရာတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာနမှ ဇလွန်မြို့နယ်အတွင်းရှိ အသက် ၈၅ နှစ်နှင့်အထက် သက်ကြီးဘိုးဘွားများအား တစ်လလျှင် ထောက်ပံ့ငွေကျပ် တစ်သောင်းနှုန်းဖြင့် သုံးလတစ်ကြိမ် ထောက်ပံ့ပေးအပ်လျက်ရှိရာ ယခုအခါ ၂၀၂၂ - ၂၀၂၃ ဘဏ္ဍာနှစ် ဒုတိယသုံးလပတ် ( ဇူလိုင်၊ ဩဂုတ်၊ စက်တင်ဘာ)လများအတွက် ထောက်ပံ့ပေးအပ်ခြင်းဖြစ်ပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထွန်းထွန်းလင်းနှင့် တာဝန်ရှိသူများ၊ မြို့နယ်လူမှုဝန်ထမ်းဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်အေးသန့်ဗိုလ်တို့က အသက် ၈၅ နှစ်နှင့်အထက် သက်ကြီးဘိုးဘွား ၁၀၇၀ အတွက် တစ်ဦးလျှင် ငွေကျပ်သုံးသောင်းနှုန်းဖြင့် စုစုပေါင်း ထောက်ပံ့ငွေကျပ်သိန်း ၃၂၁၀၀၀၀၀ ကို သက်ဆိုင်ရာ ရပ်ကွက်၊ကျေးရွာအုပ်ချုပ်ရေးမှူးများအား ပေးအပ်ခဲ့ပြီး ရပ်/ကျေး အုပ်ချုပ်ရေးမှူးများက လူမှုရေးပင်စင်ရရှိသူ ဘိုးဘွားများထံသို့တစ်ဆင့် ပြန်လည်ထောက်ပံ့ပေးမည်ဖြစ်ကြောင်း သိရသည်။



**ဝေယံ (ပြန်/ဆက်)**

## လေပြင်းတိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးခဲ့ရသော အိမ်ထောင်စုများအား ထောက်ပံ့

**လေးမျက်နှာ အောက်တိုဘာ ၁၈**

ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ်၌ မိုးသည်းထန်စွာရွာသွန်းပြီး လေပြင်းတိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးခဲ့ရသော အိမ်ထောင်စုများအား အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် အောက်တိုဘာ ၁၇ ရက်က ထောက်ပံ့ငွေများ ပေးအပ်ခဲ့သည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဟင်္သာတခရိုင် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ဦးစီးဌာနမှူးရုံးတာဝန်ရှိသူများနှင့် လေးမျက်နှာမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့တို့က ကွမ်းခြံကုန်းကျေးရွာအုပ်စု၊ အိုင်သပြူကျေးရွာအုပ်စု၊ ဝါးရုံချောင်းကျေးရွာအုပ်စု၊ သခွတ်ချောင်းကျေးရွာအုပ်စု၊ ကြီးပေါက်ကုန်းကျေးရွာအုပ်စု၊ ဘိသလွန်ကျေးရွာအုပ်စုနှင့် ခတ္တာကျေးရွာအုပ်စုတို့ရှိ ကျေးရွာများတွင် အောက်တိုဘာ ၁၄ ရက်က မိုးသည်းထန်စွာရွာသွန်းပြီး လေပြင်းတိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးခဲ့ရသော အိမ်ထောင်စု ၁၅ စုအတွက် အိမ်ဆောက်ပစ္စည်းဖိုးငွေကျပ် ၇၈၀၀၀၀၊ လူဦးရေ ၆၃ ဦးအတွက် ဆန် ရိက္ခာဖိုးငွေကျပ် ၁၃၂၃၀၀နှင့် ကယ်ဆယ်ရေးပစ္စည်း ၁၇ မျိုးပါဝင်သော ပစ္စည်းငါးစုံနှင့် နှာခေါင်းစည်း ၁၀၄ ခုတို့ကို လေပြင်းဘေးသင့် အိမ်ထောင်စုများထံ ထောက်ပံ့ပေးအပ်ကြောင်း သိရသည်။

**ကျော်ဟိန်း(လေးမျက်နှာ)**

*စာမျက်နှာ ၂၀ မှ*

Museum Administration and Management ဘာသာရပ်သည် ပြတိုက်၏ အဓိပ္ပာယ်နှင့်ဆိုလိုချက်များ၊ ပြတိုက်အမျိုးအစားများ၊ သီအိုရီများ၊ ပြတိုက်များ စဉ်ဆက်မပြတ်ပြောင်းလဲမှုများ၊ ပြတိုက်၏ အုပ်ချုပ်မှုပြတိုက်ဆိုင်ရာ စီမံခန့်ခွဲမှုများ၊ ခေါင်းဆောင်မှုပညာရပ်များ၊ ပြတိုက်ဗိသုကာ၊ ပြတိုက်မှူးများ၏ တာဝန် ဝတ္တရားများ၊ ပြတိုက်၏ မူဝါဒများ၊ ပြတိုက်ဥပဒေ ၊ ပြတိုက်ဆိုင်ရာအဓိပ္ပာယ် သတ်မှတ်ချက်များကို သင်ကြားပေးသည့်ဘာသာရပ်ဖြစ်ပါသည်။

Museum Collection Management & Storage ဘာသာရပ်တွင် ပြတိုက် ပစ္စည်းစုဆောင်းရေးမူဝါဒ၊ စုဆောင်းရေးနည်းပညာမိတ်ဆက်၊ ပြတိုက်ပစ္စည်း စုဆောင်းရေးလက်စွဲ၊ စုဆောင်းရေး လုပ်ထုံးလုပ်နည်းများ၊ ကတ်တလောက် ပြုစုခြင်း၊ ပြသပစ္စည်းရောက်ရှိပုံစံ၊ ထွက်ခွာပုံစံ၊ ရွှေ့ပြောင်းခြင်းပုံစံ၊ ပြသပစ္စည်း နံပါတ်တပ်ခြင်းပုံစံ၊ အမှတ်အသားပြုခြင်းပုံစံ၊ ဒစ်ဂျစ်တယ်နည်းပညာ အသုံးပြုခြင်းနည်းလမ်းများကို သင်ကြားပါသည်။

Museology & Related Studies ဘာသာရပ်တွင် ပြတိုက်နှင့် ဆက်စပ်သော ဘူမိဗေဒပညာရပ်၊ ပြတိုက်နှင့်ဆက်စပ်သော မနုဿဗေဒပညာရပ်၊ ပြတိုက်ပညာနှင့် ရှေးဟောင်းသုတေသနပညာရပ် ဆက်စပ်မှု၊ အနုပညာရပ်ဆိုင်ရာဆက်နွယ်မှုနှင့် ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်ပစ္စည်းများအား ထိန်းသိမ်းစောင့်ရှောက်ခြင်းများကို သင်ကြားပေးပါသည်။

Museum Exhibition Technology ဘာသာရပ်တွင် ပြတိုက် ခင်းကျင်းမှု နည်းပညာများ၊ အယူအဆများ၊ မူဝါဒများ၊ ပြခန်းအလင်းပေးခြင်းနည်းစနစ်၊ ဒစ်ဂျစ်တယ်နည်းပညာအသုံးပြု၍ ပြခန်းများ ခင်းကျင်းခြင်းနည်းပညာ စသည်တို့ကို သင်ကြားပေးပါသည်။

Museum Conservation & Research ဘာသာရပ်တွင် ပြတိုက် ပစ္စည်းများ ကိုင်တွယ်ခြင်းနည်းစနစ်များ၊ ပြတိုက်ပစ္စည်းများ လုံခြုံမှု၊ သုတေသနနည်းစနစ်များ၊ ပြတိုက်ပစ္စည်းများ ထိန်းသိမ်းမှုနည်းစနစ်များ စသည်တို့ကိုသင်ကြားပေးပါသည်။

Museum Marketing, Museum Education & Public Relation ဘာသာရပ်တွင် ပြတိုက်ပညာပေးခြင်း၊ ပြတိုက်လူထုဆက်ဆံရေး၊ ပြတိုက်ဈေးကွက် ဖော်ဆောင်ခြင်း၊ ပြတိုက်ဈေးကွက်သုတေသနပြုခြင်း စသည်တို့ကို သင်ကြားပေးပါသည်။

**မိမိစိတ်ဝင်စားသည့် စာတမ်းခေါင်းစဉ်ရွေးချယ်၍ တင်သွင်းရမည်ဖြစ်**

ပြတိုက်၊ ပြခန်း၊ ရှေးဟောင်းဇုန်များ၊ ပြပွဲများအလိုက်ခရီးသွားလေ့လာချက် စာတမ်းရေးသားပြုစုတင်သွင်းခြင်းနှင့် ပြတိုက်ပညာရပ်ဆိုင်ရာ အကြောင်းအရာများ၊ ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ် ထိန်းသိမ်းခြင်း၊ ယဉ်ကျေးမှုအမွေအနှစ်ဇုန်များနှင့် ပြတိုက်များ ဆက်နွယ်မှုစသည့် မိမိစိတ်ဝင်စားသည့် စာတမ်းခေါင်းစဉ်ရွေးချယ်၍ ဘွဲ့ယူစာတမ်းရေးသားပြုစုခြင်းတို့ တင်သွင်းရမည်ဖြစ်ပေသည်။

လက်တွေ့ခင်းကျင်း လုပ်ကိုင်ဆောင်ရွက်ခြင်းဖြင့် ပြတိုက်ခင်းကျင်းရေးဆိုင်ရာ စိတ်ကူးစိတ်သန်းများ၊ ကိုယ်ပိုင်ဖန်တီးမှုနှင့် အရည်အသွေးများ တိုးတက်ဖွံ့ဖြိုးရန် ရည်ရွယ်၍ လက်တွေ့ခင်းကျင်းမှုနည်းပညာကို အဖွဲ့လိုက်ခွဲကာ လက်တွေ့ခင်းကျင်းမှု လုပ်ဆောင်ရပေမည်။

ထိရောက်သော ဘွဲ့လွန်ပြတိုက်ပညာ ဒီပလိုမာတစ်ခုဖြစ်လာရန်မှာ ကျယ်ပြန့်သော စာတွေ့၊ လက်တွေ့၊ အသိပညာဗဟုသုတများကိုပါထည့်သွင်းသင်ကြားရပေသည်။ ပြတိုက်ပညာရပ်များ သင်ကြားတတ်မြောက်ခြင်းဖြင့် မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်များကိုပြည်တွင်းပြည်ပဧည့်သည်တော်များ ပိုမိုစိတ်ဝင်စား သိမြင်လာရေးအတွက် လူထုပညာပေးရေး၊ လူထုဆက်ဆံရေး ပြတိုက်ပညာကဏ္ဍ တိုးမြှင့်ဆောင်ရွက်နိုင်စေခြင်း၊ ယဉ်ကျေးမှုအမွေအနှစ်များ စုဆောင်းခြင်း၊ ထိန်းသိမ်းခြင်း၊ ခင်းကျင်းပြသခြင်းနှင့် ပညာရပ်ဆိုင်ရာ အချက်အလက်များ ရယူနိုင်စေရန် ပြတိုက်ကို ပြည်သူလူထုပိုမိုသိရှိအသုံးပြုနိုင်မည့် နည်းလမ်းများကို သိရှိနိုင်မည်ဖြစ်ပါသည်။

**ဖက်ရှင်ကျသည့် ပြတိုက်မှူးတစ်ဦးဖြစ်နိုင်စေရန် အခွင့်အလမ်းတစ်ခုလည်းဖြစ်**

နိုင်ငံတကာတွင် ပြတိုက်ပညာရပ်သည် ငွေကြေးများစွာ ပေးတက်ရပြီး အလွန် အဖိုးတန်လှသည့် ပညာရပ်ဖြစ်ပေသည်။ ဘွဲ့လွန်ပြတိုက်ပညာ ဒီပလိုမာသင်တန်း တက်ရောက်တတ်မြောက်ပြီးလျှင် ပရော်ဖက်ရှင်ကျသည့် ပြတိုက်မှူးတစ်ဦးဖြစ်နိုင်စေရန် လှမ်းတက်နိုင်သည့် အခွင့်အလမ်းတစ်ခုလည်း ဖြစ်ပေသည်။

ပြတိုက်ပညာရပ်ဆိုင်ရာ နားလည်တတ်ကျွမ်းသည့် ပြတိုက်လုပ်ငန်းနယ်ပယ်တွင် လုပ်ငန်းခွင်ဝင်ရောက်ရန် အသင့်ဖြစ်သော လူ့စွမ်းအားအရင်းအမြစ်များကို မွေးထုတ်ပေးသည့် ဤသင်တန်းသည် ပြတိုက်ပညာရပ်များကို စိတ်ဝင်စားသူ၊ ပြတိုက်ပညာရပ်များ သင်ကြားတတ်မြောက်လိုသူများအနေဖြင့် တက်ရောက်သင့်သည့် သင်တန်းတစ်ခုဖြစ်ပေသည်ဟု သတင်းစကားပါးအပ်ပါသည်။ ။

**ကိုးကား-**

**ဘွဲ့လွန်ပြတိုက်ပညာ ဒီပလိုမာသင်တန်း၊ သင်ရိုးညွှန်းတမ်းနှင့် သင်ရိုးမာတိကာ**





# နိုင်ငံတော်တည်ဆောက်ရေးတွင် အသိပညာ၊ အတတ်ပညာများ ပြည့်ဝသည့် မျိုးဆက်သစ် နိုင်ငံ့သားကောင်းများကို ပြုစုပျိုးထောင်ပေးသည့် ဆရာ ဆရာမများ၏ အခန်းကဏ္ဍသည် အရေးကြီး

လွိုင်ကော် အောက်တိုဘာ ၁၈

**၂၀၂၁-၂၀၂၂ ပညာသင်နှစ် ပညာရေးဘွဲ့ စာပေးစာယူပထမနှစ် (၂/၂၂) သင်တန်းသား သင်တန်းသူများအား ကြိုဆိုပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက လွိုင်ကော်ပညာရေးဒီဂရီကောလိပ် ကယားသဇင်ခန်းမ၌ ကျင်းပခဲ့ရာ ကယားပြည်နယ် ဝန်ကြီးချုပ် ဦးဇော်မျိုးတင်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ဆရာ ဆရာမများ၊ သင်တန်းသား သင်တန်းသူများ တက်ရောက်ခဲ့ကြသည်။**



ဦးစွာ ကယားပြည်နယ်ဝန်ကြီးချုပ်က ကြိုဆိုနှုတ်ဆက်စကားပြောကြားရာတွင် နိုင်ငံတော်တည်ဆောက်ရေးတွင် အသိပညာ၊ အတတ်ပညာများ ပြည့်ဝသည့် မျိုးဆက်သစ် နိုင်ငံ့သားကောင်းများကို ပြုစုပျိုးထောင်ပေးသည့် ဆရာ ဆရာမများ၏ အခန်းကဏ္ဍသည် အရေးကြီးကြောင်း၊ ဆရာ ဆရာမများ၏ သင်ကြားမှုအရည်အသွေးကို မြှင့်တင်ရန် ခေတ်စနစ်နှင့်အညီ အတတ်ပညာ ဖွံ့ဖြိုးတိုးတက်မှုများကို စဉ်ဆက်မပြတ်လေ့လာ၊ လိုက်နာသင်ယူနေရမည်ဖြစ်ကြောင်း၊ သင်တန်းပြီးဆုံး၍ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရာတွင် ပညာရေးကဏ္ဍသာမက ကျန်းမာရေး၊ လူမှုရေး၊ ရပ်ရွာဖွံ့ဖြိုးတိုးတက်ရေး ကျရာအခန်းကဏ္ဍအသီးသီးတွင် ပါဝင်ဆောင်ရွက်နိုင်သည့် လူထုအကျိုးပြုသူများအဖြစ် စွမ်းဆောင်ရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က သင်တန်းသား သင်တန်းသူ၊ ဆရာ ဆရာမများ၏ ကျွေးမွေးစရိတ်အတွက် ထပ်ဆောင်းထောက်ပံ့ငွေများကို ပေးအပ်ခဲ့ရာ လွိုင်ကော်ပညာရေး ဒီဂရီကောလိပ် ကျောင်းအုပ်ကြီး ဒေါ်ချယ်ရီထွန်းက လက်ခံရယူခဲ့ပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက သင်တန်းသား သင်တန်းသူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက် အားပေးစကား ပြောကြားခဲ့သည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက လွိုင်ကော်ပညာရေးဒီဂရီကောလိပ်ရှိ စာသင်ဆောင်များတွင် သင်ကြားနေမှုများ၊ စက်မှု၊ ပန်းချီ၊ ဂီတ၊ ကာယ၊ အိမ်တွင်းမှုပညာနှင့် သိပ္ပံလက်တွေ့ခန်းများ၊ စာကြည့်တိုက်များသို့ လှည့်လည်ကြည့်ရှုပြီး သင်ကြားရေးဆိုင်ရာ လိုအပ်ချက်များ အပေါ်တွင် ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ဖြည့်ဆည်းဆောင်ရွက်ပေးမည့် အခြေအနေများကို မှာကြားခဲ့သည်။

အဆိုပါ သင်တန်းသို့ ပြည်နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ အရည်အချင်းပြည့်မီသူ ဆရာ ဆရာမ စုစုပေါင်း ၁၇၅ ဦး တက်ရောက်မည်ဖြစ်ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

# သဃ်န်းကျွန်းမြို့နယ်၌ သတင်းရေးသားနည်း သင်တန်းဖွင့်

**တာမွေ အောက်တိုဘာ ၁၈**

ပြန်ကြားရေးဝန်ကြီးဌာန၏ ရည်မှန်းချက်တာဝန်တစ်ရပ်ဖြစ်သည့် ပြန်ကြားပေးရန်ဆိုသည့် စကားအတိုင်း မိမိတို့ဒေသအတွင်း နေ့စဉ်ဖြစ်ပေါ်နေသော သတင်းအချက်အလက်များကို ပြည်သူများ အချိန်နှင့်တစ်ပြေးညီ မှန်ကန်မြန်ဆန်စွာ သိရှိနိုင်စေရန်နှင့် မိမိတို့နယ်မြေဒေသအတွင်း သတင်းတာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများ၏ အရည်အသွေးများ မြင့်မားတိုးတက်လာစေရန် ရည်ရွယ်၍ ယနေ့နံနက်ပိုင်းက ရန်ကုန်အရှေ့ပိုင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏စီစဉ်မှုဖြင့် ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ်ရှိ လူထုအခြေပြုဗဟိုဌာန၌ သတင်းရေးသားနည်းသင်တန်းကို ကိုဗစ်-၁၉ ရောဂါကြိုတင်ကာကွယ်ရေး လမ်းညွှန်ချက်များနှင့်အညီ ဖွင့်လှစ်သင်ကြားပေးခဲ့သည်။



အဆိုပါ သင်တန်းတွင် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်လှလှနွယ်က သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်အား ရှင်းလင်းပြောကြားခဲ့ပြီး တာမွေမြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခတ်ပုံကျွမ်းကျင်-၂ ဦးနိုင်လင်းအောင် (တာမွေ)က သဃ်န်းကျွန်းမြို့နယ်၊ တာမွေမြို့နယ်၊ တောင်ဥက္ကလာပမြို့နယ်၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ်၊ ဒေါပုံမြို့နယ်၊ ဗိုလ်တစ်ထောင်မြို့နယ်၊ ပုဇွန်တောင်မြို့နယ်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကင်းမြို့နယ်နှင့် သာကေတမြို့နယ်တို့တွင် သတင်းတာဝန်ထမ်းဆောင်လျက်ရှိသော ဝန်ထမ်း ၂၀ အား သတင်းဆိုသည့် အဓိပ္ပာယ်၊ သတင်းဓာတ်ပုံရိုက်ကူးနည်း၊ သတင်းအချက်အလက် စုဆောင်းနည်း၊ သတင်းနှင့် သတင်းဆောင်းပါးတို့ကို သဒ္ဒါအသုံးအနှုန်း၊ ဝါကျဖွဲ့စည်းပုံနှင့် သတ်ပုံစာလုံးပေါင်း မှန်ကန်ပြီး နည်းစနစ်ကျနစွာ ရေးသားနည်းများကို စာတွေ့လက်တွေ့ သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။

အဆိုပါ သင်တန်းတက်ရောက်ခြင်းအားဖြင့် သတင်းတာဝန်ထမ်းဆောင်လျက်ရှိသော ဝန်ထမ်းများ၏ စွမ်းဆောင်ရည်များ ယခင်ကထက် ပိုမိုမြင့်မားလာနိုင်ပြီး ပြည်သူများအနေဖြင့် နယ်မြေဒေသအတွင်းရှိ သတင်းများကို တိကျမှန်ကန်စွာဖြင့် အချိန်နှင့်တစ်ပြေးညီ သိရှိလာနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

ထက်တံခွန် (တာမွေ)

### ဆိပ်ဖူးကုန်းကျေးရွာ၌
# ဗို့ ၄၀၀ လျှပ်စစ်မီးသွယ်တန်းခြင်းလုပ်ငန်း ၉၀ ရာခိုင်နှုန်းပြီးစီး


**ကော့ကရိတ် အောက်တိုဘာ ၁၈**

ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းစီမံကိန်း(VDP)ထောက်ပံ့ရန်ပုံငွေ၊ ပြည်သူထည့်ဝင်ငွေတို့ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်သည့် ဆိပ်ဖူးကုန်းကျေးရွာ၌ ကျေးရွာတွင်း ဗို့ ၄၀၀ လျှပ်စစ်မီးသွယ်တန်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးငွေစိုးနှင့် ဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ ဆိပ်ဖူးကုန်းကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း(VDP)ဖြင့် ဆောင်ရွက်သည့် ကျေးရွာတွင်း ဗို့ ၄၀၀ လျှပ်စစ်မီးသွယ်တန်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းအရည်အသွေးကောင်းမွန်ရေး၊ အချိန်မီပြီးစီးရေးနှင့် လျှပ်စစ်အန္တရာယ်ကင်းစင်ရေးတို့ကို ဆွေးနွေးမှာကြားသည်။

အဆိုပါ ကျေးရွာတွင် ကျေးရွာတွင်း ဗို့ ၄၀၀ လျှပ်စစ်မီးသွယ်တန်းခြင်းလုပ်ငန်းကို ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း(VDP) ထောက်ပံ့ရန်ပုံငွေကျပ်သိန်း ၁၀၀၊ ပြည်သူထည့်ဝင်ငွေကျပ် ၁၀၇ ဒသမ ၅၄ သိန်းတို့ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြစ်ပြီး ယခုအခါလုပ်ငန်းအားလုံး၏ ၉၀ ရာခိုင်နှုန်းဆောင်ရွက် ပြီးစီးနေပြီဖြစ်ကြောင်း ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူးက ပြောသည်။

စိုးမိုးကျော်



# မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင် ၁၀ ခရိုင်၌ ဆောင်းနေကြာ စိုက်ဧက ၂၄၀၀၀၀ ကျော် စိုက်ပျိုးမည်

**မန္တလေး အောက်တိုဘာ ၁၈**

ယခုဘဏ္ဍာနှစ်တွင် မန္တလေးတိုင်းဒေသကြီးအတွင်း ဆီစားသုံးမှုဖူလုံစေရေးအတွက် ခရိုင် ၁၀ ခရိုင်၌ ဆီထွက်သီးနှံဖြစ်သော ဆောင်းနေကြာစိုက်ဧက ၂၄၀၀၀၀ ကျော်ကို လျာထားစိုက်ပျိုးမည်ဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

အဆိုပါ ဆောင်းနေကြာစိုက်ဧကများကို ခရိုင် ၁၀ ခရိုင်ရှိ မြို့နယ် ၂၄ မြို့နယ်၌ လျာထားစိုက်ဧက ၂၄၀၀၀၀ ကျော်ကို ယခုလ အောက်တိုဘာလပထမပတ်မှစ၍ စိုက်ပျိုးနေကြောင်း၊ နေကြာကို စတင်စိုက်ပျိုးစဉ်မှ ရိတ်သိမ်းချိန်အထိ သက်တမ်းမှာ ၈၅ ရက်ရှိကြောင်း၊ တောင်သူများအနေဖြင့် နေကြာကို သီးထပ်သီးညှပ်အဖြစ် ဝင်ငွေတိုးပွားစေရန် စိုက်ပျိုးကြကြောင်း၊ ဆီထွက်သီးနှံများစိုက်ပျိုးရာတွင် နေကြာအပြင် မြေပဲ၊ နှမ်း၊ ပန်းနှမ်းနှင့် ဆီမုန်ညင်းများကိုလည်း စိုက်ပျိုးကြကြောင်း သိရသည်။

"တိုင်းဒေသကြီးအတွင်း ဆီစားသုံးမှုဖူလုံစေရေးအတွက် စိုက်ပျိုးရေးဦးစီးဌာနကနေပြီးတော့ ဘဏ္ဍာနှစ်အလိုက် ဆီထွက်သီးနှံများကို စိုက်ပျိုးပြီး တစ်ဖက်တစ်လမ်းကနေ ဆောင်ရွက်ပေးနေပါတယ်။ နေကြာဆီက ကျန်းမာရေးနဲ့ ညီညွတ်တယ်။ ပြည်သူများအနေနဲ့ နေကြာဆီကို စားသုံးခြင်းကြောင့် အကျိုးကျေးဇူးတွေအနေနဲ့ နှလုံးသွေးကြောကျဉ်းရောဂါ၊ အာရုံကြောရောဂါ၊ နှလုံးရောဂါ၊ ကင်ဆာရောဂါစတဲ့ ရောဂါများကိုလည်းကာကွယ်ပေးပါတယ်"ဟု တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

အဆိုပါ ဆောင်းနေကြာသီးနှံကို တိုင်းဒေသကြီးအတွင်း ခရိုင် ၁၀ ခရိုင်၌ ဧကအလိုက်လျာထားစိုက်ပျိုးရာတွင် ကျောက်ဆည်ခရိုင်၌ ၃၃၂၁၉ ဧက၊ ညောင်ဦးခရိုင်၌ ၁၂၃၄၇ ဧက၊ တံတားဦးခရိုင်၌ ၃၂၀၅၄ ဧက၊ ပြင်ဦးလွင်ခရိုင်၌ ၁၉၈၂ ဧက၊ မိတ္ထီလာခရိုင်၌ ဧက ၂၄၃၃၀၊ မြင်းခြံခရိုင်၌ ၃၈၂၉၆ ဧက၊ ရမည်းသင်းခရိုင်၌ ၈၁၇၇၇ ဧက၊ သပိတ်ကျင်းခရိုင်၌ ၉၃၂၄ ဧက၊ အမရပူရခရိုင်၌ ၂၉၇ ဧက၊ အောင်မြေသာစံခရိုင်၌ ၇၂၇၇ ဧက စသည့်ခရိုင်များ၌ ဆောင်းဆီထွက်သီးနှံဖြစ်သော ဆောင်းနေကြာ လျာထားစိုက်ဧက စုစုပေါင်း ၂၄၀၉၀၃ ဧကကို စိုက်ပျိုးဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

မင်းထက်အောင်

## အမျိုးသားတံခွန်စိုက်ဖလားအလွတ်တန်း ဘတ်စကက်ဘော အမျိုးသား၊ အမျိုးသမီး ဗိုလ်လုပွဲပြိုင်ပွဲကျင်းပ

**ရန်ကုန် အောက်တိုဘာ ၁၈**

၂၀၂၂ ခုနှစ် အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန၊ မြန်မာနိုင်ငံ ဘတ်စကက်ဘောအဖွဲ့ချုပ်မှ ကြီးမှူးကျင်းပသောအမျိုးသားတံခွန်စိုက်ဖလား အမျိုးသား အမျိုးသမီး အလွတ်တန်းဘတ်စကက်ဘော ဗိုလ်လုပွဲပြိုင်ပွဲများကို ယနေ့ နံနက်ပိုင်းက ရန်ကုန်မြို့ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁)၌ ကျင်းပသည်။

